ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ စနေနေ့ (5-4-2014) (၇၁၀၆)

ထူးခြားသည့်နေ့အပူချိန်များ

ချောက်	၄၂	ဒီဂရီစင်တီဂရိတ်
မကွေး	၄၂	ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၂	ဒီဂရီစင်တီဂရိတ်
တောင်တွင်းကြီး	၄၂	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

ခွတ်ီး သုည ဒသမ ၂၄ လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအား ယနေ့နံနက် ၈ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသည် အာဆီယံဒေသတွင်းနှင့် အာဆီယံနိုင်ငံများအတွက် များစွာအကျိုးရှိစေမှု၊ မြန်မာနိုင်ငံတွင် ငွေကြေးအရင်းအနှီးဈေးကွက်ထူထောင်ရန် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ မြန်မာနိုင်ငံတော်

စာမျက်နှာ ၅ ကော်လံ ၃ သို့ ✪

နောင်လာမည့်အနာဂတ်အတွက် ရလဒ်ကောင်းများထွက်ပေါ်လာအောင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ခေါင်းဆောင်များက ဆောင်ရွက်ကြရန်လို

နေပြည်တော် ဧပြီ ၄

(၁၁)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Grand Amara Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံ(၁၀)နိုင်ငံမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို အာဆီယံသီချင်းဖြင့် ဖွင့်လှစ်ဂုဏ်ပြု၍ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အကဖြင့် ဖျော်ဖြေခဲ့ကြသည်။

အစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာ၌ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံဒေသအတွင်းနေ ပြည်သူများ၏ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရန်၊ လူမှုဘဝဖူလုံရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အေးအတူပူအမျှခံစားမည့် လူမှုအသိုက်အဝန်းကို ထူထောင်ရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား စည်းလုံးညီညွတ်ရေးတို့အတွက် တူညီသော အာဆီယံဒေသတစ်ခုအဖြစ် တည်ထောင်ရန်နှင့် အများပြည်သူတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် အာဆီယံအသိုက်အဝန်းအဖြစ် ထူထောင်ရန်တို့အတွက် ပံ့ပိုးကူညီပေးရန်ဖြစ်ပါကြောင်း။

အဓိကဦးစားပေး ကဏ္ဍများနှင့် ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် လှုပ်ရှားမှုများ၊ အစီအစဉ်များနှင့် စီမံချက်များရှိပါကြောင်း၊ ထို့ပြင် ၂၀၁၃ ခုနှစ် (၁၀)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးမှ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ပြည်သူ့ဗဟိုပြုလူမှုရေးဆောင်ရွက်ရန်ဆုံးဖြတ်ချက်နှင့် နှစ်ဝက်သုံးသပ်အကဲဖြတ်ချက်မှ ထွက်ရှိလာသည်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် Core Group အား ကြိုဆိုပါကြောင်း။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု နှစ်ဝက်သုံးသပ်အကဲဖြတ်ချက် အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် သွင်ပြင်လက္ခဏာ(၆)ခုကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ စီမံကိန်းအပေါ် တုံ့ပြန်ဆောင်ရွက်ချက်များနှင့် သုံးသပ်ချက်များကို ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း။

(၂၃) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကြီး၌ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်မှုမှာ လေးနှစ်အတွင်း ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးခဲ့သည့်အတွက် နှစ်ဝက် သုံးသပ်အကဲဖြတ်ချက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

(၁၁)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် **၅-၄-၂၀၁၄၊ စနေနေ့**

အရွယ်လွန်ကျန်းမာရေး

"အာရောဂျ၊ ပရမံ၊ လာဘံ" ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီး တစ်ပါးဟု ရှင်တော်ဗုဒ္ဓမိန့်ကြားခဲ့သည်။ ထို့ကြောင့်လည်း ကျန်းမာရေးကို လူသားတိုင်း အလေးထားကျင့်ကြံနေထိုင်ကြသည်။ "အစားမတော် တစ်လုတ်"ဆိုစကားအတိုင်း အစားတစ်လုတ်ကြောင့် အသက်ကိုထိ အန္တရာယ်ပေးနိုင်ရာ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ရွေးချယ်စားသောက်တတ်ဖို့ အထူးလိုအပ်ပါသည်။

"ကံ၊ စိတ်၊ ဥတု၊ အာဟာရ"အကြောင်းတရားလေးပါး ညီညွတ်မျှတရှိနေပါမှ လူတစ်ယောက်၏ ကျန်းမာရေးအတွက် လုံခြုံစိတ်ချနိုင်ပါမည်။ တစ်ပါးပါးချို့ယွင်းဖောက်ပြန်ရှိလာပြီဆိုပါလျှင် ကျန်သုံးပါးသည်လည်း ထိန်း၍မနိုင်၊ ယိမ်းယိုင်ပြိုလဲ အသက်ကိုထိ အန္တရာယ်ဖြစ်စေလာနိုင်ပါသည်။ ထို့ကြောင့်လည်းအသိ၊ သတိရှိသူတိုင်း အသက်အရွယ်လိုက်၍လုပ်ဆောင်မြဲ"ကံ" အလုပ်ကို ဝန်နှင့်အား မျှတနေအောင် ဆင်ခြင်ပြုမူတတ်ကြသည်။

စိတ်ခန္ဓာအိမ်ကိုလည်း လောဘ၊ဒေါသဝန်ထုပ်ဝန်ပိုးဒဏ်မှ လွတ်ကင်းစေပြီး "ယောနိသော မနသိကာရ" အရာရာတွင် သင့်တင့်မျှတနှလုံးသွင်းလျက် ကျင့်ကြံနေထိုင်တတ်ကြသည်။

ဥတုသပ္ပါယ မျှတသည့် ဝန်းကျင်သည်လည်း လူတစ်ယောက်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ အသက်အရွယ်ရလာ၊ ကိုယ်ခံအားကျဆင်းလာပြီး အိုမင်းမစွမ်းဖြစ်လာချိန် ပူလွန်း အေးလွန်း ကြမ်းတမ်းသော ရာသီဥတုဒဏ်ကို ခံနိုင်ရည်မရှိ ဖြစ်လာတတ်သည်။ ထိုအချိန်ကာလများတွင် မပူလွန်း မအေးလွန်းသော နေရာ အရပ်များတွင် ရွေးချယ်နေထိုင်နိုင်ဖို့ လိုအပ်ပါသည်။

"မျက်စိမှာ အကျင့်၊ ဝမ်းမှာ အချင့်" ဆိုစကားအတိုင်း အသက်အရွယ်လိုက်၍ အစာချေဖျက်နိုင်စွမ်းသည့် အစားအစာများကို ရွေးချယ်စားသောက်တတ်ဖို့အရေးကြီးလာပါပြီ။ အသက် (၄၀) ကျော်လျှင် အမိန့်ရည်ခန်း၊ ကိုယ်ခံအားကျလာပြီဖြစ်ရာ အစာအိမ်သည်လည်း အစာချေဖျက်နိုင်စွမ်းရှိသည့် "ပါစက"ဓာတ်အားနည်းလာပြီ ဖြစ်သည်။ ငယ်ငယ်တုန်းကကဲ့သို့ စားချင်သလို စား၍ မရနိုင်တော့ပါပြီ။ အစားအသောက် အနေအထိုင် ဆင်ခြင်နိုင်မှ တော်ကာကျမည့်အရွယ်တွင် မဆင်မခြင် ပြုမူနေထိုင်ပါက အန္တရာယ်ပေါင်းစုံ၊ ရောဂါပေါင်းစုံ စုပြုံဝင်ရောက်လာမည်မှာ အသေအချာပင်ဖြစ်ပါသည်။

"ဥစ္စာကို ကံစောင့် အသက်ကို ဉာဏ်စောင့်" ဆိုစကားရှိသည်။ ကျန်းမာရေးအသိပညာကို တိုးစေလျက် ဆင်ခြင်တုံတရားနှင့်ပြုမူကျင့်ကြံနေထိုင်တတ်ပါမှ လူ့ဘဝသက်တမ်းပြည့်နေခွင့်ရနိုင်ပါလိမ့်မည်။

ကျန်းမာရေး၏တန်ဖိုးကို ပထမအရွယ်၊ ဒုတိယအရွယ် ဘဝ၏အရွယ်ကောင်းတုန်းအချိန်မှာ မသိသာသော်လည်း တတိယအရွယ် အိုမင်းလာချိန် ခန္ဓာအိမ်က ဗျာဓိနိမိတ်ပြလာချိန်တွင် သတိထားလာ၊သိလာ၊ အလေးထားလာရပါပြီ။ ထိုသို့ အသိ၊ သတိမရှိ ပြုမူကျင့်ကြံနေပါကလည်း "မည်သူမပြု မိမိမှု" မို့ "ကိုယ်ပြုသည့်ကံ ကိုယ်ပဲခံ"ရမည်သာဖြစ်သည်။

"အိုလာရင် မင်းမစွမ်းတော့ပါဘူးကွာ"ဟု မိန့်ဆိုခဲ့သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ "အိုမင်းမစွမ်း" ဝေါဟာရကို ဟာသနှော အဓိပ္ပာယ်ဖွင့်ဆိုပြခဲ့သလို အိုမင်းရင့်ရော်လာချိန်တွင် အရာရာမှာ မစွမ်းမဆောင်နိုင်ဖြစ်လာခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤအရွယ် ဤကာလတွင် ကျန်းမာရေးအသိနှင့် နေထိုင်တတ်ပြီး အရေးကြုံက ကျန်းမာရေးအတွက် လိုလေသေးမရှိ ပြည့်စုံရာ မြို့ကြီးပြကြီးများနေ ဇရာအိုများအတွက် အဆင်ပြေမှုရှိနိုင်ငြားလည်း ဘဝတစ်သက်တာလုံး ဒေသနှင့် မိရိုးဖလာကျန်းမာရေးအသိသာရှိပြီး ဆေးဝါးကုသခံယူမှုအခက်အခဲရှိရာ နယ်စွန်နယ်ဖျားဒေသများနေ အရွယ်လွန်များအတွက် အခက်အခဲရှိစေနိုင်မည်မှာအမှန်ဖြစ်ပါသည်။

ဤလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော စေတနာရှင်ဆေးဝန်ထမ်းတစ်စု၏ မွန်မြတ်သောလုပ်ရပ်ကို သတင်းစာတွင် ဖတ်လိုက်ရသည်။ "ခန္တီးမြို့ရှိ အသက်(၆၀) အထက် အဘိုးအဘွားများအား ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးဒေါက်တာသင်းသင်းအိနှင့်အဖွဲ့က အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော သတင်း။ ခန္တီးမြို့ ရန်ကင်းတောင်သာသနာ့ကုန်းမြေတွင် အပတ်စဉ် စနေနေ့တိုင်း အသက် (၆၀) အထက် အဘိုးအဘွားများအား ဆေးဝါးကုသပေးနေခြင်း။ ဒေသခံ ဝေနေယျပါလ လူမှုကူညီရေးအသင်းကလည်းအားဖြည့်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လိုအပ်ချိန်မှာ နွေးထွေးမှုအပြည့်နှင့် စောင့်ရှောက်မှုပေးနေကြသူစေတနာရှင်တစ်စုအား ကြေးမုံမှ ဂုဏ်ပြုလိုက်ရပါသည်။ ။

နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ မေ ၂ ရက်ထိ အိမ်ထောင်စုလေးသန်းခြောက်သိန်းကျော် ကောက်ယူပြီးဖြစ်ကြောင်းသိရှိရ

နေပြည်တော် မေ ၄

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းများကို မတ် ၃၀ ရက်မှ စတင်၍ ကောက်ယူလျက်ရှိရာ မေ ၂ ရက်အထိ အိမ်ထောင်စု ပေါင်း(၄၆၈၂၀၉၆)စုအား ကောက်ယူပြီးစီးခဲ့ကြောင်း သိရှိရသည်။

ကောက်ယူနိုင်ခဲ့မှုအခြေအနေမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စုပေါင်း(၁၀၅၆၄၈)စု၊ ကယားပြည်နယ်တွင်(၂၂၀၀၂)စု၊ ကရင်ပြည်နယ်တွင်(၁၃၁၆၇၃)စု၊ ချင်းပြည်နယ်တွင်(၃၄၀၉၉)စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင်(၅၀၄၁၆၂)စု၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၁၃၀၆၈၀)စု၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် (၃၀၁၉၀၅)စု၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တွင် (၂၃၆၉၆၈)စု၊ မကွေးတိုင်းဒေသကြီးတွင် (၃၈၅၂၉၉)စု၊ မန္တလေးတိုင်းဒေသကြီးတွင်(၅၇၀၈၅၁)စု၊ မွန်ပြည်နယ်တွင်(၁၈၅၄၂၁)စု၊ ရခိုင်ပြည်နယ်တွင်(၁၈၇၄၇၈)စု၊ ရန်ကုန်တိုင်းဒေသကြီးတွင်(၇၁၂၇၄၉)စု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၅၀၉၂၆)စု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၂၂၀၉၇၁)စု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် (၁၅၉၃၅၆)စု၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၆၃၂၆၅၀)နှင့် နေပြည်တော်ကောင်စီနယ်မြေတွင် (၁၀၉၂၅၉)စုတို့ဖြစ်ကြောင်း သိရသည်။

အိမ်ထောင်စုတစ်စုအား သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းဖြည့်စွက်မှုမှာ ပျမ်းမျှမိနစ် ၂၀ ခန့်ကြာမြင့်ပြီး စာရင်းကောက်များအနေဖြင့် တစ်နေ့လျှင် အိမ်ထောင်စု ၁၀ စုမှ ၁၂ စုအထိ ကောက်ယူပြီးစီးကြောင်း သိရှိရသည်။

နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူရာတွင် မိုင်းလားအထူးဒေသ၌ စာရင်းကောက်ယူမှုပြီးစီးသွားပြီး "ဝ" အထူးဒေသတွင် ကောက်ယူနေဆဲဖြစ်ကြောင်း၊ ကေအင်န်ယူ တပ်မဟာ(၂)နှင့် တပ်မဟာ (၅)နယ်မြေတွင် တပ်ဖွဲ့ဝင်များအား စာရင်းကောက်သင်တန်းပေးပြီး ကောက်ယူစေလျက်ရှိကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရှိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၄

ရန်ကုန် ရွှေဈေး	၆၆၁၂၀၀	- ၆၆၂၂၀၀
မန္တလေး ရွှေဈေး	၆၆၀၈၀၀	- ၆၆၁၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၁. ၄
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၂. ၁၄
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၅. ၀၆
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၆၃၁
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၃. ၃၃
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၀၅
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၂၆. ၇၆
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၀၇၇
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၀. ၀၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



မီးကြွင်းမီးကျန်မထားရန် ကျင့်ကြံသတိအမြဲရှိ

ပြည်သူ့ဗဟိုပြု အာဆီယံအသိုက်အဝန်းဖော်ဆောင်ရေးအောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေများဆွေးနွေး

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံနိုင်ငံများမှ ဝန်ကြီးအဆင့်ပုဂ္ဂိုလ်များနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့အား ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင်နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကျင်းပပြီးစီးခဲ့သည့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီအစည်းအဝေးက ၂၀၁၅ခုနှစ်တွင် စတင်မည့် အာဆီယံအသိုက်အဝန်းအတွက် များစွာအထောက်အကူဖြစ်စေမှု၊ အစည်းအဝေးတွင် ၂၀၁၄ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ၂၀၁၅အလွန် ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် အပြုသဘောဆောင်ဆွေးနွေးခဲ့မှုနှင့် ပြည်သူ့ဗဟိုပြု အာဆီယံအသိုက်အဝန်းဖော်ဆောင်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကံဇော်၊ ဦးအေးမြင့်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့တွင် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဒုတိယ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Naoyuki Shinohara ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကူညီဆောင်ရွက်မှုဖြင့် ငွေကြေးလဲလှယ်မှုနှုန်း တည်ငြိမ်အောင်ဆောင်ရွက်နိုင်ခဲ့မှု၊ လက်ရှိတွင်လည်း နည်းပညာအကူအညီနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားစေရန် သင်တန်းများပို့ချပေးနေမှု၊ ဆက်လက်၍ ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာ လင်းအောင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိလမ်းအချို့အား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်

ရန်ကုန် မေ ၄

၁။ မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီလ ၁၃ ရက်(အကြိုနေ့)မှ ၁၆ ရက်(အတက်နေ့)အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါလမ်းများအား တစ်လမ်းမောင်းစနစ်ကျင့်သုံးသွားမည်ဖြစ်ပါသည်-

(က) ဆရာစံလမ်း။ ကမ္ဘာအေးစေတီလမ်းဆုံ(ဟာမစ်တစ်)မှ စက်မှု(၁)လမ်းဆုံ(ရန်ကင်းစင်တာ)အထိ အနောက်မှ အရှေ့သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ခ) မဟာဗန္ဓုလလမ်း။ ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ အရှေ့မှအနောက်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ဂ) ကန်တော်ကြီးပတ်လမ်း။ ဦးထောင်ဘိုအဝိုင်း၊ တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်လမ်းသတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ၎င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိသည်။ ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံး ညာကွေ့ပြီး လက်ဝဲရစ်သွားရမည်ဖြစ်သည်။ (ကန်တော်ကြီးပတ်လမ်းသို့ ဝင်ရောက်မည့်အထက်ပန်းဆိုးတန်းလမ်းမှ ယာဉ်များသည် ဒေါ်သိန်းတင် မီးပွိုင့်မှလည်းကောင်း၊ သိမ်ဖြူလမ်းမှယာဉ်များသည် သိမ်ဖြူ(၅)ခွဆုံမှလည်းကောင်း လမ်းလွှဲအတိုင်းသွားရမည်ဖြစ်သည်။)

၂။ ဖော်ပြပါ ကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များရပ်နားခြင်းမပြုကြရန်နှင့် မော်တော်ယာဉ်များသည် သတ်မှတ်ထားသည့် လမ်းများမှ မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သီပေါတွင် လေပြင်းတိုက်ပြီး မိုးရွာ၍ တောင်သူများ ပျော်ရွှင်

သီပေါ မေ ၄။ ။ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် မေ ၄ ရက် ညနေ ၃ နာရီက လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းခဲ့သဖြင့် အပူချိန်မြင့်ရာမှ ရုတ်တရက်မိုးရွာသွန်းမှုကြောင့် အပူသက်သာကာ အေးချမ်းသွားသည်။ မိုးရွာသွန်းမှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသော ပဲပုပ်သီးနှံနှင့် ဖရဲစိုက်ခင်းတို့မှာ မိုးရေရရှိသဖြင့် တောင်သူများဝမ်းမြောက်လျက်ရှိသည်။

စိုင်း(သီပေါ)

အာဆီယံဘဏ္ဍာရေးဆိုင်ရာ အသိုက်အဝန်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ငွေကြေးတည်ငြိမ်ရေး၊ အာဆီယံ ဗဟိုဘဏ်များခိုင်မာရေး၊ အာဆီယံ ဘဏ္ဍာရေးဆိုင်ရာ အသိုက်အဝန်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့တွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် Mr. AKP Mochran တို့ တက်ရောက်ကြသည်။**(အောက်ပုံ)** **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Takehiko Nakao ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံ့အတွက်များစွာအကျိုးဖြစ်ထွန်းစေမှု၊ နိုင်ငံ၏ကြွေးမြီအဟောင်းများ ပြန်ဆပ်ပြီး ကြွေးမြီသစ်များထုတ်ချေးနိုင်အောင် ကူညီဆောင်ရွက်ပေးခဲ့မှု၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ကူညီပေးခဲ့သည့်ငွေကြေးဖြင့် ကျေးလက်ဒေသအထိ မဟာဓာတ်အားလိုင်းရောက်ရှိအောင် ဆောင်ရွက်မည့် အစီအစဉ်၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အစိုးရဝန်ထမ်းများစွမ်းရည်မြှင့်တင်ရေးစသည့် နယ်ပယ်များတွင် နည်းပညာအကူအညီများပေးအပ်နေမှု၊ မြန်မာနိုင်ငံ၏အနာဂတ် စီမံကိန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးနေမှု၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံများနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အာဆီယံဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေး

နေပြည်တော် မေ ၄

(၁၈)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်၌ မေ ၁ ရက်မှ စတင်ကျင်းပလျက်ရှိရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယင်းအစည်းအဝေးသို့ တက်ရောက်လာသည့် ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Dinh Tien Dzung၊ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Tharman Shanmu-garatnam၊ အင်ဒိုနီးရှားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Dr. Muhammad Chatrib Basri နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Naoyuki Shinohara တို့အား မေ ၄ ရက်တွင် အဆိုပါဝန်ကြီးရုံး၌ သီးခြားစီတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းကူညီပံ့ပိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အာဆီယံဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့တက်ရောက်လာသူများအား ပြည်ထောင်စုဝန်ကြီးက ကြိုဆိုဧည့်ခံသည့် ညစာစားပွဲကို ညပိုင်းတွင် နေပြည်တော်သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် လက်ခံကျင်းပခြင်းဖြစ်ပြီး မေ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး စာနယ်ဇင်းအဖွဲ့အစည်းများ၏ အကြံဉာဏ်နှင့်သဘောထားများ ရယူဆောင်ရွက်သွားမည်

နေပြည်တော် မေ ၄

ပြည်ထောင်စု လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ(မူကြမ်း) ကို စာပေစာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းများအား ဖိတ်ကြား၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းချပြဆွေးနွေးပြီး တက်ရောက်လာသော စာပေစာနယ်ဇင်းအဖွဲ့အစည်းများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါရှင်းလင်းပွဲသို့ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ၊ မြန်မာနိုင်ငံ ဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)အနေဖြင့် သတင်းမီဒီယာ နည်းဥပဒေများရေးဆွဲရန် အစည်းအဝေးနှင့် တိုက်ဆိုင်နေသဖြင့် တက်ရောက်နိုင်ခြင်းမရှိကြောင်း သိရပြီး ဝန်ကြီးဌာနအနေဖြင့် ယနေ့ဆွေးနွေးသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း နည်းဥပဒေများ(မူကြမ်း) ကို အစည်းအဝေးနှင့် တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) သို့ပေးပို့ထားပြီး ပြင်ဆင်၊ ဖြည့်စွက်အကြံပြုလိုသည့် အချက်များ တောင်းခံထားကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နည်းဥပဒေများ(မူကြမ်း) အပေါ် စာပေစာနယ်ဇင်းအဖွဲ့များ၏ အကြံပြုချက်သဘောထားများကို ပေးပို့နိုင်ရန် ပုံစံပြုစု၍ တစ်ပါတည်းပေးလိုက်ပြီး မေ ၁၁ ရက်အရောက် ပြန်လည်တောင်းခံထားကြောင်း၊ စာနယ်ဇင်းအဖွဲ့များ၏ အကြံပြုချက်များ အပေါ် ပြန်လည်သုံးသပ်ပြုပြင်ရေးဆွဲပြီး ထပ်မံညှိနှိုင်းဆွေးနွေးအတည်ပြု၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်၌ ချိန်ခါမဟုတ် မိုးရွာ၊ မိုးသီးများရောနှောပါ

နေပြည်တော် မေ ၄

နေပြည်တော် ကောင်စီနယ်မြေအတွင်း မေ ၄ ရက် ညနေ ၅ နာရီခွဲခန့်က ရုတ်တရက် မိုးများရွာသွန်းခဲ့ပြီး မိုးနှင့်အတူ မိုးသီးများ ရောနှောပါဝင်လာခဲ့သည်ကို တွေ့ရှိရသည်။

မိုးရွာသွန်းချိန်မှာ တစ်နာရီနီးပါးမျှကြာမြင့်ခဲ့သည့်အတွက် စိုက်ရေးပျိုးရေးလုပ်ကိုင်သူများ ဝမ်းသာကြသလို အပူဒဏ်ကို ခံစားနေရသူများလည်း စိတ်သက်သာရာရရှိခဲ့သည်ဟု ဆိုနိုင်သည်။

(ကြေးမုံ)

ပြည်တွင်းရေးရာ

○ ရှေ့ဖုံးမှ

အစီရင်ခံစာ (MTR Report) အား အာဆီယံ ခေါင်းဆောင်များမှ အပြုသဘောဖြင့် အတည်ပြုပေးခဲ့ပါကြောင်း၊ ယင်းနှစ်ဝက်သုံးသပ် အကဲဖြတ်ချက်အစီအရင်ခံစာသည် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီနှင့် အဆင့်မြင့်အရာရှိကြီးများကော်မတီမှ အနာဂတ်တွင် ဆောင်ရွက်မည့် ရည်မှန်းချက်များ၊ အစီအစဉ်များနှင့် အဆင့်မြင့်ဗျူဟာများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အရေးပါသော လမ်းညွှန်ချက်များ ပါဝင်ကြောင်း။

၂၀၁၄ ခုနှစ်အတွက် ဦးစားပေးနယ်ပယ်များနှင့် ဆောင်ရွက်ရန်များဖြစ်သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကဏ္ဍပေါင်းစုံပါဝင်ရေးနှင့် သဘာဝဘေးအန္တရာယ်မှ ဆိုးကျိုးများလျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သော ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ ပြောင်းရွှေ့လုပ်သားများ၏ ရပိုင်ခွင့်၊ ကာကွယ်ရေးနှင့်ပတ်သက်သော အာဆီယံလမ်းညွှန်ချက်၊ လူမှုရေးကာကွယ်မှုနှင့်ပတ်သက်သော အာဆီယံမူဘောင်တို့သည် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားစဉ်ကာလ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ချမှတ်ပေးထားသော ဦးစားပေးအစီအစဉ်များနှင့်လည်း ကိုက်ညီနေပါကြောင်း။

၂၀၁၄ ခုနှစ်အတွက် ချမှတ်ထားသော မိမိတို့၏ ရည်မှန်းချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးနယ်ပယ်များရှိ ကိစ္စရပ်များတွင် ကောင်းမွန်သောရလဒ်များ ရရှိနိုင်ရေးအတွက် အခြားသော အာဆီယံမဏ္ဍိုင်များနည်းတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ လက်တွဲဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အနေဖြင့်လည်း ပြည်သူဗဟိုပြုအာဆီယံအဖွဲ့အစည်းဖြစ်ပေါ်လာရေးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရန် တူညီသောအခြေအနေများ တည်ဆောက်ရာတွင် ပိုမိုတက်ကြွစွာပါဝင်ရမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသည် မေလ၌ကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် ချိန်ဆနိုင်းယှဉ်သော ဆွေးနွေးချက်များနှင့် နောင်လာမည့်အနာဂတ်အတွက် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ခေါင်းဆောင်များက ဆောင်ရွက်ကြရန်လိုပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ်တာဝန်ယူစဉ် ကာလအတွင်း နေပြည်တော် ကြေညာစာတမ်းအတွက် တတ်နိုင်သမျှ ပံ့ပိုးပေးရမည်ဖြစ်ပြီး အဆုံးတွင် မိမိတို့၏ ကြိုးစားအားထုတ်မှုများသည် ပိုမိုလေးနက်စေမည်ဖြစ်ကာ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်များကိုလည်း ပိုမိုရင့်သန်လာစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် SOCA အစီရင်ခံစာနှင့်ပတ်သက်ပြီး ၎င်းတို့၏ အမြင်နှင့်အခြားသက်ဆိုင်သည့် ကိစ္စရပ်များ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံအရ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ (၂၄) ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ အခြားကိစ္စရပ်များ၊ (၁၂) ကြိမ်မြောက် ASCC အစည်းအဝေး ကျင်းပမည့် အချိန်နှင့်နေရာသတ်မှတ်ချက်များ၊ (၁၁) ကြိမ်မြောက် ASCC ကောင်စီ အစည်းအဝေးမှတ်တမ်းအကျဉ်းချုပ်များကို ဆွေးနွေးခဲ့ကြသည်။

❂ နိုင်ငံတော်သမ္မတမှ

ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာလင်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့တွင် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်မည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အစည်းအဝေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က “ASEAN SOCIO - CULTURAL နဲ့ပတ်သက်တဲ့လုပ်ငန်းတွေဟာ တော်တော်ကြီးကျယ်ပြန့်ပါတယ်၊ ပညာရေးပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ ပြန်ကြားရေးပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ အလုပ်သမားရေးနဲ့ လူမှုအသင်းဖွဲ့စည်းရေးဆိုင်ရာတွေ ပါဝင်ပါတယ်။ ဒီနှစ်လုပ်ငန်း ASEAN SOCIO - CULTURAL က မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်ရတဲ့အပိုင်းမှာ အခွင့်ကောင်းတစ်ခုအနေနဲ့ရလာနိုင်တာက အရေးကြီးတဲ့ တချို့ကြေညာချက်တွေကို ဒီကနေပြီး ထုတ်ပြန်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒီထုတ်ပြန်မှုတွေဟာလည်း အာဆီယံအသိုက်အဝန်းတစ် ခုလုံးအတွက်ကို အကျိုးကျေးဇူးရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း SOCIO - CULTURAL ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးလုပ်ဖို့ရှိပါတယ်၊ အဲ့ဒီအစည်းအဝေးကို နိုင်ငံတကာရဲ့ စံနှုန်းထားနဲ့အညီ မြန်မာနိုင်ငံရဲ့ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမယ့် Theme တွေကို ချမှတ်ပေးသွားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ အဲ့ဒါတွေ ချမှတ်ပြီးသွားရင် အာဆီယံတစ်ရပ်လုံးဟာ တူညီတဲ့မီဒီယာဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တစ်ရပ်ဆီကို ဦးတည်သွားနိုင်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်”ဟု ပြောပြခဲ့သည်။

အလားတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက “အာဆီယံအဖွဲ့ကြီးရဲ့ အဓိကမဏ္ဍိုင်ကြီး သုံးခုရှိပါတယ်၊ အာဆီယံနိုင်ငံလုံခြုံမှုအသိုင်းအဝိုင်းကောင်စီ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုင်းအဝိုင်းကောင်စီတို့ဖြစ်ပါတယ်။

Focal အဖြစ် ဝန်ကြီးဌာနသုံးခုက တာဝန်ယူပြီးတော့ အာဆီယံရဲ့ တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အသိုင်းအဝိုင်း၊ အဲဒီဆောင်ပုဒ်အတိုင်း ဒေသတွင်း နိုင်ငံများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံကလည်း အခြားဆက်စပ် ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြပါတယ်၊ အာဆီယံနိုင်ငံအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကွာဟချက်တွေကို နည်းပါးအောင် ပူးပေါင်းဆောင်ရွက်ပါတယ်။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုကောင်စီရဲ့ ရည်မှန်းချက်ကတော့ အာဆီယံဒေသတွင်း ပြည်သူများဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်း အဆင်ပြေစေရေးနဲ့ လူမှုဘဝဖူလုံရေးတို့ တိုးမြှင့်ဆောင်ရွက်ဖို့၊ အေးအတူပူအမျှခံစားမယ့် လူမှုအသိုင်းအဝိုင်း ထူထောင်ဖို့ အာဆီယံ နိုင်ငံများနဲ့ ပြည်သူများအကြားစည်းလုံးညီညွတ်ရေးနဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် ညီညွတ်တဲ့အာဆီယံဒေသတစ်ခုဖန်တီးတည်ထောင်ဖို့၊ အာဆီယံပြည်သူများက အာဆီယံအသိုင်းအဝိုင်းထူထောင်ရေးပံ့ပိုးဖို့တို့ဖြစ်ပါတယ်၊ ASCC ရဲ့အောက်မှာ သွင်ပြင်လက္ခဏာ ခြောက်ခုရှိပါတယ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖူလုံရေးနဲ့ ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးဆိုင်ရာတရားမျှတမှုရှိရေးနဲ့ လူမှုအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး၊ အာဆီယံသွင်ပြင်လက္ခဏာများတည်ထောင် ရေး၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းပါးရေးတို့ကို ဆောင်ရွက်သွားမှာဖြစ် ပါတယ်” ဟု ပြောပြသည်။

ထို့အတူ ASEAN SOCIO-CULTURAL COMMUNITY (ASCC)၏ အောက်တွင် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးနှင့်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည့်ကိစ္စများနှင့်စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ကလည်း “ ASCC အောက်မှာ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ဆွေးနွေးလုပ်ကိုင်ရမယ့် အချက် (၂၃) ချက်ပါ ဝင်ပါတယ်၊ (၁၉) ချက်က ဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ရမယ့် အချက်တွေဖြစ်တယ်၊ ကျန် ၄ ချက်ကတော့ အခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့် အချက်တွေဖြစ်တယ်၊ လုပ်ဆောင်ရမယ့်အချက်တွေအားလုံးကို ပြန်ခြုံကြည့်လိုက်ရင် အဓိကကတော့ ရွှေ့ပြောင်းအလုပ်သမားကိစ္စတွေ၊ လုပ်သားထုကြီးရဲ့ကျွမ်းကျင်မှုဟာ အားလုံးထဲမှာပါတယ်။

ASCC အောက်မှာ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်ပြီး ရွှေ့ပြောင်းအလုပ်သမားတွေကို Migrant workers Protection and Promotion of Migrant workers ဆိုပြီးတော့ ဒီခေါင်းစဉ်အောက်မှာ ရွှေ့ပြောင်းအလုပ်သမားနဲ့ပတ်သက်ပြီး သဘောတူညီချက်စာချုပ်တစ်ခုကို ရေးနေပါတယ်၊ အဓိကကျတဲ့အခန်းတွေက ပထမဆုံး ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခြေခံရပိုင်ခွင့်တွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေထဲကမှ အထောက်အထားရှိတဲ့အလုပ်သမားတွေအတွက် စဉ်းစားပါတယ်၊ နောက် စေလွှတ်တဲ့နိုင်ငံတွေ၊ လက်ခံတဲ့နိုင်ငံတွေရဲ့ ကဏ္ဍတွေကို အဓိကထားစဉ်းစားပါတယ်၊ ဒီလုပ်ငန်းစဉ်တွေကတော့ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ တချို့နေရာလေးတွေမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ National Interest အပေါ်မူတည်ပြီး တချို့ညှိမရတာလေးတွေ ရှိပါတယ်၊ ဥပမာ- စေလွှတ်တဲ့နိုင်ငံတွေက အခွင့်အရေး ရချင်တယ်၊ ဒါပေမယ့် လက်ခံတဲ့ နိုင်ငံတွေက ဒီအခွင့်အရေးကို မပေးနိုင်ဘူးဆိုတာမျိုးလေးတွေကို ညှိနေတုန်းပါ၊ အမြန်ပြီးချင်လို့ နှစ်စဉ် တစ်နှစ် တစ်ခါ၊ တစ်နှစ် နှစ်ခါ ညှိပါတယ်”ဟု ပြောပြခဲ့သည်။

ဆက်လက်၍ ဦးမျိုးအောင်က “လောလောဆယ်မှာ မြန်မာနိုင်ငံက (sending country) စေလွှတ်တဲ့နိုင်ငံပါ၊ စေလွှတ်တဲ့ နိုင်ငံက အလုပ်သမားတွေ ဟိုရောက်သွားတဲ့အခါ ကာကွယ်မှုတွေ အပြည့်အဝရချင်တယ်၊ သူတို့ရဲ့ နေထိုင်သွားလာစားသောက်မှုတွေနဲ့ ပတ်သက်ရင် ဘယ်လောက်ထိ အာမခံချက်ပေးမလဲ၊ ပြီးရင် အလုပ်သမားတွေ ဒီကယူသွားတဲ့ အထောက်အထားတွေက ပတ်စ်ပို့တွေပါမယ်၊ တစ်ခုရှိတာက ပတ်စ်ပို့ရှိတိုင်းလည်း သူများနိုင်ငံမှာ သွားလို့ပဲရမယ်၊ အလုပ်လုပ်လို့မရပါဘူး”ဟု ပြောသည်။

“ပတ်စ်ပို့ရှိတယ်၊ work permit အလုပ်လုပ်ခွင့်ပေးတယ်၊ ဒီကနေ နှစ်နိုင်ငံသဘောတူညီချက်နဲ့ အလုပ်လုပ်ဖို့လွှတ်လိုက်ကတည်းက အလုပ်လုပ်ခွင့်တွေကို ဘယ်လိုချက်ချင်းဆောင်ရွက်ပေးကြမလဲ၊ သူတို့နိုင်ငံမှာတော့ တစ်လအတွင်းလုပ်ပေးမယ်လို့ပြောပါတယ်၊ တကယ်တမ်းကျတော့ အဲဒီလိုပြဿနာတွေနဲ့ တချို့အလုပ်သမားတွေ အဖမ်းခံနေရတာရှိတယ်၊ ဘာကြောင့်လဲဆိုတော့ သက်ဆိုင်တဲ့အေဂျင်စီတွေ၊ စက်ရုံအလုပ်ရုံတွေအနေနဲ့ ဒါတွေလုပ်ပေးဖို့ သူတို့အနေနဲ့လည်း ကြန့်ကြာမှုတွေရှိနေတော့ သက်ဆိုင်ရာနိုင်ငံက တာဝန်ရှိတဲ့သူတွေ၊ ရဲတွေ လာဖမ်းတဲ့အခါကျတော့ အဖမ်းခံရတဲ့ ပြဿနာမျိုးတွေ လည်းရှိပါတယ်၊ ဒါမျိုးတွေကိုလည်း အဓိကထားဆွေးနွေးနေတုန်း ဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားဆိုတာ ကိုယ့်နိုင်ငံကနေ ရေကြည်ရာမြက်နုရာရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြတာပါ၊ လက်ရှိမြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် နိုင်ငံတော်က လုပ်နေပါတယ်။ အရင်နဲ့စာရင်တော့ တိုးတက်လာပါတယ်။ သို့သော်လည်း အလုပ်အကိုင် အခွင့်အလမ်းတွေ၊ လုပ်ခလစာတွေကိုလည်းကြည့်ပါတယ်။ အဲဒီအပေါ်မူတည်ပြီးမှ တခြားနိုင်ငံက ကိုယ့်နိုင်ငံထက် လစာများလား၊ အခွင့်အရေးတွေကောင်းလား၊ ဒါမှမဟုတ် ပညာဘာတွေရမလဲ ဆိုတာတွေကို မှီပြီးတော့ သွားလာလုပ်ကိုင်ကြတာပါ” ဟု ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် “အခုဖြစ်နေတာက ရွှေ့ပြောင်းအလုပ်သမားတွေမှာ တရားဝင်သွားတဲ့လူနဲ့ တရားမဝင် သွားတဲ့သူဆိုပြီးရှိနေပါတယ်၊ တရားမဝင်သွားတဲ့သူမှာ ပြဿနာအများကြီးရှိပါတယ်။ တရားဝင် သွားတဲ့သူက ဘယ်သူ၊ ဘယ်နေ့က၊ ဘယ်စက်ရုံမှာ အလုပ်လုပ်နေပါတယ်ဆိုတဲ့ အထောက်အထားရှိတာပေါ့၊ တရားမဝင်သွားတဲ့အတွက်ပြဿနာဖြစ်လာရင် ဖြေရှင်းရခက်ပါတယ်။ တရားဝင်သွားတဲ့သူက တစ်ခုခုလေးဖြစ်တာနဲ့ စာချုပ်ပြပြီး ရှင်းလို့ရပါတယ်။

လူငယ်တွေ တိုးတက်ချင် စွန့်စားချင်တဲ့စိတ်နဲ့ နိုင်ငံခြားကို အလုပ်သွားလုပ်တဲ့အခါ တိုက်တွန်းချင်တာက တရားဝင်သွားဖို့ပါ၊ တရားဝင်သွားဖို့ လမ်းကြောင်းတွေအများကြီး ဖွင့်ထားပါတယ်၊ တရားဝင်အေဂျင်စီတွေ၊ ဝက်ဘ်ဆိုက်တွေနဲ့ မီဒီယာတွေကနေလည်း အမြဲတမ်းပြောနေ၊ တိုက်တွန်းနေပါတယ်၊ နိုင်ငံတော်အနေနဲ့ ကူညီရမယ်ဆိုရင်လည်း အပြည့်အဝကူညီပေးနိုင်ပါတယ်၊ ဥပဒေအရ ပြောရဆိုရရင်လည်း မာမာတင်းတင်းပြောနိုင်တာပေါ့၊ သူများနိုင်ငံကိုသွားရင် သူများနိုင်ငံရဲ့ ဥပဒေကိုလည်း လေးစားလိုက်နာဖို့လိုပါမယ်၊ နောက်တစ်ခုကသူများနိုင်ငံမှာ အလုပ်သွားလုပ်ရင် ငွေရှာမယ်၊ အလုပ်လုပ်မယ် တစ်ဖက်ကလည်း ပညာရှာဖို့လည်း တိုက်တွန်းချင်ပါတယ်”ဟု ပြောပြခဲ့သည်။

(သတင်းစဉ်)

(၁၀)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၄

(၁၀)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန MICC ၌ကျင်းပပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က သဘာပတိအဖြစ် ဆောင်ရွက်ကာ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်းဒါရူဆလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ငွေကြေးအာဏာပိုင်အဖွဲ့များ၏ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Naoyuki Shinoharaနှင့် ညွှန်ကြားရေးမှူး Mr. Odd Per Brekk တို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သဘာပတိ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးအစီအစဉ်အား အတည်ပြုခဲ့သည်။ ထို့နောက် IMF မှ Mr. Sinohara က ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း စီးပွားရေးဆိုင်ရာဆုံးရှုံးမှုအခြေအနေစိန်ခေါ်မှုများနှင့် ရှေ့အလားအလာများကို တင်ပြခဲ့ပြီး ငွေရေးကြေးရေးနှင့်ဘဏ္ဍာရေးမူဝါဒနည်းလမ်းများ၏ ပုံမှန်စံနှုန်းထားများ၊ မက်ခရို စည်းမျဉ်းစည်းကမ်းထိန်းချုပ်မှု နည်းလမ်းများနှင့် ကာလလတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်ရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများအား တင်ပြဆွေးနွေးသည်။

ထို့နောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှုတစ်ပြေးညီဖြစ်စေရေး အခြေခံမူဘောင်လုပ်ငန်းများအရ အာဆီယံဘဏ်လုပ်ငန်းများ ပေါင်းစည်းရေးမူဘောင်၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး၊ ငွေလုံးငွေရင်းစာရင်းလွတ်လပ်ခွင့်ပြုရေး၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်လုပ်ငန်းများ၏ လက်ရှိတိုးတက်မှုအခြေအနေအရ တင်ပြချက်များအပေါ် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆွေးနွေးကြကာ ရှေ့လုပ်ငန်းများအတွက် ချမှတ်ခဲ့ကြသည်။

ထို့အပြင် အာဆီယံ+၃ ငွေရေးကြေးရေးပေါင်းစည်းရေးလုပ်ငန်းများအတွက် ရှေ့လုပ်ငန်းများအား အတည်ပြုခဲ့ကြသည်။

ယနေ့ အစည်းအဝေးမှာ မွန်းလွဲ ၁၂ နာရီ ခွဲတွင် ပြီးဆုံးခဲ့သည်။

(သတင်းစဉ်)

ရှင်ဗွေယန်တွင် မြေစာပိ၍ လူနှစ်ဦးသေဆုံး

ရှင်ဗွေယန် မေ ၄

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့ ရပ်ကွက်(၃) ရေကြည်တော၌ ယမန်နေ့ ည ၁၀ နာရီခွဲတွင် ရွှေကျင်ထားသောကျင်းဟောင်းအတွင်း မြေစာပိ၍ လူနှစ်ဦးသေဆုံးကြောင်းသိရသည်။

ဖြစ်စဉ်မှာ ရပ်ကွက်(၃) ဖက်ဝိုင်းတောအတွင်း ယခင်ရွှေကျင်ထားသော ကျင်းဟောင်းအတွင်း ရွှေကျင်ရန်အတွက် ဦးစိုးခက်ဦး(၂၆)နှစ် ပမ္မတီးရပ်ကွက် မြစ်ကြီးနားမြို့နှင့် ဦးဦးစောမြင့် (၂၅)နှစ် ရှာရည်ပြင်ကျေးရွာ မြောက်ဦးမြို့နေသူတို့သည် ကျင်းဟောင်းကို သန့်ရှင်းရေးလုပ်ဆောင်နေစဉ် အမြင့်ပေ ၂၀ အထက်မှ မြေစာများပြိုကျပြီး မြေစာပုံအောက်ပိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

အမျိုးသားပညာရေးဥပဒေကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြပါစို့

လေ့လာသူတစ်ဦး

နိုင်ငံတော်က ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းကို အမျိုးသားအကျိုးစီးပွားရေးအမြင်ဖြင့်ကြည့်မည်ဆိုပါက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး မိသားစုတစ်စုချင်း၊ တစ်ဦးတစ်ယောက်ချင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့်အားလျော်စွာ အားလုံးအတွက် ပညာရေး၊ တစ်သက်တာပညာရေးဟုဆိုသည်မှာ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားလူမျိုးအားလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝညီမျှစွာ မြင့်တင်နိုင်ရေးတို့ကို ဦးတည်ပါသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအမြင်ဖြင့် ကြည့်မည်ဆိုပါက တစ်မျိုးသားလုံး၏ ပညာရေးမြင့်တင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကာ ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်လက်မဲ့နှုန်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဗလငါးတန်ပြည့်ဝသည့် လူတော်လူကောင်းများ ထွက်ပေါ်လာရေး၊ အတွေးအခေါ်မှန်ကန်ပြီး စဉ်းစားဆင်ခြင်ဉာဏ်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ ကုန်ထုတ်စွမ်းအားမြင့်တက်လာပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအစရှိသည့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းသည် အမြင်ကျယ်ကျယ်ဖြင့် ပညာရေးကဏ္ဍကို မြင့်တင်ရမည်ဖြစ်ပါသည်။

လက်တွေ့ကျသော ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် အစိုးရတစ်ခုတည်း၊ ပါတီတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းက စဉ်းစားသုံးသပ်ဆုံးဖြတ်ဆောင်ရွက်ခြင်းမဟုတ်ပေ။ နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည်မှာ အများအသိဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးမူဝါဒ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် လက်ရှိပညာရေးကဏ္ဍကို သုတေသနပြုလုပ်နိုင်ရေး ဆွေးနွေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR) ကို ပြည်တွင်းပြည်ပပညာရှင်များဖြင့် တစ်နှစ်ကျော်အချိန်ယူ၍ အသေးစိတ်လေ့လာသုံးသပ်မှုများပြုလုပ်ခဲ့ပါသည်။ ယင်းလေ့လာမှုက ပညာရေးကဏ္ဍ၏ အားနည်းချက်များကို ထောက်ပြပြီး ပညာရေးကဏ္ဍကို မြှင့်တင်ရာတွင် အမျိုးသားပညာရေးဥပဒေသည် မူလအခြေခံအုတ်မြစ်ဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် ပညာရေးလုပ်ငန်းများအတွက် အခြေခံမူဘောင်များဖြစ်သဖြင့် ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ပညာရေးမူဝါဒနှင့်ဥပဒေရေးဆွဲရန် လိုအပ်ကြောင်း ထောက်ပြခဲ့ပါသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ပြည်သူဗဟိုပြုဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး ပြည်သူလူထု၏ သဘောထားအကြံဉာဏ်များစုစည်းရယူ၍ ပညာရေးမူဝါဒများနှင့် ဥပဒေများ ဖော်ထုတ်ချမှတ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲများတွင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှုနိုင်ငံလုံးဆိုင်ရာ ကွန်ရက် (National Network for Education Reform-NNER) အပါအဝင် အသင်းအဖွဲ့များနှင့် ပညာရေးကို စိတ်ဝင်စားသည့်အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များပါဝင်၍ အချေအတင်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲများတွင် ပညာရေးဝန်ကြီးဌာနမှ တင်ပြခဲ့သည့် မူဝါဒများသည် အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှုနိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER) အပါအဝင် ပညာရေးအဖွဲ့အစည်းများမှ တင်ပြချက်များနှင့် ၉၀ ရာခိုင်နှုန်း တူညီမှုရှိခဲ့သည်ကို လေ့လာသူတစ်ဦးအနေဖြင့် တွေ့ရပါသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်များတွင် အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲကို နေပြည်တော်တွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အမျိုးသားအဆင့်ဆွေးနွေးပွဲမှ ရလဒ်များကို အခြေခံ၍ အမျိုးသားပညာရေးမူဝါဒနှင့် ဥပဒေကြမ်းတို့ကို ပြုစုခဲ့ပါသည်။ ဆွေးနွေးပွဲအပြီးတွင် ပညာရေးဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်သို့ အမျိုးသားပညာရေးဥပဒေကြမ်းကို တင်သွင်းခဲ့ပါသည်။

ဆန္ဒဖော်ထုတ်မှုများကိုအလေးထားပြီး ဆွေးနွေးဆုံးဖြတ်မှုဖြင့် ဆောင်ရွက်သွားရန်လိုအပ်သော်လည်း လူအုပ်စုအသွင်ဖြင့် လုပ်ငန်းများနှောင့်နှေးစေသော ဖြစ်စဉ်များ၊ နယ်မြေဒေသတည်ငြိမ်မှု ပျက်ပြားစေသည့် ဖြစ်စဉ်များနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို စိုးရိမ်ကြောင့်ကြစေသော ဖြစ်စဉ်များ နေရာအနှံ့အပြားဖြစ်ပေါ်နေမည်ဆိုလျှင် အသွင်ကူးပြောင်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နှောင့်နှေးမှုဖြစ်လာနိုင်။

ပညာရေးဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကြမ်းတွင် အခန်း ၁၄ နှင့်စာပိုဒ် ၈၀ ပါဝင်ပါသည်။ အဆိုပါ ပညာရေးဝန်ကြီးဌာနမှ တင်သွင်းသော အမျိုးသားပညာရေးဥပဒေကြမ်းကို အများပြည်သူ သိရှိလေ့လာနိုင်ရန် ပြည်သူ့လွှတ်တော်က ၂၀၁၄ ခုနှစ် မတ် ၁၇ ရက်နှင့် ၁၈ ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြခဲ့ပါသည်။ ယင်းအမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြင်ဆင်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်မှ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် အမျိုးသားပညာရေးဥပဒေကြမ်းသည် ပညာရေးဝန်ကြီးဌာနမှ တင်သွင်းသည့် ဥပဒေကြမ်းနှင့် ကွဲလွဲချက်အချို့ရှိသည်ကို လေ့လာသိရှိရပါသည်။

လေ့လာသူတစ်ဦးအနေဖြင့် ပြောရမည်ဆိုပါက ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်ခြင်းသည် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာနှင့်အစီအစဉ်များရေးဆွဲသည့်အခါ နိုင်ငံ၏ အလုပ်လုပ်နိုင်သည့် လူဦးရေနှင့် စွမ်းဆောင်ရည်ရှိသည့် လူဦးရေပေါ်မူတည်၍ နိုင်ငံအတွက် လိုအပ်သည့်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းရှိသည့် ဘွဲ့ရများ၊ သက်မွေးဝမ်းကျောင်းအတတ်ပညာရှင်များနှင့် လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် ရည်မှန်းဦးတည်ရေးဆွဲရပါသည်။

လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူလူထု၏ အမြင်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများကို အဓိကဦးတည်၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကာ အလုပ်အကိုင်နေရာများ ဖန်တီးဖော်ထုတ်လျက်ရှိပါသည်။

အထက်ပါဆောင်ရွက်ချက်များကို ထောက်ရှု၍ ပညာရှင်များ ပါတီအဖွဲ့အစည်းများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနေသူများသည် တူညီသော အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ပြီး အမျိုးသားပညာရေးမြင့်တင်မှုအတွက် တစ်မျိုးသားလုံး တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

အချို့ကိစ္စများတွင် အစိုးရမှ ဗဟိုမှချုပ်ကိုင်ထားသည်ဟု ထင်မြင်ယူဆချက်များမှာ အရိုးစွဲနေသည့် အယူအဆများဖြစ်ပြီး အမြင်ကျယ်ကျယ်ဖြင့် ပြုပြင်ပြောင်းလဲရန်လိုအပ်ပါမည်။ ပကတိအခြေအနေမှာ အစိုးရသစ်တက်လာပြီး ၂၀၁၁ ခုနှစ်မှ စတင်၍ ဒီမိုကရေစီနိုင်ငံတည်ဆောက်သည်နှင့်အညီ အစိုးရ၏ စီမံခန့်ခွဲမှုပုံစံ ပြောင်းလဲသွားသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ယခင်က မူဝါဒများကို အစိုးရက တိုက်ရိုက်ချမှတ် ဆောင်ရွက်သော်လည်း အစိုးရသစ်တက်လာသည့် နောက်ပိုင်းတွင် မည်သည့်ကိစ္စပင် လုပ်သည်ဖြစ်စေ ပြည်သူများပါဝင်သည့် ဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပပြုလုပ်ပြီး အဆိုပါဆွေးနွေးပွဲများမှ ရရှိလာသည့် ရလဒ်များကို အခြေခံ၍သာ ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သည့် ပုံသဏ္ဌာန်သို့ ကူးပြောင်းလာသည်ကို ၂၀၁၁ ခုနှစ် မေ ၂၀ ရက်က နေပြည်တော်တွင်ကျင်းပခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲမှ စတင်ဆောင်ရွက်လာ ခံယူချက်လည်း ပြောင်းလဲရန်လိုအပ်ပါသည်။ မိသားစုများတွင် မိမိ၏ သား၊ သမီးများ၏ ရှေ့ရေးအတွက် ပညာတတ်အောင် သင်ကြားပြီး နောင်တစ်ချိန်တွင် မိသားစုအတွက်၊ အိမ်ထောင်စုအတွက် လူမှုစီးပွားရေး အဆင်ပြေတိုးတက်လာအောင် သင်ကြားပြီး မျှော်မှန်းချက်ထား စီစဉ်ဆောင်ရွက်ကြပါသည်။ သို့ရာတွင် ယခင်ကာလတစ်လျှောက် ဘွဲ့ရရှိရေးကိုသာ ဦးတည်ခဲ့ကြသဖြင့် ဘွဲ့ရအလုပ်လက်မဲ့ပြဿနာများ ရှိနေသည့်အပေါ် ဝေဖန်ပြောဆိုမှုများ ရှိနေပါသည်။ ယခုလက်ရှိတွင် အစိုးရဌာနများ၌ ဝန်ထမ်းတစ်သန်းကျော်ခန့်ကိုသာ အလုပ်ခန့်ထားနိုင်ပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် အားပေးခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီခြင်း ခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပြုလုပ်ခဲ့သည့် ပညာရေးကဏ္ဍဆွေးနွေးပွဲများကို ပြည်သူဗဟိုပြု ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုသို့ ပညာရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများကို ပညာရေးအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားများအားလုံး ပါဝင်ဆွေးနွေးခဲ့ကြသည်ကိုလည်း အားလုံးမျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး ဖြစ်ပါသည်။

ထိုသို့ ဆွေးနွေးရာတွင်လည်း အထက်မှညွှန်ကြားသည့် Top-Down ပုံစံမျိုးမဟုတ်ဘဲ ဆွေးနွေးပွဲများဆောင်ရွက်မည့် မဟာဗျူဟာစီမံကိန်း (Strategic Plan) အများ၏ အကြံပြုထောက်ခံချက်များကို အခြေခံ၍ Bottom-up ပုံစံဖြင့် ရေးဆွဲခဲ့ပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှု (Public Administration) စနစ်ကို ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ လေ့ကျင့်သင်တန်းပေးနေသည်ကိုလည်း နေရာအနှံ့အပြားတွင် တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတကာ ပညာရှင်များက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ လျင်မြန်မှုကို အသိအမှတ်ပြုသော်လည်း ထိရောက်အောင် စီမံခန့်ခွဲရန်နှင့် ချောမွေ့သည့် အသွင်ကူးပြောင်းရေး (Smooth Transition) ဖြစ်အောင် ဆောင်ရွက်ရန် အလေးအနက် အကြံပြုသည်များလည်း ရှိပါသည်။

ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရာတွင် ပြည်သူအများ၏ ဆန္ဒကို အလေးထားရမည်မှာ မှန်ပါသည်။ ပြည်သူများလွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ရှိသည်မှာလည်း မှန်ပါသည်။ သို့ရာတွင် ဆန္ဒအားလုံးမှာ မတူညီနိုင်သောကြောင့် အများစု၏ဆန္ဒကို အလေးထားရမည်ဖြစ်သည့်အပြင် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်ရန်အတွက် တိုးတက်မှုကို နှောင့်နှေးစေမည့် လုပ်ရပ်များ၊ ဖြစ်စဉ်များမဖြစ်ရေးသည်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဂရုပြုရန်အရေးကြီးပါသည်။ ဆန္ဒဖော်ထုတ်မှုများကို အလေးထားပြီး ဆွေးနွေးဆုံးဖြတ်မှုဖြင့် ဆောင်ရွက်သွားရန်လိုအပ်သော်လည်း လူအုပ်စုအသွင်ဖြင့် လုပ်ငန်းများနှောင့်နှေးစေသော ဖြစ်စဉ်များ၊ နယ်မြေဒေသတည်ငြိမ်မှု ပျက်ပြားစေသည့်ဖြစ်စဉ်များနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို စိုးရိမ်ကြောင့်ကြစေသော ဖြစ်စဉ်များနေရာအနှံ့အပြားဖြစ်ပေါ်နေမည်ဆိုလျှင် အသွင်ကူးပြောင်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် နှောင့်နှေးမှုဖြစ်လာနိုင်ပါသည်။ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျသော မြန်မာနိုင်ငံအနေဖြင့် အခြားသူများ ခြေတစ်လှမ်းလှမ်းချိန်တွင် မိမိက ခြေသုံးလှမ်းလှမ်းရမည့်အချိန်၌ ခြေတစ်လှမ်းလှမ်းဖို့ပင် အခက်အခဲဖြစ်စေသော အခြေအနေမျိုးမဖြစ်စေလိုပေ။

ထို့ကြောင့် နိုင်ငံရေးပါတီတိုင်း၊ အဖွဲ့အစည်းအတိုင်း၊ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့၏ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းတစ်ခုတည်း၏ ဆန္ဒအမြင်သဘောထားများကို ရှေ့တန်းတင်ခြင်းထက် အမျိုးသားရေးအမြင်ဖြင့် အမျိုးသား အကျိုးစီးပွားတိုးတက်ရေးကို တူညီသောအမြင်သဘောထား ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ထူထောင်တည်ဆောက်သွားရန်လိုအပ်ပေသည်။

အမျိုးသားပညာရေးဥပဒေကြမ်းသည် ဒေသအဆင့်၊ အမျိုးသားအဆင့် ပညာရေးဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်၍ လွှတ်တော်အဆင့်ဆင့်တွင် တိုင်းရင်းသားပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှကိုယ်စားလှယ်များက ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပြုပြင်အတည်ပြုထားသော အမျိုးသားပညာရေး ဥပဒေကြမ်းကိုလည်း အမျိုးသားရေးအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်သွားခြင်းကသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်မည်ဟု ရှုမြင်ကြောင်း ရေးသားလိုက်ရပေသည်။ ။

■

တောဆင်ရိုင်းများထိန်းသိမ်းရေးဆွေးနွေး

နေပြည်တော် မေ ၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်အား အင်္ဂလန်နိုင်ငံ University of Sheffield မှ Dr. Virpi Lummaa ဦးဆောင်သော ဆင်သုတေသနပညာရှင်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် University of Sheffield တို့ နားလည်မှုစာချွန်လွှာ နှစ်ဖက်လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသော မြန်မာ့သစ်လုပ်ငန်းမှ ဆင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ရောဂါရှာဖွေစမ်းသပ်မှု၊ မျိုးပွားမှု၊ ဆင်များ၏အလေ့အထနှင့် သွားလာလှုပ်ရှားမှု၊ အစာအာဟာရဆိုင်ရာ လိုအပ်မှု၊ ကူးစက်ရောဂါများပြန့်ပွားမှု၊ ထိန်းချုပ်မှု၊ အိမ်မွေးဆင်ရေရှည်ဖွံ့ဖြိုးရေးတို့မှ တောဆင်ရိုင်းများ ထိန်းသိမ်းရေးနှင့် ဆက်စပ်မှု၊ လူထုပညာပေးရေးအပါအဝင် လူသားအရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရေး၌ သုတေသနပြုလုပ်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

ပြည်တွင်းရေးရာ

✻ **ကျောဖုံးမှ**

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်အဖြစ် အလားအလာ အထူးကောင်းမွန်ပါကြောင်း။

၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နိုင်အောင် လမ်းဖွင့်ပေးခဲ့ခြင်းကြောင့် နိုင်ငံခြားဧည့်သည်ရောက်ရှိမှုသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ခဲ့ပါကြောင်း၊ ကိန်းဂဏန်းအနေဖြင့် မြန်မာ့ခရီးသွားနှစ်ဖြစ်သည့် ၁၉၉၆ ခုနှစ်တွင် အများဆုံးစုစုပေါင်းခရီးသည်သုံးသိန်းကျော်သာ ရောက်ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် အမြင့်ဆုံး ခြောက်သိန်းကျော်အထိ ရောက်ရှိခဲ့ပါကြောင်း၊ ၎င်းနောက် ဒေသတွင်း စီးပွားရေးအကျပ်အတည်းနှင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့တားမြစ်မှုများကြောင့် ခရီးသည်ရောက်ရှိမှု အတက်၊ အကျရှိခဲ့သော်လည်း နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးသည့်နောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၁၂ ခုနှစ်မှာ ၁ ဒသမ ၀၆ သန်းသို့ သိသိသာသာ တိုးတက်လာပြီး ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်းထိ တိုးတက်ဝင်ရောက်ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုဆိုရမည့်လုပ်ငန်းဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းက သယ်ဆောင်လာမည့် ခြိမ်းခြောက်မှု၊ အန္တရာယ်များကိုလည်း သတိကြီးစွာ စောင့်ကြည့်ကာကွယ်ရမှာ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကျိုးကျေးဇူးများ အမြင့်မားဆုံးရရှိစေရန်နှင့် ခရီးစဉ်ဒေသများအတွက် ဆိုးကျိုးများအနည်းဆုံးဖြစ်စေရန် ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းကို စီမံခန့်ခွဲသည့် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းအပြင် ဒေသခံများ၏ ချမ်းသာကြွယ်ဝမှုကို ဖန်တီးပေးနိုင်ရန် နိုင်ငံတစ်နံတစ်လျားတွင်ရှိသည့် တိုင်းရင်းသားလူမျိုးစုအားလုံး လူမှုအဖွဲ့အစည်းအားလုံးပါဝင်ကြမည့် “ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ရေး” မူဝါဒကို ချမှတ်ခဲ့ပါကြောင်း၊ ငွေကြေးအရင်းအနှီးနှင့် အတွေ့အကြုံရှိသည့်စီးပွားရေးအင်အားစုများ ပိုမိုဖွံ့ဖြိုးလာသကဲ့သို့ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းနှင့် အခြေခံလူမှုစီးပွားဘဝလိုအပ်ချက်များကို ဖြည့်ဆည်းလျက် လူနေမှုဘဝအရည်အသွေးမြှင့်တင်ပေးနိုင်မည့် Pro-Poor Tourism ဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ ရပ်ရွာလူထုအသိုင်းအဝိုင်းအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင် ခရီးသွားလုပ်ငန်းများအဖြစ် ရေရှည်တည်တံ့မည့် ခရီးသွားလုပ်ငန်းဖြစ်အောင် တည်ဆောက်ကြရမှာလည်းဖြစ်ပါကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း (Sustainable Tourism) ဆိုသည်မှာ ခရီးသွားလုပ်ငန်းမှ ပစ္စုပ္ပန်နှင့် အနာဂတ် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကို အပြည့်အဝ ထည့်သွင်းစဉ်းစားပြီး ခရီးသွားဧည့်သည်များ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်နေကြသူများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် ခရီးသွားလုပ်ငန်းဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အလားအလာသည် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပူးတွဲကြိုးပမ်းမှုအပေါ် မူတည်ပါကြောင်း၊ အစိုးရကဏ္ဍမှ ပို့ဆောင်ရေး၊ ရေ၊ မီးစသည့် အခြေခံအဆောက်အအုံများ ထူထောင်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် အပန်းဖြေရေး အစီအမံများ ထောက်ပံ့ပေးခြင်း၊ ဒေသခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ခြင်း၊ အတိုးနှုန်းသက်သာသည့် ချေးငွေ၊ သက်သာသည့် အခွန်နှုန်း၊ ချိုသာသည့်မြေဈေးစသည့် ဘဏ္ဍာရေးဆိုင်ရာ မက်လုံးများ ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ခရီးသွားများ၏ လိုအင်နှင့် ဝယ်လိုအားအပေါ် မူတည်ပြီး အစီအမံများ လုပ်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်များ ပြည့်စုံပါကြောင်းနှင့် ရိုးရှင်းသည့် ခရီးသွားလုပ်ငန်း တန်ဖိုးကွင်းဆက်ကို ခိုင်မာအောင် ချိတ်ဆက်ပြီး စီမံမှုကောင်းခဲ့လျှင် မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးစီးဆောင်ရွက်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများနှင့် နိုင်ငံအသီးသီးက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် မရှိမဖြစ် လိုအပ်သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း ၂၀၁၃-၂၀၂၀ (Myanmar Tourism Master Plan) ကို ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

စီမံကိန်း၏ အဓိကရည်မှန်းချက်(၂)ရပ်မှာ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာစေရေးနှင့် ခရီးသွားလုပ်ငန်းမှရရှိလာသည့် လူမှုစီးပွားအသီးအပွင့်များကို နိုင်ငံသားအားလုံး အညီအမျှရရှိခံစားကြရေးတို့ဖြစ်ပါကြောင်း၊ လမ်းညွှန်အခြေခံမှု(၉)ချက်၊ မဟာဗျူဟာအစီအစဉ်(၆)ခုနှင့် လုပ်ငန်းစီမံကိန်း(၃၈)ခု ချမှတ်ထားပြီး ၂၀၁၃ မှ ၂၀၂၀ အတွင်း အကောင်အထည်ဖော်ရန် ကာလသတ်မှတ်ချက်များ၊ ဦးဆောင်အဖွဲ့အစည်းများနှင့် လုပ်ငန်းအောင်မြင်မှု အကဲဖြတ်စံများကိုပါ ထည့်သွင်းရေးဆွဲထားပါကြောင်း။

မြန်မာ့ခရီးသွားလုပ်ငန်း၏ အဓိကဆွဲဆောင်မှုဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ အရှည်တည်တံ့ပြီး သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ အနုပညာတန်ဖိုး၊ ရှေးဟောင်း သုတေသနတန်ဖိုးများ လျော့ကျမသွားရေးသည် အသက်သွေးကြောပမာ အရေးပါလှပါကြောင်း၊ ဤယဉ်ကျေးမှုအမွေအနှစ်များမရှိတော့သည့် နေ့သည် ၎င်းဒေသ၏ ခရီးသွားလုပ်ငန်းဇီဝိန်ချုပ်သည့်နေ့ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများကို နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းရန်လိုအပ်သလို ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေအပါအဝင်တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာကာကွယ်ပေးရန်လည်း လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျရှင်သန်ဖွံ့ဖြိုး တိုးတက်ရန်အတွက် အားသာချက်၊ အားနည်းချက် အခွင့်အလမ်းများနှင့် အဟန့်အတားများကို ဖော်ထုတ်သုံးသပ်ပြီး အားနည်းချက်များကိုပြုပြင်ခြင်း၊ အခွင့်အလမ်းများကို အမိအရရယူခြင်းနှင့် အဟန့်အတားများ လျော့နည်းစေရေးအတွက် ပြင်ဆင်ခြင်းများဖြင့် လုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရေးအတွက် ရိုးရှင်းသည့် အစီအမံများ လိုအပ်ကြောင်း။

ဤစီမံကိန်းများအကောင်အထည်ဖော်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တစ်ခုတည်းလုပ်၍ မရနိုင်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်း ဒေသကြီးအစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပါဝင်ပူးပေါင်းမှု၊ လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုလူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့ဆိုရာတွင် နိုင်ငံတကာအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ ပံ့ပိုးပေးမှုလည်းလိုအပ်ပါကြောင်း။

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုအောက်တွင် ခရီးသွားလုပ်ငန်းနည်းပညာအာဏာပိုင်အဖွဲ့၊ အစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တိုင်းဒေသကြီး ပြည်နယ်ခရီးသွားလုပ်ငန်းကောင်စီများ ပေါင်းစပ်ညှိနှိုင်းပြီး ခရီးသွားဒေသစီမံခန့်ခွဲမှု အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကို အားပေးမြှင့်တင်သွားကြရန်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ တန်ဖိုးကွင်းဆက်တိုင်းတွင် ရိုးရှင်းလွယ်ကူပြီး မှန်ကန်မြန်ဆန်စွာ လက်တွေ့လိုက်နာလုပ်ဆောင်နိုင်သည့် လုပ်ငန်းစည်းမျဉ်းများဖြင့် အကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က ဒေသတွင်းခရီးသွားလုပ်ငန်းများ၊ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအမံများနှင့် ကမ္ဘာနှင့်ယှဉ်ကာ ပိုမိုတိုးတက်ကောင်းမွန်သော ခရီးသွားလုပ်ငန်းများ ပေါ်ပေါက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်သည့် ကိစ္စရပ်များအပေါ် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အလုပ်အမှုဆောင် ဒေါက်တာအောင်မြတ်ကျော်တို့က ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားမည့် အစီအမံဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းထားသော ပျူရှေးဟောင်းမြို့များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် သံတမန်များအား ရှင်းလင်းပြောကြား

ရန်ကုန် မေ ၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းထားသော ပျူရှေးဟောင်းမြို့များနှင့် ပတ်သက်၍ သံတမန်များအား ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ယနေ့ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ဦးလွင်နှင့် ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူရှေးဟောင်းသုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်း ပါဝင်နိုင်ရေးအတွက် ၂၀၁၀ ခုနှစ် နှစ်ဆန်းမှစတင်၍ လုပ်ငန်းဆောင်တာအဆင့်ဆင့်ဖြစ်သော ပျူရှေးဟောင်းဒေသ စီမံခန့်ခွဲမှုလုပ်ငန်း၊ ပျူရှေးဟောင်းဒေသ သုတေသနလုပ်ငန်း၊ ပျူရှေးဟောင်းဒေသ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပျူရှေးဟောင်းဒေသရှိ ပြတိုက်ဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်း ပါဝင်နိုင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုဖြစ်သော သတ်မှတ်ပုံစံစာတွဲ (Domination Dossier)ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ၌ တင်သွင်းခဲ့ပြီး ကမ္ဘာ့အမွေအနှစ် ကော်မတီ၏ အကြံပေးအဖွဲ့ဖြစ်သော နိုင်ငံတကာ ရှေးဟောင်း အဆောက်အအုံနှင့် နေရာများကော်မတီ (ICOMOS)မှ ကျွမ်းကျင်ပညာရှင်က ၂၀၁၃ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတို့၌ ဖော်ပြပါ ပျူရှေးဟောင်းမြို့သုံးမြို့သို့ လာရောက်စစ်ဆေးခဲ့ကြောင်း၊ ပျူရှေးဟောင်းမြို့သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဇွန်လတွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေ အနှစ်ကော်မတီညီလာခံ၌ ဆုံးဖြတ်မည် ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြားချက်များနှင့် ပတ်သက်၍ သံတမန်များ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar

သတင်းစာဖတ်ရှုလိုသူများ ဆက်သွယ်နိုင်ပါသည်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများကို ရန်ကုန်မြို့နှင့် မြန်မာပြည်အနှံ့မှ လပေးစနစ်ဖြင့် ဝယ်ယူဖတ်ရှုလိုသည့် မိဘပြည်သူ သတင်းစာဖတ်ပရိသတ်များသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

ရန်ကုန်

-မြန်မာ့အလင်း မန်နေဂျာ ဖုန်း ၀၁-၅၄၄၃၁၄ ဖြန့်ချိရေး ဖုန်း ၀၁-၅၄၄၃၀၇
၀၉-၄၃၀၃၆၀၃၀ ၀၉-၄၂၀၁၁၄၀၀၅
- ကြေးမုံ မန်နေဂျာ ဖုန်း ၀၁-၈၆၀၀၆၈၅ ဖြန့်ချိရေး ဖုန်း ၀၁-၂၉၂၈၃၀
၀၉-၂၅၄၀၁၇၅၈၀၉ ၀၉-၄၅၀၅၃၉၅၅၃
-New Light မန်နေဂျာ ဖုန်း ၀၁-၃၉၂၂၂၆ ဖြန့်ချိရေး ဖုန်း ၀၁-၃၉၂၃၀၄
၀၉-၇၃၂၃၁၆၃၄ ၀၉-၄၅၀၀၂၅၅၇၀
-နေပြည်တော် တာဝန်ခံအရာရှိ ဖုန်း ၀၆၇-၃၆၉၉၉ ဖြန့်ချိရေး ဖုန်း ၀၆၇-၃၆၁၀၅
ရုံးချုပ် (ဖြန့်ချိရေးဌာန) ဖုန်း ၀၆၇-၄၁၂၁၁၈

မန္တလေး၊ ဖုန်း ၀၂-၇၃၂၁၉ တောင်ကြီး ဖုန်း ၀၈၁-၂၁၂၁၁၆၄ မကွေး ဖုန်း ၀၆၃-၂၃၇၀၂
ကျိုင်းတုံ ဖုန်း ၀၈၄-၂၂၄၉၂ ကလေး ဖုန်း ၀၇၃-၂၂၁၃၃ မြစ်ကြီးနား ဖုန်း ၀၇၄-၂၂၄၆၂
စစ်တွေ ဖုန်း ၀၄၃-၂၃၀၆၈ လားရှိုး ဖုန်း ၀၈၂-၂၄၀၆၇ မြိတ် ဖုန်း ၀၅၉-၄၂၁၈၃
Marketing Manager ဖုန်း ၀၉-၂၅၀၀၀၇၉၇၇

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ခေါင်းဆောင်မှုကောင်းလျှင် တပ်ဖွဲ့၏အောင်မြင်မှုများ၊ တိုးတက်မှုများရရှိလာမည်ဖြစ် ခေါင်းဆောင်မှုညံ့ဖျင်းလျှင် မိမိအပါအဝင် စစ်သည်များပါထိခိုက်ဆုံးရှုံးမှုများနှင့်တွေ့ကြုံရမည်

နေပြည်တော် ဧပြီ ၄

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူလှငွေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကလောတပ်နယ်မှူး၊ ဗထူးတပ်နယ်မှူးတို့နှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇) သူရတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၈)ဗိုလ်လောင်း ဇော်ဝင်းမြင့်အား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်တွင် အနာဂတ်ခေါင်းဆောင်များအဖြစ် တာဝန်ပေးအပ်နိုင်ရန် တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် စိတ်ပိုင်း/ ရုပ်ပိုင်းဆိုင်ရာများကို အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ကြောင်း၊ ခေါင်းဆောင်ငယ်များတတ်မြောက်ကျွမ်းကျင်အပ်သည့် အခြေခံစစ်ပညာများ၊ ခေါင်းဆောင်မှုနှင့်ကွပ်ကဲမှုပညာရပ်များ၊ စစ်ဦးစီး/စစ်ရေး/စစ်ထောက်ဆိုင်ရာ သိရှိလိုက်နာရန်များကို စာတွေ့/လက်တွေ့သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ဖြစ်ကြောင်း။

သင်ကြားလေ့ကျင့်ပေးခဲ့သည့် အသိပညာ၊ အတတ်ပညာများကို စွဲမြဲစွာမှတ်သားပြီး တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့များတွင် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန်ထွန်းပေါက် အောင်မြင်အောင်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

တပ်ရင်း/တပ်ဖွဲ့များတွင် မိမိကွပ်ကဲရမည့် စစ်သည်များကို အမှန်တကယ်ခေါင်းဆောင်မှုပေးနိုင်ရန် အထက်ကပေးအပ်သည့် အမိန့်နှင့်တာဝန်ကို လေးလေးစားစားဖြင့် ကျေပွန်အောင် ဆောင်ရွက်သည့် နောက်လိုက်ကောင်းများဖြစ်ရန်လည်း ကျင့်ကြံနေထိုင်ရမည်ဖြစ်ကြောင်း၊ **ကိုယ်တိုင်နောက်လိုက်ကောင်းအဖြစ်တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်မှသာ ကိုယ်တိုင်ခေါင်းဆောင်ရာတွင်လည်း နောက်လိုက်များကို မှန်မှန်ကန်ကန်ဦးဆောင်နိုင်မည်ဖြစ်**ကြောင်း၊ ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ရပ်နှင့်အညီ ပြုမူနေထိုင်ပြီး မိမိတာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် အောင်မြင်သည့် ခေါင်းဆောင်ငယ်များအဖြစ် မှန်ကန်စွာ ကွပ်ကဲ ခေါင်းဆောင်သွားကြရန်လိုကြောင်း။

မိမိနိုင်ငံကို ဘက်စုံလုံခြုံစေရန် ကာကွယ်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆများ မြင့်မားတိုးတက်နေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

စည်းရုံးရေးစွမ်းရည်ထက်မြက်ရန် အင်အားတောင့်တင်း၍စွမ်းရည်ရှိသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အတွက် လိုအပ်သည့်

ယနေ့ ကမ္ဘာ့အခြေအနေအရပ်ရပ်သည် အချိန်နှင့်အမျှ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေသည့်အတွက် **ကမ္ဘာပေါ်တွင် ပြောင်းလဲဖြစ်ပေါ်နေသည့်နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည်များကို မျက်ခြည်မပြတ် လေ့လာ**နေကြရမည်ဖြစ်

ပြုစုပျိုးထောင်၍ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နှင့်အညီ မှန်ကန်စွာကွပ်ကဲ ခေါင်းဆောင်သွားကြရန်၊ တပ်မတော်၏ ထူးခြားလေးနက်သည့် အစဉ်အလာများကို အသက်ပေးကာကွယ်စောင့်ရှောက်၍ ဆက်လက်လက်ဆင့်ကမ်း သယ်ဆောင်သွားကြ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လက်တွေ့တာဝန်ထမ်းဆောင်ကြရာတွင် **ခေါင်းဆောင်မှုကောင်းလျှင်ကောင်းသလို တပ်ဖွဲ့၏အောင်မြင်မှုများ၊ တိုးတက်မှုများရရှိလာမည်ဖြစ်ပြီး ခေါင်းဆောင်မှုညံ့ဖျင်းလျှင် မိမိအပါအဝင် ကွပ်ကဲမှုအောက် စစ်သည်များပါထိခိုက်ဆုံးရှုံးမှုများနှင့် တွေ့ကြုံရမည်ဖြစ်**ကြောင်း၊ မိမိကိုယ်တိုင်နှင့်ကွပ်ကဲရမည့်တပ်ဖွဲ့ကိုပါ တိုက်ပွဲဝင်စိတ်ဓာတ်ပြည့်ဝနေရန် စည်းရုံးခေါင်းဆောင်ပြီး တိုက်ပွဲအောင်မြင်ရန် ဆောင်ရွက်ခြင်းဖြင့် ခေါင်းဆောင်မှုအရည်အချင်းကို ပေါ်လွင်စေမည်ဖြစ်ကြောင်း၊ **စစ်မြေပြင်မဟုတ်၍ တိုက်ပွဲမှာခေါင်းဆောင်မှု ပြခွင့်မရလျှင်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်ချိန်တွင် လုပ်ငန်းတာဝန်အပေါ် စေတနာထားပြီး ဆောင်ရွက်သည့်စိတ်၊ စိတ်ကောင်းစေတနာနှင့်အလုပ်ကို စနစ်တကျသေသေသပ်သပ် အောင်မြင်ရန် လုပ်ဆောင်နိုင်လျှင် ကွပ်ကဲရသည့် စစ်သည်များအပေါ် ခေါင်းဆောင်မှု အရည်အချင်းကို ပြသနိုင်မည်ဖြစ်ကြောင်း၊ အောင်မြင်ကျော်ကြားခဲ့သည့် ခေါင်းဆောင်များသည် အများယုံကြည်မှုရှိခြင်း၊ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ မှန်ကန်ဖြောင့်မတ်ခြင်း၊ ရဲရင့်တည်ကြည်ခြင်း၊ စည်းကမ်းကောင်းခြင်း စသည့် အရည်အချင်းများနှင့်ပြည့်စုံ**ပြီး မိမိ၏နောက်လိုက်များကို လက်ရှိအခြေအနေမှတိုးတက်ရန်၊ နိုးကြားတက်ကြွလာရန်၊ တာဝန်ယူချင်စိတ်ဖြစ်ပေါ်လာရန် စည်းရုံးနိုင်သည့် စည်းရုံးရေးကောင်းသူများလည်း ဖြစ်ကြောင်း၊

နေရန် တပ်တွင်းစည်းရုံးရေးနှင့် တပ်ပြင်စည်းရုံးရေးများကို ခိုင်မာအောင်တည်ဆောက်သွားကြရ မည်ဖြစ်ကြောင်း၊ **စည်းရုံးရေးသည် အပြုအမူ (Behaviour) ဖြစ်ကြောင်း၊ အပြုအမူအပေါ်မူတည်ပြီး စည်းရုံးရေးသည်ပြောင်းလဲသွားနိုင်ကြောင်း၊ တပ်မတော်သည် ပြည်သူ့အတွက်ဆိုသည်ကို စွဲစွဲမြဲမြဲခံယူထားပြီး တပ်ပြင်စည်းရုံးရေးလုပ်ငန်းများတွင် တပ်နှင့် ပြည်သူတစ်သားတည်းဖြစ်အောင် ဆောင်ရွက်ကြ**ရမည်ဖြစ်ကြောင်း၊ ပြည်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀) ပါးကို လိုက်နာပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အလေးထား လုပ်ဆောင်ခြင်းဖြင့် တပ်ပြင်စည်းရုံးရေးကို ခိုင်မာအောင်တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်ကို စွမ်းရည်ထက်မြက်သော နိုင်ငံတကာအဆင့်မီ Standard Army တစ်ရပ်ဖြစ်ရန် တည်ဆောက်လျက်ရှိကြောင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် လိုက်လျောညီထွေဖြစ်သည့် စစ်နည်းဗျူဟာများနှင့်အညီ လူ၊ လက်နက်ပေါင်းစပ်ပြီး လက်တွေ့စစ်မြေပြင်လေ့ကျင့်ခန်းကြီးများလေ့ကျင့်ခြင်းစသည်များကိုဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

ရှေ့ဆက်ပြီးလည်း တပ်မတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပိုမိုခေတ်မီသည့် စစ်လက်နက် ပစ္စည်းကိရိယာများ တပ်ဆင်နိုင်ရေး၊ ခေတ်မီပူးပေါင်းလေ့ကျင့်ခန်းများ ပိုမိုလေ့ကျင့်နိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းနေကြရမည် ဖြစ်ကြောင်း။

တပ်မတော်၏ သမိုင်းကြောင်းသည် ထူးခြားလေးနက်ပြီး အစဉ်အလာကောင်းများဖြင့် သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ယနေ့အချိန်ထိ တပ်မတော်သားများ၏ အသက်ခန္ဓာများ၊ သွေး၊ ချွေးများ ရင်းနှီးပေးဆပ်ခဲ့သည့် သမိုင်းမှတ်တမ်းများကနေ တပ်မတော်အစဉ်အလာကောင်းများကို ဖော်ပြလျက်ရှိကြောင်း၊ **တပ်မတော်အစဉ်အလာ (၁၂) ရပ်သည် မိမိတို့ တပ်မတော်သားများ၏ အမြင့်မြတ်ဆုံးသော စွန့်လွှတ်ပေးဆပ်မှုများကနေ ပေါက်ဖွားရရှိလာ**ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ထို့ကြောင့်မိမိတို့ တပ်မတော်၏ မွန်မြတ်လှသည့် အစဉ်အလာ(၁၂)ရပ်ကို အသက်ပေးကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ ဆက်လက်ပြီးလည်း လက်ဆင့်ကမ်းသယ်ဆောင်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

ယနေ့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု နယ်ပယ်စုံက ဆင်နွှဲသည့် ဘက်စုံစစ်ပွဲများဖြင့် တိုက်ခိုက်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ကြောင်း။

မိမိတို့နိုင်ငံအတွင်း နေရာ၊ ဒေသတိုင်းတွင် တိုင်းရင်းသားပေါင်းစုံသည် အတူတကွ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်သည်လည်း တိုင်းရင်းသားအားလုံးပူးပေါင်းပါဝင်သည့် ပြည်ထောင်စုတပ်မတော်တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် တို့ပြည်ထောင်စုသားများအားလုံး အလေးထားစောင့်ထိန်းရမည့် တာဝန်ကြီးဖြစ်သကဲ့သို့ မိမိတို့တပ်မတော်အနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဦးထိပ်မှာထား၍ ကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ ကျောရိုးသည်စည်းကမ်းနှင့် အမိန့်နာခံမှုဖြစ်သကဲ့သို့ တပ်မတော်သားကောင်းတစ်ဦးဖြစ်ရန်အတွက် စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံတတ်မှုများလိုအပ်ကြောင်း၊မိမိတို့**တပ်မတော်သားများသည် နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေ၊ စည်းကမ်းများကို နိုင်ငံသားများနည်းတူ လေးစားလိုက်နာရသည့်အပြင် စစ်သည်တော်ကျင့်ဝတ်အပါး (၆၀)၊ စစ်မြေပြင်စည်းကမ်းနှင့် တပ်မတော်နှင့်အက်ဥပဒေများကိုလည်း စောင့်ထိန်းလိုက်နာကြ**ရကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်လာသည့်တာဝန်များကို ဦးလည်မသုန်ကျေပွန်အောင် မြင်အောင်ဆောင်ရွက်ကြရန်၊ မိမိကိုယ်ကို အောင်မြင်သည့် ခေါင်းဆောင်ဖြစ်ရန်

ရန် အင်အားတောင့်တင်း၍စွမ်းရည်ရှိသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အတွက် လိုအပ်သည့် စွမ်းရည်(၃)ရပ် ထက်မြက်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်၊ တပ်မတော်၏ တာဝန်ကြီး(၃)ရပ်ကိုကျေပွန်စွာထမ်းဆောင်နိုင်စေရန်၊ မိမိတပ်ဖွဲ့ကို မြဲ(၃)မြဲနှင့် ပြည့်စုံအောင် ကြိုးစည်လုပ်ဆောင်သွားကြရန်နှင့် မိမိတာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင်တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ကို ထက်သန်သည့်စိတ်ဖြင့် ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးများနှင့်အတူ ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံး ဗိုလ်လောင်းဆုရဗိုလ်လောင်း၊ ၎င်း၏မိဘများနှင့် သေနတ်ပစ် အကောင်းဆုံးဆုရဗိုလ်လောင်းတို့အား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာလို သဘောထား၍ စေတနာထား ဆောင်ရွက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖြူးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကား ပြောကြားရာတွင် ယခုအခါ လယ်ယာမြေနှင့် အခြားမြေများ မတရားသိမ်းဆည်းမှုများ မဖြစ်ပေါ်စေရေးနှင့် မြေယာအသုံးချရေး စီမံခန့်ခွဲရေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ရုံးများဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာနယ်မြေအလိုက် လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတကြီးကတိုက်တွန်းခဲ့ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း တိုက်တွန်းချက်နှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိအနေဖြင့်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟုခံယူ၍ ယခုလိုလာရောက်ခြင်းဖြစ်ပါကြောင်း၊ ဤမြို့နယ်အတွင်း ဖြေရှင်းဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီနှင့် လိုအပ်ပါက ဒေသခံပြည်သူများ၏ တင်ပြချက်များကိုပါရယူ၍ မှန်ကန်မျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရမှာ ဖြစ်သလို အခြားဌာနအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်ကိစ္စရပ်များရှိလာပါက သက်ဆိုင်ရာသို့တင်ပြ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် တာဝန်ကျရာဒေသတွင် ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာလို သဘောထား၍ စေတနာထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ လိုအပ်သည်များရှိပါကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖ ဦးတင်အောင်၊ တိုင်းသာသနာရေးမှူး ဦးမျိုးညွန့်အောင်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစောတာမလာဖော တို့က သက်ဆိုင်ရာဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တိုင်းဒေသကြီး သစ်တောရေးရာဝန်ကြီး ဦးကျော်ငွေးတို့က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာမှုမရှိရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲမစတင်မီ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖြူးမြို့ မြို့နယ်ခန်းမသို့ရောက်ရှိကာ မြို့နယ်ခန်းမအဆောက်အအုံကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖြူးမြို့ သာသနာဟိတမြို့မဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် အခမဲ့နာရေးကူညီမှုအသင်းရုံးတွင် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၇)သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၄

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူ လှငွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှူးနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ အငြိမ့်အဖွဲ့နှင့်အတူ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

(မြဝတီ)

လုံခြုံရေးအရ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသောကျေးရွာများ၌ တပ်မတော်လုံခြုံရေး အစောင့်အရှောက်ဖြင့် သန်းခေါင်စာရင်းကောက်ယူ

နေပြည်တော် ဧပြီ ၄

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲလျက်ရှိသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဒေသအချို့၌ တပ်မတော်မှ လုံခြုံရေးအစောင့်အရှောက်များ အကူအညီပေး၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ ဧပြီ ၃ ရက်နှင့် ၄ ရက်တို့တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ၃၅၃၅ ဦး၊ လွယ်ဂျယ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ၁၄၂၆ ဦး၊ ဒေါ့ဖုန်းယန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ ၃၁၉၈ ဦး ပေါင်း ၈၁၅၉ ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာမှ ၁၂၇၁ ဦး၊ နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ ၃၆၇ ဦး၊ မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာမှ ၄၃၅ ဦး ပေါင်း ၂၀၇၃ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၀၂၃၂ ဦးအား တပ်မတော်၏ လုံခြုံရေးအကူအညီရယူ၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား ကောက်ယူခဲ့ကြောင်းနှင့် ၎င်းဒေသအတွင်းရှိ ကျန်ရှိနေသေးသော ကျေးရွာများအားလည်း ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့်ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်း ရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင် တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လှည်းကူးမြို့၌ ခိုက်ရန်ဖြစ်ပွားရာမှ လူအုပ်စုများက ခဲများဖြင့် ပစ်ပေါက်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယနေ့ မွန်းလွဲပိုင်းက ခိုက်ရန်ဖြစ်ပွားရာမှ လူငယ်တစ်ဦး၏ မျက်လုံးတွင် ပေါက်ပြဲဒဏ်ရာရရှိခဲ့သည့်အပေါ် မကျေနပ်သဖြင့် လူအုပ်စုများက ပြစ်မှုကျူးလွန်သည်ဟု ယူဆရသူတို့ ပုန်းရှောင်နေသည့် နေအိမ်အား ခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း၊ ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ နေရာအား ထိန်းသိမ်းဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ယနေ့ ညနေ ၃ နာရီခွဲခန့်တွင် လှည်းကူးမြို့နယ် ဈေးကြီးရပ်ကွက် ဗန်ဒါလမ်းဈေးကြီး အရှေ့ဘက်အတွင်းမိုးကာ ကူရှင်ဆိုင်ပိုင်ရှင် ဦးကိုကိုလေး၏ သားနှစ်ဦးက နာရီနှင့် အပိုပစ္စည်း ရောင်းဝယ်ရေးဆိုင်ပိုင်ရှင် ဦးအောင်နိုင်ဦး၏ သား မောင်သက်ပိုင်ဦးအား စကားများ ရန်ဖြစ်ရာမှ ကတ်ကြေးဖြင့် ထိုးသဖြင့် ဝဲဘက်မျက်လုံးပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ မောင်သက်ပိုင်ဦးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း၊ ယင်းဖြစ်ရပ်အပေါ် မကျေနပ်သဖြင့် ဈေးသူ၊ ဈေးသားအင်အားစုများက ကတ်ကြေးဖြင့် ထိုးသည်ဟု ယူဆရသူများ ထွက်ပြေးဝင်ရောက်သွားသည့် ဟူစင်မုန့်ဆိုင်အား ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ခဲ့ကြောင်း၊ ညနေ ၆ နာရီခန့်တွင် ၎င်းတို့နှစ်ဦးအား လှည်းကူးမြို့မ ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်စဉ် ဝင်ရောက်တားမြစ်သူတစ်ဦးမှာ ခဲများထိမှန်ပြီး နဖူးတွင်ဒဏ်ရာများရရှိသဖြင့် လှည်းကူးဆေးရုံသို့ တင်ပို့ကုသပေးခဲ့ရကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာ နေရာသို့ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ ဦးလှသန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများရောက်ရှိပြီး ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် ညနေ ၆ နာရီ ၂၅ မိနစ်ခန့်တွင် လူစုကွဲသွားကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယင်းနေရာတွင် လုံခြုံရေးယူထားပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့လုံခြုံရေးနှင့် အမျိုးသားရေးဆိုင်ရာ ပြဿနာဖြစ်စေသည့် ရိုဟင်ဂျာအသုံးအနှုန်း

မျိုးမြင့်သောင်း

"ရိုဟင်ဂျာ ဆိုတဲ့အသုံးအနှုန်းဟာ အခုအချိန်မှာ သာမန်ပြဿနာတစ်ရပ်အနေနဲ့ မှတ်ယူလို့မရတော့ဘဲ နိုင်ငံ့လုံခြုံရေးနဲ့ အမျိုးသားရေးဆိုင်ရာပြဿနာအဖြစ် ကူးပြောင်းရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီပြဿနာမျိုးဟာ လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ်ဆိုတဲ့ ရှုထောင့်တစ်ခုတည်းက ကြည့်လို့မရဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူတွေနဲ့ ဆက်စပ်ထည့်သွင်းစဉ်းစားရတဲ့ လုပ်ငန်းစဉ်လို့ ရှုမြင်ဖို့ လိုပါတယ်"ဟု နိုင်ငံတော်သမ္မတ၏ပြောရေးဆိုခွင့်ရှိသူလည်းဖြစ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်းဖြစ်သည့် ဦးရဲထွဋ်က ပြောသည်။

မတ် ၃၀ ရက် မှစ၍ ဆောင်ရွက်လျက်ရှိသည့် ၂၀၁၄ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာတွင် ဧပြီလ ၂ ရက်အထိ အိမ်ထောင်စုပေါင်း ၄၆၈၂၀၉၆ ကောက်ယူရရှိပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်၏ ၄၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ သိရှိရသည်။ တစ်နိုင်ငံလုံးတွင် ထိုကဲ့သို့ အဆင်ပြေချောမွေ့နေသော်လည်း ရခိုင်ပြည်နယ်တွင်မူ ရိုဟင်ဂျာဆိုသည့် အသုံးအနှုန်းကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အနှောင့်အယှက်အချို့ဖြစ်ပေါ်လျက်ရှိသည်။

ယခုအခါ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီလူမျိုးအချို့က သန်းခေါင်စာရင်းကောက်ယူရာတွင် ရိုဟင်ဂျာလူမျိုးအမည်ကိုသာ ထည့်သွင်းပေးရန် အတင်းအကျပ် တောင်းဆိုလာသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း ၎င်းအမည်ကို ဖော်ပြသင့်ကြောင်း လူ့အခွင့်အရေးရှုထောင့်မှ ချဉ်းကပ်ပြောဆိုမှုများရှိလာသည်ကိုတွေ့ရသည်။

ရိုဟင်ဂျာ အသုံးအနှုန်းကို နိုင်ငံရေးမှာ အသုံးပြုခဲ့တဲ့အတွက် ရခိုင်ပြည်နယ်အတွင်းမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍ လူပေါင်း ၂၀၀ ခန့် သေကျေခဲ့ရပြီး ၂၆၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အိမ်ခြေ ၈၆၁၄လုံး မီးလောင်ပျက်စီးခဲ့ပြီး လူပေါင်းတစ် သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ယင်းဖြစ်စဉ်များကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သူများအား ကူညီဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ယနေ့တိုင် ကူညီပူးပေါင်းဆောင်ရွက်နေရဆဲဖြစ်သည်။

ထိုသို့ နိုင်ငံတကာက ပြောဆိုမှုများနှင့်ပတ်သက်၍"အခုလို သန်းခေါင်စာရင်းကောက်တဲ့နေရာမှာ ရိုဟင်ဂျာဆိုတဲ့အသုံးအနှုန်းကို အသုံးမပြုတာဟာ သန်းခေါင်စာရင်း အကျိုးရလဒ်နဲ့ အနှစ်သာရကို မထိခိုက်နိုင်ပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့နိုင်ငံတွင်းမှာရှိတဲ့ ပြည်သူတွေကလည်း ကန့်ကွက်တာမျိုးမရှိပါဘူး။ ရိုဟင်ဂျာဆိုတဲ့ အသုံးအနှုန်းကြောင့် လူတစ်ဦးချင်းစီရဲ့ ထုတ်ဖော်ပြောဆိုခွင့်တွေ ဆုံးရှုံးနေတယ်လို့ စွပ်စွဲပြောဆိုတာတွေနဲ့ပတ်သက်ပြီး ပကတိဖြစ်ရပ်မှန်တွေနဲ့အမှန်တကယ်ကိုက်ညီမှု ရှိ/မရှိ ဆန်းစစ်ကြဖို့လိုပါတယ်"ဟု ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်စိုးက ရှင်းပြခဲ့သည်။

ရိုဟင်ဂျာအမည် စတင်ဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်၍လည်း ဒုတိယဝန်ကြီး ဦးရဲထွဋ်က "တရားဝင်မှတ်တမ်းတွေအရ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ ဗြိတိသျှကိုလိုနီလက်ထက် ၁၉၃၁ခုနှစ်က သန်းခေါင်စာရင်းကောက်ယူခဲ့မှု၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၇၃၊ ၁၉၈၃ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမှုတွေမှာ လက်ရှိဘင်္ဂါလီလူမျိုးတွေက ဘင်္ဂါလီလို့ပဲ တရားဝင်လက်ခံဖော်ပြ သုံးနှုန်းခဲ့ကြပါတယ်။ ၂၀၁၂ခုနှစ် မေလအတွင်းက ရခိုင်ပြည်နယ်တစ်ခုလုံးမှာ အိမ်ထောင်စုစာရင်းကောက်ယူခဲ့ရာမှာလည်း ဘင်္ဂါလီလူမျိုးလို့ပဲ တရားဝင်သုံးစွဲခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ဒေသခံရခိုင်တိုင်းရင်းသားတွေနဲ့ ဘင်္ဂါလီလူမျိုးအကြား ပဋိပက္ခဖြစ်ပွားပြီးမှပဲ ရိုဟင်ဂျာလို့ ပြောင်းလဲသုံးနှုန်းလာတာ တွေ့ရပါတယ်။ ဒါ့အပြင် အိမ်ထောင်စု စာရင်းကောက်တဲ့ သူတွေကို ရန်ပြုတာ၊ အကြမ်းဖက်တိုက်ခိုက်လာတာတွေကိုလည်းတွေ့ရပါတယ်"ဟု ရှင်းပြခဲ့သည်။

ဆက်လက်၍ ၎င်းက "တကယ်တမ်းပြောရရင် မြန်မာ့သမိုင်းကို လေ့လာကြည့်တဲ့အခါ ရိုဟင်ဂျာ ဆိုတဲ့ဝေါဟာရဟာ ၁၉၄၆ ခုနှစ်ကနေ ၁၉၅၀ ကျော်နှစ်တွေအထိ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်ခဲ့တဲ့ မူဂျာဟစ် ခွဲထွက်ရေးလှုပ်ရှားမှုတွေကတစ်ဆင့် စတင်ပေါ်ပေါက်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ သန်းခေါင်စာရင်းမကောက်မီ အစောပိုင်းတုန်းက ဒီလိုပြဿနာတွေမရှိခဲ့ဘဲ အခုနောက်ပိုင်းမှသာ ဒါကို သိသိသာသာရှေ့တန်းတင်လာတဲ့အတွက် အခုလုပ်ဆောင်နေတဲ့ သန်းခေါင်စာရင်းကောက်ယူတဲ့လုပ်ငန်းအပေါ်မှာ အခွင့်ကောင်းယူပြီး ဆောင်ရွက်လာတဲ့ဖြစ်စဉ်လို့ပဲ သုံးသပ်ရမှာဖြစ်ပါတယ်"ဟု သုံးသပ်ပြောပြခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသည့် ဘင်္ဂါလီလူမျိုးများကို တွေ့မြင်ရစဉ်။

သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်ကို နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် တည်ငြိမ်အေးချမ်းစွာ အင်တိုက်အားတိုက်ဝိုင်းဝန်းကူညီ ဆောင်ရွက်လျက်ရှိကြသော်လည်း အချို့အချို့သော ပုဂ္ဂိုလ်အချို့၏ နှောင့်ယှက်မှုများကြောင့် လုပ်ငန်းကြန့်ကြာမှုများ၊ အဟန့်အတားများဖြစ်စေကြောင်း သိရသည်။

လက်ရှိသန်းခေါင်စာရင်း ကောက်ယူနေမှုနှင့်ပတ်သက်၍ တွေ့ကြုံရမှုကို ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်စိုးက "ရိုဟင်ဂျာဆိုတဲ့ လူမျိုးအမည်ကို နိုင်ငံတော်က လက်ခံထားတာမရှိပါဘူး။ တည်ဆဲဥပဒေတွေနဲ့လည်း ကိုက်ညီမှုမရှိပါဘူး။ဒါကြောင့် သန်းခေါင်စာရင်းမေးခွန်းပုံစံမှာ ရိုဟင်ဂျာဆိုတဲ့အမည် ထည့်သွင်းဖို့ခွင့်မပြုပါဘူး။ တရားဝင်ရှိပြီးသား လူမျိုးအမည်ကို ပြောဆိုမယ်ဆိုရင် သူတို့ကို သန်းခေါင်စာရင်းကောက်ယူပါတယ်။ အဲဒီလူမျိုးအမည်မှာ မပြောနိုင်သေးဘူးဆိုရင်လည်း အဲဒီအမည်ကို လတ်တလော မကောက်ယူသေးဘဲ တခြားအချက်အလက်တွေကို ဖြေကြားပေးမယ်ဆိုရင် သန်းခေါင်စာရင်းကောက်ယူပေးနေပါတယ်။ ရိုဟင်ဂျာလို့ပြောတာနဲ့ ဆက်မကောက်တာ မဟုတ်ပါဘူး"ဟု ပြောပြသည်။

ဆက်လက်၍ ၎င်းက "အခုဖြစ်နေတာက ဘာမှကိုမေးလို့မရဘူး။ မေးသမျှကို လူနာမည် ရိုဟင်ဂျာ၊ အဖေနာမည် ရိုဟင်ဂျာ၊ အမေနာမည် ရိုဟင်ဂျာ၊ လူမျိုး ရိုဟင်ဂျာဆိုပြီး ပြောနေတာမျိုးတွေတောင် ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့က သန်းခေါင်စာရင်းကောက်ပြီး ဖိအားပေးတာ၊ ခြိမ်းခြောက်တာ၊ ခွဲခြားတာမျိုး မရှိဘူးလို့ပြောချင်ပါတယ်။ လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းစေချင်တဲ့ ရည်ရွယ်ချက်တစ်ခုပဲရှိပါတယ်" ဟု ရှင်းပြခဲ့သည်။

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ ဧပြီ ၁ ရက်ထုတ် သတင်းထုတ်ပြန်ကြေညာချက်တွင်မူ "လူမျိုးအမည် ရိုဟင်ဂျာဟုဖြေကြားလိုသူများကို သန်းခေါင်စာရင်း ကောက်ယူမှုမပြုခြင်းအပေါ် အလွန်စိုးရိမ်လျက်ရှိကြောင်း"ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ရိုဟင်ဂျာ အသုံးအနှုန်းကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေအပေါ် "ဒါဟာ သန်းခေါင်စာရင်း အကျိုးရလဒ်နဲ့တိုက်ရိုက်မသက်ဆိုင်ပါဘူး။ ဒီအသုံးအနှုန်းကြောင့် နိုင်ငံမှာအကြမ်းဖက်မှုတွေဖြစ်ပေါ်လာမှာကို မလိုလားပါဘူး။ ဒါကြောင့် ဒီအသုံးအနှုန်းကို ရှောင်ရှားဆောင်ရွက်တာဟာ နိုင်ငံအတွက် ဒါမှမဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက်၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းတွေအတွက် ရေရှည်မြော်တွေးစဉ်းစားပေးရမယ့် မှုတတဲ့ဆုံးဖြတ်ချက်တစ်ရပ်ပဲဖြစ်တယ်ဆိုတာ ပြည်သူလူထုသိစေချင်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောကြားခဲ့သည်။

ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့မှ အစ္စလာမ်ကိုယ်စားလှယ် ဟာဂျီဦးအေးလွင်ကလည်း "ကျွန်တော့်အမြင်ကတော့ သမိုင်းကြောင်းတွေ၊ ဥပဒေတွေ ဘယ်လိုပဲရှိရှိ လောလောဆယ်အခြေအနေမှာ မိမိတို့ရဲ့ ပြည့်ဝတဲ့လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးရဖို့ ပိုပြီးအရေးကြီးပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနဲ့ တိုင်းပြည်အေးချမ်းရေးကိုပဲ လောလောဆယ် ဦးစားပေးဆောင်ရွက်သင့်ပါတယ်။ အဲဒီလိုဆောင်ရွက်စေလိုတာဟာ မိမိတို့ရဲ့ ရချင်တဲ့အခွင့်အရေးကို စွန့်လွှတ်ဖို့ပြောတာ မဟုတ်ပါဘူး။ တစ်ချိန်ချိန်မှာ အေးချမ်းတည်ငြိမ်သွားတဲ့အခါ ရသင့်ရထိုက်တယ်လို့ ထင်တဲ့ဟာကို တရားဥပဒေကြောင်းအရ နည်းလမ်းတကျ ပြန်ပြီး ဆောင်ရွက်နိုင်ပါတယ်။ ဦးစားပေးပေါ့။ ဦးစားပေးကတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနဲ့ တည်ငြိမ်အေးချမ်းရေး။ ဒါမှလည်း အားလုံးရဲ့ဖွံ့ဖြိုးတိုးတက်မှုဖြစ်မယ်"ဟု ၎င်း၏အမြင်ကို သုံးသပ်ပြောပြခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသည့် ဘင်္ဂါလီလူမျိုးများကို တွေ့မြင်ရစဉ်။

ဓာတ်အားခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက်တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ (ဆိပ်ကမ်း)၊ ဒဂုံ(မြောက်)၊ သာကေတ၊ ဒေါပုံ၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗဟန်း၊ လသာ၊ စမ်းချောင်း၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ဒဂုံ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တံတား၊ လှိုင်သာယာ၊ လှည်းကူး၊ အင်းစိန်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက် အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း၊ ဧပြီ ၆ ရက်တွင် ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သာကေတ၊ ဒဂုံ(မြောက်)၊လသာ၊ စမ်းချောင်း၊ အလုံ၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ကမာရွတ်၊ မရမ်းကုန်း၊ သန်လျင်၊ ရွှေပြည်သာ၊ လှည်းကူး၊ အင်းစိန်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ယာယီဓာတ်အား ပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှု အပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားထားသည်။ **(ကြေးမုံ)**

ပြည်တွင်းရေးရာ

တိကျစွာတိုင်းတာခြင်း နည်းပညာဥပဒေ(မူကြမ်း) အတည်ပြုပြဋ္ဌာန်းနိုင်ရေးစည်းဝေး

နေပြည်တော် မေ ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် မေ ၄ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော တိကျစွာတိုင်းတာခြင်း နည်းပညာဥပဒေ (မူကြမ်း) အတည်ပြုပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ကမ္ဘာပေါင်းစုံ ပြုပြင်ပြောင်းလဲရေးများကို တိုးမြှင့် ဆောင်ရွက်နေရာ စီးပွားရေးကဏ္ဍအနေဖြင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသဖြင့် နိုင်ငံတကာနှင့် စီးပွားရေးကူးလူးဆက်သွယ် ရောင်းဝယ်ကြသည့်အခါ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေနှင့် တိကျစွာတိုင်းတာခြင်း နည်းပညာဥပဒေများသည် အလွန်အရေးပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ယူရေးဆွဲနေသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေသည် ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးတို့တွင် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီး မကြာမီ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးအတည်ပြုနိုင်တော့မည်ဖြစ်ပါကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်သော အဖွဲ့အစည်းများအတွင်း ပွင့်လင်းမြင်သာမှု၊ မှန်ကန်တိကျမှုနှင့် မျှတသော အခြေအနေကို ဖြစ်စေရန်၊ ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရန်၊ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းများစသည်တို့၏ ဥပဒေအရ ရပိုင်ခွင့်နှင့် အကျိုးစီးပွားကို ကာကွယ်ရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ထောက်ပံ့ပေးနိုင်ရန်နှင့် နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ အဆင့်တို့တွင် မျှတသောကုန်သွယ်မှုအတွက် ကောင်းမွန်သော အခြေအနေများကို ဖန်တီးပေးနိုင်ရန်တို့အတွက် အရေးပါသော တိကျစွာတိုင်းတာခြင်း နည်းပညာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များနှင့် ပညာရှင်များက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် အတွေ့အကြုံများ၊ နိုင်ငံတကာ အတွေ့အကြုံများနှင့် ကျွမ်းကျင်ရာ နယ်ပယ်ရှုထောင့်အမြင်များကို ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စုငွေတိုက်ဌာနတို့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၄

(၁၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးအဖြစ် အာဆီယံ နိုင်ငံဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စု ငွေတိုက်ဌာနတို့ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ ဘဏ္ဍာရေးဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့်အရာရှိကြီးများနှင့် အမေရိကန်ပြည်ထောင်စု ငွေတိုက်ဌာနမှ ဒုတိယအတွင်းဝန် မစ္စတာ ရောဘတ် ဒိုနာ၊ ညွှန်ကြားရေးမှူး မစ္စတာ မိုက်ကယ်ကပ်ပလန်၊ ဘဏ္ဍာရေးသံမှူး ဘင်ကပ်ရှမင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် အာရှတိုက်၏ စီးပွားရေးတိုးတက်မှုသည် မှန်မှန်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ၂၀၁၃ တွင် ၆ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၄ တွင် ၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂၀၁၅ တွင် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မည်ဟုလည်း တွက်ဆထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ နှင့် ၂၀၁၅ တွင် ဂျီဒီပီ ၇ ဒသမ ၈ ထိ တိုးမြှင့်မည်ဟု တွက်ဆထားပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ဆက်နွှယ်မှု Connectivity ရှိနေသဖြင့် ကမ္ဘာ့တစ်နေရာတွင် ဖြစ်ပျက်မှုတစ်ခုသည် အခြားနေရာများသို့လည်း ဂယက်ရိုက်လေ့ရှိပါကြောင်း၊ ကမ္ဘာ့အကြီးဆုံးစီးပွားရေးအင်အားစုဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပြောင်းလဲမှုသည် ကမ္ဘာ့ အခြားရပ်ဝန်းများသို့လည်း ရိုက်ခတ်မည်ဖြစ်သကဲ့သို့ အခြားဒေသများ၏ စီးပွားရေးပြောင်းလဲမှုများသည်လည်း အမေရိကန်ပြည်ထောင်စုအပေါ် သက်ရောက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ထီးတည်းနေပြီး မိမိကိုယ်ကို ကောင်းအောင်ကြိုးစားနေရုံဖြင့် မလုံလောက်တော့ကြောင်း၊ ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြရမည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမေရိကန်ပြည်ထောင်စုစီးပွားရေးအခြေအနေ၊ အာရှရပ်ဝန်းဒေသကြီး၏ စီးပွားရေးအခြေအနေ၊ နောင်အနာဂတ်တွင် စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် အကြောင်းအရာများနှင့် အရှေ့တောင်အာရှတွင် ငွေချေးယူမှု မြင့်မားခြင်း၏ ဆုံးရှုံးမှုဖြစ်နိုင်ခြေတို့ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးပွဲမစမီ မြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာ့ စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ခေါင်းဆောင်သော အဖွဲ့နှင့်အမေရိကန်ပြည်ထောင်စု ဒုတိယအတွင်းဝန် မစ္စတာရောဘတ်ဒိုနာ ခေါင်းဆောင်သောအဖွဲ့တို့ သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံတို့အကြား ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ့စီးပွားရေးဘဏ်ဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံတွင် ငွေတိုက်ဌာန ပြန်လည်ဖွဲ့စည်းထားရှိရေး၊ ရသုံးမှန်ခြေစာရင်းရေးဆွဲရေးသင်တန်းကျောင်းကိစ္စ စသည်များကိုလည်း ပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၅-၄-၂၀၁၄ (စနေနေ့)

MRTV-4

၅း၀၀	ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်	၉း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သားတို့အိမ်ကလေး”(အပိုင်း-၈)
၅း၄၀	“မရှိမဖြစ်မေမေ” တရားတော် (အပိုင်း-၁) [ဆရာတော်ဘဒ္ဒန္တကုသလ]	၂း၀၀	MRTV-4 သတင်း
		၆း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်ရှူး” (အပိုင်း-၅၀)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်ရှူး” (အပိုင်း-၄၉)	၂း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သားတို့အိမ်ကလေး”(အပိုင်း-၉)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Atletico Madrid - Villarreal	(Star Sports)
၁၀း၃၀	Barcelona - Real Betis	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁၂း၃၀	Real Sociedad - Real Madrid	(Star Sports)(MRTV-4)
၂း၃၀	Rayo Vallecano - Celtade Vigo	(Star Sports)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ (နေပြည်တော်)	လုပ်ငန်းအမည်
၁။	ဥတ္တရသီရိမြို့နယ်	ဥတ္တရသီရိ ခရိုင်စာရင်းစစ်ရုံးနှင့် မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံ အာစီ(၂)ထပ်ဆောက်လုပ်ခြင်း ပေ(၄၀×၅၀)
၂။	ဥတ္တရသီရိမြို့နယ်	ဥတ္တရသီရိ ခရိုင်စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာအာစီ(၁)ထပ် (၄)ခန်းတွဲဆောက်လုပ်ခြင်း ပေ(၆၅×၄၄)
၃။	ဥတ္တသီရိမြို့နယ်	ဥတ္တရသီရိ မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာ၊ အာစီ(၁)ထပ် (၄)ခန်းတွဲဆောက်လုပ်ခြင်း ပေ(၆၅×၄၄)
၄။	ဇေယျာသီရိမြို့နယ်	ဇေယျာသီရိမြို့နယ်စာရင်းစစ်ရုံးအဆောက်အအုံ အာစီ(၁)ထပ် ဆောက်လုပ်ခြင်း ပေ(၄၀×၅၀)
၅။	ဇေယျာသီရိမြို့နယ်	ဇေယျာသီရိ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းအိမ်ရာ၊ အာစီ(၁)ထပ် (၄)ခန်းတွဲဆောက်လုပ်ခြင်း ပေ(၆၅×၄၄)
၆။	ပုဗ္ဗသီရိမြို့နယ်	ပုဗ္ဗသီရိ မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံ အာစီ(၁)ထပ် ဆောက်လုပ်ခြင်း ပေ(၄၀×၅၀)
၇။	ပုဗ္ဗသီရိမြို့နယ်	ပုဗ္ဗသီရိ မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာ အာစီ(၁)ထပ် (၄)ခန်းတွဲဆောက်လုပ်ခြင်း ပေ(၆၅×၄၄)
၈။	ဒက္ခိဏသီရိမြို့နယ်	ဒက္ခိဏသီရိ ခရိုင်စာရင်းစစ်ရုံးနှင့် မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံ အာစီ(၂)ထပ်ဆောက်လုပ်ခြင်း ပေ(၄၀×၅၀)
၉။	ဒက္ခိဏသီရိမြို့နယ်	ဒက္ခိဏသီရိ ခရိုင်စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာ အာစီ(၁)ထပ် (၄)ခန်းတွဲဆောက်လုပ်ခြင်း ပေ(၆၅×၄၄)
၁၀။	ဒက္ခိဏသီရိမြို့နယ်	ဒက္ခိဏသီရိမြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းအိမ်ရာ၊ အာစီ(၁)ထပ် (၄)ခန်းတွဲဆောက်လုပ်ခြင်း ပေ(၆၅×၄၄)
၁၁။	ဇမ္ဗူသီရိမြို့နယ်	ဇမ္ဗူသီရိ မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံ အာစီ(၁)ထပ် ဆောက်လုပ်ခြင်း ပေ(၄၀×၅၀)
၁၂။	ဇမ္ဗူသီရိမြို့နယ်	ဇမ္ဗူသီရိ မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာ အာစီ(၁)ထပ် (၄)ခန်းတွဲ ဆောက်လုပ်ခြင်း ပေ(၆၅×၄၄)
၁၃။	လယ်ဝေးမြို့နယ်	လယ်ဝေးမြို့နယ် စာရင်းစစ်ရုံးအဆောက်အအုံ အာစီ(၁)ထပ် ဆောက်လုပ်ခြင်း ပေ(၄၀×၅၀)
၁၄။	လယ်ဝေးမြို့နယ်	လယ်ဝေးမြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းအိမ်ရာ အာစီ(၁)ထပ် (၄)ခန်းတွဲဆောက်လုပ်ခြင်း ပေ(၆၅×၄၄)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၇-၄-၂၀၁၄ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၃၀-၄-၂၀၁၄ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် ကျသင့်ငွေပေးသွင်းပြီး ငွေပေးသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါ တင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး လုပ်ငန်းအလိုက် သတ်မှတ်အိတ်ဖွင့်တင်ဒါ တင်သွင်းရမည် ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော် ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၃၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး







နိုင်ဂျီးရီးယား ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်းအား နစ်နာကြေး ဒေါ်လာ ၃၀၀၀၀၀ ပေးရန် တရားရုံးဆုံးဖြတ်

လာဂို့(စ်) မေ ၄

နိုင်ဂျီးရီးယားဗဟိုဘဏ် ဥက္ကဋ္ဌဟောင်း လာမီဒိုဆာနူစီက အစိုးရသည် ၎င်းအား အနှောင့်အယှက် ပေးလျက်ရှိကြောင်း တရားရုံးသို့ အမှုဖွင့်တိုင်တန်းခဲ့ရာ ၎င်းကို နစ်နာကြေးအဖြစ် ဒေါ်လာ ၃၀၀၀၀၀ ပေးရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တစ်ဖန် မစ္စတာ ဆာနူစီကို ၎င်းထံမှ သိမ်းယူထားသော နိုင်ငံကူးလက်မှတ် ပြန်ပေးရန်နှင့် ၎င်းကို တရားဥပဒေနှင့်မညီသော ဖမ်းဆီးခြင်းများ မပြုလုပ်ရန်လည်း တရားရုံးက အမိန့်ထုတ်ပြန်ခဲ့သည်။

မစ္စတာ ဆာနူစီကို ရာထူးမှ ဖယ်ရှားပြီးနောက် မကြာမီ ဖေဖော်ဝါရီလအတွင်း၌ ခေတ္တမျှ ဖမ်းဆီးခဲ့သေးသည်။

မစ္စတာ ဆာနူစီက ရေနံမှရရှိသော အခွန်တော်ငွေဒေါ်လာ ဘီလီယံ ၂၀ ပျောက်ဆုံးလျက်ရှိကြောင်း ထုတ်ဖော်ကြေညာလိုက်သည့်အခါ နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဒ်ဂျိုနသန်က ၎င်းကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ မြို့တော်လာဂို့(စ်)၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် မစ္စတာ ဆာနူစီ၏ နိုင်ငံကူးလက်မှတ်ကို အာဏာပိုင်များက သိမ်းယူခဲ့သည်။

မစ္စတာ ဆာနူစီကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများ မပြုလုပ်ရန် လာဂို့(စ်) တရားရုံးချုပ်က တားမြစ်ထားကြောင်း နိုင်ဂျီးရီးယားပရီမီယံတိုင်း(မ်)သတင်းစာက ဖော်ပြသည်။

ဘီဘီစီ။

နစ်နာကြေး ဒေါ်လာ ၃၀၀၀၀၀ ရရှိမည့် နိုင်ဂျီးရီးယား ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်းအား တွေ့ရစဉ်။

ပျံသန်းမှုမှတ်တမ်းတင်စက်ကို ရှာဖွေမည့် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ပျံသန်းမှုမှတ်တမ်းတင်စက်ကို ပင်လယ်ရေအောက်၌ ရှာဖွေပြီ

ပါ့သ် မေ ၄

ဩစတြေးလျနိုင်ငံ ကမ်းလွန်၏ ဝေးလံသီခေါင်သော ပင်လယ်ပြင်အတွင်း ပျောက်ဆုံးနေသော မလေးရှားလေယာဉ်၏ ပျံသန်းမှု မှတ်တမ်းတင်စက်ကို ပင်လယ်ရေအောက်တွင် ရှာဖွေမှု စတင်ပြုလုပ်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

မတ် ၈ရက်က ပျောက်ဆုံးသွားခဲ့သော ခရီးသည်တင်လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်စက်ကို ရှာဖွေနိုင်ရန် ပင်လယ်ရေအောက်၌ ရှာဖွေရေး ကိရိယာတစ်ခုကို ဖြန့်ကြက်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။

လေယာဉ်ပျက်ကျခဲ့သည့် နေရာအဖြစ် ယူဆရသည့် ဧရိယာအတွင်း ပင်လယ်ရေအောက် ရှာဖွေရေး ကိရိယာကိုချကာ ရှာဖွေမည်ဖြစ်ကြောင်း၊ ပျံသန်းမှု မှတ်တမ်းတင်စက်၏ ဘက်ထရီ သက်တမ်းမကုန်ဆုံးမီ ရှာဖွေတွေ့ရှိနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း လေယာဉ်ပျက် ရှာဖွေရေးအဖွဲ့၏ ညှိနှိုင်းရေးမှူး လေတပ်ဗိုလ်ချုပ်ဟောင်း ဩဂက်စ်ဟူစတန်က ပြောကြားသည်။

ပီတီအိုင်။

ဒမတ်စကပ်အနီး အစိုးရတပ်များ တိုးမြှင့်တိုက်ခိုက်လျက်ရှိ

ဘေရွတ် မေ ၄

ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကပ်အရှေ့ဘက်ရှိ သူပုန်တို့ထိန်းချုပ်ထားသော အမ်လိုင်းဟာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရန်အတွက် အစိုးရတပ်များသည် သောကြာနေ့တွင် တင့်ကားများ၊ စစ်လေယာဉ်များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယန်းလူ့အခွင့်အရေး လေ့လာရေးအဖွဲ့က ပြောကြားသည်။

သူပုန်များကမြို့ကို ကြိုးစား ကာကွယ်လျက်ရှိသဖြင့် အမ်လိုင်းဟာမြို့စွန် ရပ်ကွက်များတွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

လွန်ခဲ့သည့် နှစ်ရက်က သမ္မတအာဆတ်၏ စစ်လေယာဉ်များက ဗုံးကြဲသဖြင့် အတိုက်အခံ တိုက်ခိုက်ရေးသမား ၂၂ ဦး သေဆုံးခဲ့သည်ဟု လေ့လာရေးအဖွဲ့က ထပ်မံပြောကြားသည်။

ဗြိတိန်အခြေစိုက် စောင့်ကြည့်လေ့လာရေးအဖွဲ့အဆိုအရ အစိုးရစစ်လေယာဉ်များသည် သောကြာနေ့တွင် အမ်လိုင်းဟာမြို့ကို လေးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့သည်။ ဒမတ်စကပ်၏ အရှေ့ဘက်ရှိ ယင်းမြို့ကို အစိုးရတပ်များက ဝန်းရံထားသည်မှာ ခြောက်လနီးပါးကြာမြင့်ခဲ့ပြီးဖြစ်သည်။

သူပုန်တို့၏ လက်နက်ကြီးများဖြင့် မကြာခဏ ပစ်ခတ်ခြင်းခံရသည့် အစိုးရတပ်က ထိန်းချုပ်ထားသော ဂျာရာမာနာမြို့အနီး၌တည်ရှိ၍ အမ်လိုင်းဟာမြို့သည် မဟာဗျူဟာကျသည်ဟုဆိုသည်။ **အေအက်ဖ်ပီ။**

အာဖဂန်တွင် ဆင်နွှဲခဲ့သော စစ်ဆင်ရေးများအတွင်း ယခုနှစ် မတ်လတွင် အမေရိကန်စစ်သည်ကျဆုံးမှုမရှိ

ကဘူး မေ ၄

၂၀၀၇ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဆင်နွှဲခဲ့သော စစ်ဆင်ရေးများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမရှိသောကာလအဖြစ် ၂၀၁၄ခုနှစ် မတ်လအား သတ်မှတ်ရမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်းအခြေအနေမှာ အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းသည့် သတ်မှတ်ရက်အတွင်း တပ်ဖွဲ့ဝင်များ အသေအပျောက် မရှိကြောင်း ဖော်ပြနေခြင်းဖြစ်ကြောင်း ပင်တဂွန်၏ ကြေညာချက်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

လတ်တလောကာလတွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၃၀၀၀ ကျော် တပ်စွဲနေပြီး ယင်းမှာ ၂၀၁၁ ခုနှစ်ကာလတွင် တပ်စွဲနေထိုင်သည့် တပ်ဖွဲ့ဝင် ဦးရေ၏ ၁၀၀၀၀၀ ကျော် လျှော့ချနေထိုင်သည့် အခြေအနေဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးဦးဆောင်သည့် အပြည်ပြည်ဆိုင်ရာ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ ယမန်နှစ် ဒီဇင်ဘာလအတွင်း လျှော့ချရန် ဆုံးဖြတ်ခဲ့ပြီး ယင်းနိုင်ငံအတွင်း တပ်ဖွဲ့ဝင်များ ဆက်လက်တည်ရှိရေး အတွက် ယခုနှစ် ဇန်နဝါရီလတွင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ၎င်း၏ တပ်ဖွဲ့များ တည်ရှိရေးအတွက် အမေရိကန်နိုင်ငံက ၂၀၀၁ ခုနှစ်တွင် ဆုံးဖြတ်ခဲ့ပြီး တာလီဘန်တပ်ဖွဲ့များအား ဆန့်ကျင်ခဲ့သည်။

အမေရိကန် ဦးဆောင်သည့် အနောက်အုပ်စု မဟာမိတ်တပ်ဖွဲ့များက တာလီဘန်သောင်းကျန်းသူ အဖွဲ့များအား လျင်မြန်စွာ တိုက်ခိုက်ခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်မှ ထုတ်ပြန်သည့် စာရင်းဇယားများအရ ၂၀၁၃ ခုနှစ်တွင် အမေရိကန် စစ်သည် ၁၃၂ ဦး အာဖဂန်စစ်မြေပြင်တွင် သေဆုံးခဲ့သည်။ယင်းမှာ ၂၀၁၁ ခုနှစ်အတွင်းက သေဆုံးခဲ့သည့် အမေရိကန်စစ်သည် ၃၁၃ ဦး၊ ယင်းနှစ် မတိုင်မီကာလအတွင်းက သေဆုံးခဲ့သည့် အမေရိကန်စစ်သည် ၄၁၅ဦးတို့နှင့် နှိုင်းယှဉ်နိုင်သည်။

ဘီဘီစီ။

အာဖဂန်နစ္စတန်၌ ပစ်ခတ်ခံရမှုကြောင့် အေပီ ဓာတ်ပုံသတင်းထောက်တစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ

ကဘူး မေ ၄

အာဖဂန်နစ္စတန်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲကျင်းပမည့် အကြိုနေ့က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမေရိကန် အေပီသတင်းဌာနမှ ဝါရင့်ဓာတ်ပုံသတင်းထောက်တစ်ဦး သေဆုံးခဲ့ရပြီး အခြားသတင်းထောက်တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းဒေသဆိုင်ရာ သတင်းဌာနများက မေ၄ရက်တွင် သတင်း ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ နယ်စပ်နှင့် မဝေးလှသော အာဖဂန်မြို့ငယ်တစ်မြို့တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

သေဆုံးသူမှာ ဂျာမန်လူမျိုး အင်ဂျာနီဒရင်ဟူး (၄၈နှစ်)ဖြစ်ပြီး ဒဏ်ရာရရှိသူမှာ ကနေဒါလူမျိုး ကေသီဂန်နွန် (၆၀) ဆိုသူဖြစ်သည်။ ၎င်းတို့သည် မော်တော်ကား တစ်စီးပေါ် ထိုင်နေစဉ် ပစ်ခတ်ခံခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူ အေပီရုပ်မြင်သံကြားဌာနမှ အလွတ်တန်း သတင်းထောက်တစ်ဦးက ပြောကြားသည်။

ထိုစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ မေ ၅ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲနှင့် ပြည်နယ်ကောင်စီရွေးကောက်ပွဲများသည် ငြိမ်းချမ်းပြီး ဒီမိုကရေစီပြည့်ဝသော နည်းလမ်းများမှတစ်ဆင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနိုင်မည်ဖြစ်ရာ ပြည်သူများ တက်ကြွစွာ မဲပေးကြရန် ကုလသမဂ္ဂက တိုက်တွန်းလိုက်သည်။

မေ ၂ရက်ညက ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးရေး ကာလပြီးဆုံးခဲ့ပြီးနောက် ရွေးကောက်ပွဲများ ကျင်းပရန် ပြင်ဆင်နေချိန်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးသံတမန် ဂျန်ကူဘစ်က အထက်ပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မေ ၅ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲများသည် ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းနှင့်အညီ အာဏာလွှဲပြောင်းပေးရန် ရည်ရွယ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံတကာတပ်ဖွဲ့များ ယခုနှစ်တွင် ရုပ်သိမ်းပေးကာ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များက နိုင်ငံတစ်ဝန်း လုံခြုံရေးဆိုင်ရာ တာဝန်များကို အပြည့်အဝ ရယူမည်ဖြစ်သည်။

အေပီ၊ ရိုက်တာ။

ခရိုင်းမီးယားရှိ မက်ဒေါ်နယ်စားသောက်ဆိုင်များ ယာယီပိတ်သိမ်း

ကိယက် မေ ၄

ဒေသတွင်း၌ သံတမန်ဆိုင်ရာ တင်းမာမှုများ မြင့်တက်နေခြင်းကြောင့် ခရိုင်းမီးယားဒေသအတွင်းရှိ မက်ဒေါ်နယ်စားသောက်ဆိုင် သုံးဆိုင်အား လုပ်ငန်းလုပ်ဆောင်မှုများ ရပ်ဆိုင်းထားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းဒေသတွင်းရှိ စားသောက်ဆိုင် ဝန်ထမ်းများအား ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် ယင်းစားသောက်ဆိုင်များကို မကြာမီတွင် ပြန်လည်ဖွင့်လှစ်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း မက်ဒေါ်နယ် ကုမ္ပဏီက ပြောကြားသည်။

ရုရှားနှင့် အနောက်အုပ်စုနိုင်ငံများအကြား တင်းမာမှုများမြင့်တက်လာပြီးနောက် ခရိုင်းမီးယားဒေသမှ ပိတ်သိမ်းသည့် စားသောက်ဆိုင် လုပ်ငန်းဖြစ်သည်။ ခရိုင်းမီးယားဒေသမှ လက်ခံရရှိသော ပေးစာများအရ ယင်းပိတ်သိမ်းမှုသည် ကြာရှည်လေးမြင့်ဖွယ်မရှိကြောင်း ဒူချေပို့စ် နေ့စဉ်သတင်းစာက ဖော်ပြသည်။

ခရိုင်းမီးယားဒေသ၌ ယာယီပိတ်သိမ်းသည့် မက်ဒေါ်နယ် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

မက်ဒေါ်နယ် စားသောက်ဆိုင် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ကုမ္ပဏီ၏ ထိန်းချုပ်မှုပြင်ပတွင် ရှိနေခြင်းကြောင့် ခရိုင်းမီးယားဒေသအတွင်းရှိ မြို့ကြီးများဖြစ်သောဆင်ဖရိုပို၊ ဆီဗက်စတိုပိုနှင့် ယော်လ်တာမြို့များရှိ မက်ဒေါ်နယ် စားသောက်ဆိုင်သုံးဆိုင်အား ယာယီပိတ်သိမ်းထားရန် ကုမ္ပဏီကဆုံးဖြတ်ခဲ့ကြောင်းယင်းကုမ္ပဏီကပြောကြားသည်။

မက်ဒေါ်နယ်ကုမ္ပဏီမှ အဆိုပါဒေသအတွင်းရှိ စားသောက်ဆိုင် ဝန်ထမ်းများထံမှ ယူကရိန်းသို့ ပြောင်းရွှေ့ထွက်ခွာရန် ဆန္ဒရှိသူများအား အဆိုပြုရန် ကမ်းလှမ်းထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘီဘီစီ။

တောင်ကိုရီးယားကမ်းလွန်တွင် ကုန်သင်္ဘောနစ်မြုပ် နှစ်ဦးသေဆုံး၊ ၁၁ဦးပျောက်ဆုံး

ဆိုးလ် မေ ၄

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းရှိ ယိုဆူးမြို့ ကမ်းလွန်ပင်လယ်ပြင်တွင် မွန်ဂိုလီးယားနိုင်ငံအလံ လွှင့်ထူထားသော ကုန်သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာသင်္ဘောသားနှစ်ဦး သေဆုံးသွားကြောင်း မေ ၄ရက် သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံမှ သင်္ဘောသား ၁၆ဦး လိုက်ပါလာသော ကုန်သင်္ဘောသည် မေ ၄ရက် နံနက်စောစောပိုင်းက နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ သင်္ဘောသား သုံးဦးကို ကယ်တင်ပေးနိုင်ခဲ့ပြီး ၎င်းတို့ကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ၁၁ဦးပျောက်ဆုံးလျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တန်ချိန် ၄၃၀၀ ရှိ ကုန်သင်္ဘောသည် သံမဏိထုတ်ကုန်ပစ္စည်းများ တင်ဆောင်လျက် မြောက်ကိုရီးယားနိုင်ငံ ချီဘွန်ကျင်းဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီး တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ် ချန်ဒါအိုပင်လယ်ဆိပ်ကမ်းသို့ ဦးတည် ခုတ်မောင်းနေချိန်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

အက်စတွန်ဗီလာတိုက်စစ်မှူး ဘန်တီကီ ခြောက်လကြာ အနားယူရမည်

အက်စတွန်ဗီလာတိုက်စစ်မှူး ဘန်တီကီသည် ဖနောင့်ကြောဒဏ်ရာပြဿနာ ကြုံခဲ့ခြင်းကြောင့် ခြောက်လကြာ အနားယူရမည်ဖြစ်ကြောင်းသိရသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် ဘန်တီကီသည် လေ့ကျင့်ရေးကွင်းတွင် ဖနောင့်ကြောဒဏ်ရာပြဿနာကြောင့် ခွဲစိတ်ကုသမှုခံယူရလိမ့်မည်ဖြစ်ပြီး ယခုနှစ် နွေရာသီတွင် ဘရာဇီးမြေ၌ ယှဉ်ပြိုင်ကစားမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်လည်း လွဲချော်လိမ့်မည်ဖြစ်သည်။

အက်စတွန်ဗီလာတိုက်စစ်မှူး ဘန်တီကီသည် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက အက်စတွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ခုနစ်သန်းဖြင့် ဘယ်လ်ဂျီယံကလပ် ဂျန့်အသင်းမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ဘန်တီကီသည် အက်စတွန်ဗီလာအသင်းအတွက် ပြိုင်ပွဲစုစုပေါင်း ၅၀ ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၂၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အက်စတွန်ဗီလာအသင်းမှ ထွက်ခွာရန် တောင်းဆိုခဲ့သော်လည်း ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်အထိ အက်စတွန်ဗီလာအသင်း၌ ဆက်ရှိနေမည်ဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင်လည်း အက်စတွန်ဗီလာအသင်းအတွက် ၁၁ ဂိုးသွင်းယူထားနိုင်ခဲ့သည်။

အေစီမီလန်ကွင်းလယ်လူ အက်စီယန် အနည်းဆုံးနှစ်ပွဲနားရမည်

အီတလီစီးရီးအေကလပ်မှ အေစီမီလန် ကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယန်သည် ညာဘက်ပေါင်ခြံဒဏ်ရာ ပြဿနာကြုံခဲ့ရခြင်းကြောင့် အနည်းဆုံး ၁၀ ရက်ကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဂါနာကြယ်ပွင့် မိုက်ကယ်အက်စီယန်သည် ပြီးခဲ့သည့်စနေနေ့ညက ကစားခဲ့သော အီတလီစီးရီးအေပွဲစဉ်ဖြစ်သည့် ချီယေဗိုအား သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည့်ပွဲစဉ်တွင် ညာဘက်ပေါင်ခြံဒဏ်ရာပြဿနာ ကြုံခဲ့ခြင်းဖြစ်သည်။

မိုက်ကယ်အက်စီယန်သည် ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် တနင်္လာနေ့တွင်ကစားမည့် ဂျီနိုအာအသင်းနှင့်ပွဲစဉ်၊ ဧပြီ ၁၃ ရက်တွင် ကစားမည့် ကာတာနီးယားအသင်းနှင့် ပွဲစဉ်တို့တွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။ မိုက်ကယ်အက်စီယန်သည် ဇန်နဝါရီလအတွင်းက ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အေစီမီလန်အသင်းအတွက် စီးရီးအေပွဲစဉ် ခြောက်ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။

ကစားသမားလေးဦးအား မန်ယူ စာချုပ်သစ်ချုပ်မည်



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် အသင်း၏ထိပ်တန်းအဆင့်ရှိ လူငယ်ကစားသမားများအနက်မှ လူငယ်ကစားသမားလေးဦးအား စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

တွန်ကလီဗာလေသည် ၎င်း၏လက်ရှိစာချုပ်သက်တမ်း ၁၄ လ ကျန်နေသေးသည့်အချိန်တွင် ဖီးလ်ဂျုံးစ်၊ ဒီဂီယာနှင့် ဝဲလ်ဘက်တို့သည် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသော်လည်း မန်ယူအသင်းအနေဖြင့် အဆိုပါ ကစားသမားလေးဦးအား စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

ဗီဒစ်သည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရန်ရှိနေသည့်အပြင် ဖာဒီနန်သည်လည်း ယခုနှစ်နွေရာသီတွင် စာချုပ်သစ် ကုန်ဆုံးမည်ဖြစ်သောကြောင့် မန်ယူအသင်းသည် ဆောက်သမ်တန်ကစားသမားနှစ်ဦးဖြစ်သည့် လူကီရှောနှင့် လယ်လာနာတို့အား ပေါင်သန်း ၅၀ သုံးစွဲကာ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။





ပေါင်သန်း ၂၀ တန် လယ်လာနာအား ခေါ်ယူရန် ပရီမီယာလိဂ်ထိပ်တန်းအသင်းများ ပစ်မှတ်ထားနေ

ဆောက်သမ်တန် ကွင်းလယ်ကစားသမား လယ်လာနာအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်အတွက် ပရီမီယာလိဂ်၏ ထိပ်တန်းအသင်းများက ပစ်မှတ်ထားလျက်ရှိပြီး အဆိုပါအသင်းများအနက် ချယ်လ်ဆီး၊ လီဗာပူး၊ မန်ယူနှင့် စပါးအသင်းတို့ပါဝင်သည်။

ဆောက်သမ်တန်ကွင်းလယ်ကစားသမား လယ်လာနာ၏ ဆောက်သမ်တန်အနာဂတ်မှာ သေချာရေရာမှုမရှိတော့သည့် အနေအထားတွင်ရှိနေခြင်းကြောင့် ချယ်လ်ဆီး၊ လီဗာပူး၊ မန်ယူနှင့် စပါးတို့က ပစ်မှတ်ထားလာခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဒီယေဂိုကော်စတာအားခေါ်ယူရန်နှင့် ကစားသမားသစ်ခေါ်ယူမှုအတွက် ရန်ပုံငွေရရှိရန် ကွင်းလယ်ကစားသမား အော်စကာ သို့မဟုတ်ပါက ဟာဇက်ကို ရောင်းချရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ကွင်းလယ်ကစားသမား လယ်လာနာသည် ပြီးခဲ့သည့်နှစ်က စာချုပ်သစ်တစ်ရပ်ချုပ်ဆိုပြီးနောက်ပိုင်း ၎င်း၏လက်ရှိစာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်အထိ ရှိနေမည်ဖြစ်သည်။ အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လယ်လာနာသည် အသက် (၁၂)နှစ် အရွယ်တွင် ဆောက်သမ်တန်အသင်းသို့ ရောက်ရှိလာခဲ့ပြီး ပရီမီယာလိဂ်ပွဲ ၃၂ ပွဲကစားအပြီးတွင် ကိုးဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။

ငွေကြယ်

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး





SAMSUNG
The Triangle
Ultimate Cooling Design
ကြိုက်အတွင်းမှ ပြီးပြည့်စုံသောအအေးမြမှု၏ လျှို့ဝှက်ချက်
AR5000
Samsung လေအေးပေးစက်
Samsung Customer Contact Centre. Ph : (01) 2399 888

SHARP
ဂျပန်နိုင်ငံထုတ် အရည်အသွေးကို နှစ်ခြိုက်ပျော်မွေ့ကြပါ
90"
AQUOS
JAPAN TECHNOLOGY
Moe Yu San, Actress
www.sharp.com.sg

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကိုမြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **လူ့အခွင့်အရေး**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊

(၂) ကုလသမဂ္ဂကထုတ်ပြန်ကြေညာသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါလူ့အခွင့်အရေးများ၊

(၃) နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများ၊

(ဃ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဆိုသည်။

(င) **ကော်မရှင်အဖွဲ့ဝင်**ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကိုဆိုသည်။

(စ) **စိစစ်ရွေးချယ်ရေးအဖွဲ့** ဆိုသည်မှာ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မရှင်ရုံး** ဆိုသည်မှာမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသော ရုံးကိုဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂကထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန်၊

(ဃ) လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက် နိုင်ရန်။

အခန်း (၃)
ကော်မရှင် ဖွဲ့စည်းခြင်း၊ အဆင့်အတန်းနှင့် ရပိုင်ခွင့်များ

ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင် ဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦး အထိ ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုတရားသူကြီးချုပ်၊

(ခ) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန၊

(ဂ) ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်၊

(င) မြန်မာနိုင်ငံ တရားလွှတ်တော်ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တစ်ဦး၊

(စ) ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦး၊

(ဆ) မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး၊

(ဇ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး။

၆။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါစံနှင့် ကိုက်ညီသူများကို ကော်မရှင်အဖွဲ့ဝင်လောင်းများ အမည်စာရင်းအတွက် စဉ်းစားရမည် -

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၃၅ နှစ်ထက်မငယ်သူဖြစ်ခြင်း၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံ၍ အကျင့်စာရိတ္တကောင်းမွန်သူအဖြစ် အသိအမှတ်ပြုခံရပြီး ကော်မရှင်အဖွဲ့ဝင်၏လုပ်ငန်းကို ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ဃ) အောက်ပါနယ်ပယ်တစ်ရပ်ရပ်တွင် ဗဟုသုတ သို့မဟုတ် အတွေ့အကြုံကြွယ်ဝသူဖြစ်ခြင်း -

(၁) လူ့အခွင့်အရေးမူများနှင့် သက်ဆိုင်ရာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ၊

(၂) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး၊

(၃) ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး။

(င) ကော်မရှင်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ခံယူချက်ရှိသူဖြစ်ခြင်း။

၇။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် -

(က) ကော်မရှင်အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို စဉ်းစားရာတွင် ကော်မရှင်ဖွဲ့စည်းမှုကို ခြုံငုံစဉ်းစားရမည်။

(ခ) အောက်ပါတို့နှင့်စပ်လျဉ်း၍ ဗဟုသုတ၊ အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုရှိသူတို့ကို ကော်မရှင်အဖွဲ့ဝင်လောင်းများအဖြစ် ထည့်သွင်းစဉ်းစားရမည် -

(၁) ပြည်တွင်းလူ့အခွင့်အရေးဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ၊

(၂) လက်ရှိ စီးပွားရေး၊ အလုပ်အကိုင်နှင့်လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊

(၃) ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်လူ့အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးချင်း၊ မတူညီသော လူ့အသိုက်အဝန်းများနှင့်လူဦးရေအုပ်စုအလိုက် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ၊

(၄) ကော်မရှင်ရှေ့မှောက် ရောက်ရှိလာဖွယ်ရှိသော အခြားမတူကွဲပြားသည့်ကိစ္စရပ်များ၊

(၅) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အားပေးဆောင်ရွက်မှု၊

(၆) အများပြည်သူအား ပညာပေးမှု၊

(၇) ပြည်သူ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊

(၈) အရပ်ဘက်အဖွဲ့အစည်း၊ ပညာရပ်ဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းလုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးရေးနှင့် ဥပဒေရေးရာ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ စဉ်းစားရာတွင် အမျိုးသား၊ အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးများကို သင့်တင့်မျှတစွာ ပါဝင်စေရမည်။

၈။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်းများ ရွေးချယ်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရမည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်သော ကော်မရှင် အဖွဲ့ဝင်လောင်း ၃၀ ဦး၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၉။ နိုင်ငံတော်သမ္မတသည်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ပုဒ်မ ၈ အရ တင်ပြသည့် ကော်မရှင် အဖွဲ့ဝင်လောင်းထဲမှ သင့်လျော်သော ကော်မရှင် အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ထိုသို့ ရွေးချယ်ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူသည် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် နေ့မှစ၍ -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ကော်မရှင် အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် ပြည်တွင်း ပြည်ပဌာန၊ အဖွဲ့အစည်းနှင့်လုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

၁၁။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေသည့် သို့မဟုတ် ထိခိုက်စေနိုင်သည်ဟုယူဆရသည့် အခြားလုပ်ငန်းများ သို့မဟုတ် အခြားဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

အဆင့်အတန်းနှင့်ရပိုင်ခွင့်များ

၁၂။(က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ပြည်ထောင်စု ဒုတိယဝန်ကြီးအဆင့်အဖြစ် လည်းကောင်း သတ်မှတ်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ သတ်မှတ်သော အဆင့်အတန်းနှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

အခန်း (၄)
ကော်မရှင် အဖွဲ့ဝင်၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၁၃။ ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ငါးနှစ် ဖြစ်သည်။

၁၄။ ကော်မရှင် အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ခုထက် ပိုမို တာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

၁၅။ ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်သည် ကော်မရှင်အဖွဲ့ဝင် အသစ်ခန့်အပ်ပြီးသည့် အချိန်အထိ မိမိတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၁၆။ ကော်မရှင် ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၇။ ကော်မရှင် ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ်အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို ကော်မရှင် ဥက္ကဋ္ဌမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်းပြီး အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှ ရပ်စဲနိုင်သည် -

(က) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) တရားရုံးတစ်ခုခုက ပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဂ) တရားရုံးတစ်ခုခုက လူမွဲအဖြစ် ကြေညာခြင်းခံရခြင်း၊

(ဃ) ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း။

၁၉။ နိုင်ငံတော်သမ္မတသည် -

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြထားသော ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းရွေးချယ်၍ ဖြည့်စွက်ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကော်မရှင် အဖွဲ့ဝင်လောင်း အမည်စာရင်းမှ ရွေးချယ်ရန် သင့်လျော်သူ မရှိပါက ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဖြည့်စွက်ခန့်ထားရမည်။

၂၀။ လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက နိုင်ငံတော်သမ္မတသည် အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီ ကျန်အဖွဲ့ဝင်တစ်ဦးဦးအား ယင်းရာထူးနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

၂၁။ ပုဒ်မ ၁၃ ပါ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၉ အရဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

အခန်း (၅)
ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာအဆင့်အတန်းမြှင့်တင်ခြင်းနှင့်ခွဲခြားမှုပုံသဏ္ဌာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း၊

(ခ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှု ရှိ၊ မရှိကို စောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခြင်း-

(၁) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(၃) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင် လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍ လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ဃ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့် နေရာသို့ သွားရောက်စစ်ဆေးခြင်း၊

(င) လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့်အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေး အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့်သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း၊

(ဆ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် အပါအဝင် အခြားအမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် အစိုးရအဖွဲ့က ကော်မရှင်သို့ ရည်ညွှန်းပေးပို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခြင်း၊

(ဈ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သီးခြားရည်ညွှန်းသော ကိစ္စရပ်များကို ပြန်လည်ဖြေကြားခြင်း၊

(ည) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများပြုစုခြင်းနှင့် သင့်လျော်သလို ထုတ်ပြန်ခြင်း၊

(ဋ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(ဍ) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

၂၃။ ကော်မရှင်ဥက္ကဋ္ဌသည် အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၂၄။ကော်မရှင်သည် -

(က) မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် မိမိ၏ဆောင်ရွက်ချက်တစ်ရပ်မှာ ကော်မရှင်၏ အကျိုးနှင့် ဆန့်ကျင်ကြောင်းသိရှိပါက ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်များအား ချက်ချင်းအကြောင်းကြားပြီး ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရမည်။

၂၆။ ကော်မရှင်သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေး အတွက် နိုင်ငံတော်သမ္မတထံ အသိပေး၍ လိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ငှားရမ်းခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများ ကျင်းပခြင်း၊ အစည်းအဝေး အထမြောက်ခြင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း (၆)
စုံစမ်းစစ်ဆေးခြင်း

လူ့အခွင့်အရေး ဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း

၂၈။ လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျယ်ပြန့်စွာဖြစ်ပွားနေသည်ကို လည်းကောင်း၊ ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် ဦးတည်နေသည်ကိုလည်းကောင်း သိရှိပါက ကော်မရှင်သည် ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

၂၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သဘာဝတရား မျှတမှုသဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင်တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံ အက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၀။ လူ့အခွင့်အရေးဖောက်ဖျက်မှုရှိသည်ဟု စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦး သည် မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်အတွက် သော်လည်းကောင်း၊ တူညီသောလူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း၊ တိုင်တန်းလိုသည့် အကြောင်းရင်းဖော်ပြပြီး ကော်မရှင်သို့ တိုင်ကြားနိုင်သည်။

၃၁။ တိုင်တန်းသူသည် အောက်ပါတို့ကို ဆောင်ရွက်ရာတွင် ကော်မရှင်သို့ စာဖြင့် တင်ပြရမည် -

(က) တိုင်တန်းချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) တိုင်တန်းချက်ကို ပြင်ဆင်ရန် ကော်မရှင်၏ ခွင့်ပြုချက်ရယူခြင်း။

၃၂။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်သည့် ကိစ္စရပ်မှတစ်ပါး တိုင်တန်းချက်တစ်ရပ်ကို စုံစမ်းစစ်ဆေးရမည် -

(က) တိုင်တန်းချက်သည် သဘောရိုးဖြင့် တိုင်ကြားချက် မဟုတ်ခြင်း၊

(ခ) တိုင်တန်းချက်သည် ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း၊

(ဂ) တိုင်တန်းသူအတွက် ပို၍သင့်လျော်သော ကုစားမှု သို့မဟုတ် ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်သည့် နည်းလမ်းများရှိခြင်း။

၃၃။ တိုင်တန်းချက်ပါ ကိစ္စရပ်တစ်ခုခုကို ကော်မရှင်က စုံစမ်းစစ်ဆေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း သို့မဟုတ် ရပ်ဆိုင်းရန် ဆုံးဖြတ်ခြင်းသည် ကော်မရှင်၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ယေဘုယျ စုံစမ်းစစ်ဆေးပိုင်ခွင့်ကို ထိခိုက်မှု မရှိစေရ။

၃၄။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရာတွင် တိုင်တန်းချက်ပါ အကြောင်းခြင်းရာသည် ညှိနှိုင်း၍ ရနိုင်သော အလားအလာရှိသည်ဟု ယူဆပါက ညှိနှိုင်းဖြေရှင်းသော နည်းလမ်းကိုအသုံးပြုပြီး ဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရမည်။

၃၅။ ကော်မရှင်သည် မိမိစုံစမ်းစစ်ဆေးလျက်ရှိသော ကိစ္စနှင့်စပ်လျဉ်း၍ သတင်း အချက်အလက်ပေးနိုင်မည်ဟု ထင်မြင်ယူဆရသည့် မည်သည့် ပုဂ္ဂိုလ်ကိုမဆို သတ်မှတ် ချိန်းဆိုထားသည့်နေရာနှင့် အချိန်တွင် လာရောက်သက်သေခံရန် စာဖြင့် ဆင့်ဆိုခြင်း၊ ကတိသစ္စာပြုစေခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် ထွက်ဆိုချက်တွင် လက်မှတ်ရေးထိုး စေခြင်းများ ပြုနိုင်သည်။

၃၆။ ကော်မရှင်သည် အောက်ပါတို့မှအပ မိမိစုံစမ်းစစ်ဆေးသော ကိစ္စတစ်ရပ်နှင့် ပတ်သက်သည်ဟု ယူဆသည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်ရုံးကိုမဆို ယင်းတို့ ပိုင်ဆိုင်သည့် သို့မဟုတ် လက်ဝယ်ထားရှိသည့် စာရွက်စာတမ်းနှင့် အထောက်အထား များ တင်ပြရန်စာဖြင့် ရေးသားဆင့်ဆိုနိုင်သည် -

(က) နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို ထိခိုက်စေနိုင်သည့် စာရွက်စာတမ်း သို့မဟုတ် အထောက်အထားများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသော စာရွက်စာတမ်းများ။

၃၇။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ရ -

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့်တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊

(ခ) တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများ။

၃၈။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဖြစ်စေ၊ ယင်းတို့နှင့် ဆက်နွှယ်သည့် အဖွဲ့အစည်းများနှင့်ဖြစ်စေ သက်ဆိုင်သော တိုင်တန်းချက်အပေါ် ၎င်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏စုံစမ်းတွေ့ရှိချက်ကို အကြံပြု တိုက်တွန်းချက်နှင့်အတူ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပေးပို့ရမည်။ ယင်းဌာန၊ အဖွဲ့အစည်းသည် ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း သည့် အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေကို ရက်ပေါင်းသုံးဆယ်အတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ထိုသို့ ပြန်ကြားရာတွင် တိုင်တန်းသူများ လက်တုံ့ပြန်မှုမခံရစေရေးအတွက် သေချာစေမည့် ဆောင်ရွက်ချက်ကိုလည်း ဖော်ပြရမည်။

၃၉။ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြီးဆုံးသည့်အခါ ကော်မရှင်သည် လိုအပ်ပါက မိမိ၏ စုံစမ်းတွေ့ရှိချက်များနှင့်အကြံပြုချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံတင်ပြပြီး အများပြည်သူ သိရှိနိုင်ရန်လည်း ထုတ်ပြန်နိုင် သည်။

၄၀။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်များ၏လူ့အခွင့်အရေးကို ဖောက်ဖျက်မှုရှိကြောင်း အထောက်အထား ခိုင်လုံစွာတွေ့ရှိပါက ပုဒ်မ ၃၈ နှင့် ၃၉ တို့အရ တင်ပြသည့် အစီရင်ခံစာတွင် အောက်ပါတို့အတွက် အကြံပြုတိုက်တွန်းချက်များကို ဖော်ပြရမည် -

(က) လူ့အခွင့်အရေးဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်းလူ့အခွင့်အရေးဖောက်ဖျက်မှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့် အလားတူ ဖောက်ဖျက်မှုများ ထပ်မံမဖြစ်ပွားစေရေး၊

(ခ) လူ့အခွင့်အရေးဖောက်ဖျက်မှုကို ကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေး၊

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေးရရှိနိုင်ရေး၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင် အဖွဲ့အစည်းက အရေးယူဆောင်ရွက်ရေးနှင့် ယင်းအကြံပြုတိုက်တွန်းချက်များအပေါ် ၎င်းတို့၏အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ သင့်လျော်သော အချိန်ကာလအတွင်း ပြန်ကြားရေး။

အကာအကွယ်ပေးခြင်း

၄၁။ ဤဥပဒေအရ ပေးအပ်ထားသော ကော်မရှင်၏ တာဝန်များကို ထမ်းဆောင်စဉ် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးဝန်ထမ်း သို့မဟုတ် ကော်မရှင် ကိုယ်စားဆောင်ရွက်သည့် ပုဂ္ဂိုလ်အား ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ စော်ကားခြင်း သို့မဟုတ် စွက်ဖက်ခြင်းပြုသူသည် တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၄၂။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားတစ်စုံတစ်ယောက်အား ထိုပုဂ္ဂိုလ်ကဖြစ်စေ ထိုပုဂ္ဂိုလ်နှင့်ကျွမ်းဝင်သူကဖြစ်စေ အောက်ပါကိစ္စတစ်ရပ်ရပ် လုပ်ဆောင်မှုကြောင့် မတရားဖိနှိပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စွက်ဖက်ခြင်းတို့ ပြုခွင့်မရှိစေရ -

(က) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများ အသုံးချရန် ရည်ရွယ်ခြင်း၊

(ခ) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများကို အသုံးချခြင်း သို့မဟုတ် အခြားသူများ၏ အဆိုပါ အခွင့်အရေးများကို မြှင့်တင်ပေးခြင်း၊

(ဂ) ဤဥပဒေအရ လုပ်ဆောင်သော တိုင်တန်းချက်၊ စုံစမ်းစစ်ဆေးချက် သို့မဟုတ် ဆောင်ရွက်ချက် တစ်စုံတစ်ရာနှင့်စပ်ဆိုင်သော သတင်းအချက်အလက် သို့မဟုတ် အထောက်အထားများပေးခြင်း၊

(ဃ) ဤဥပဒေအား ဆန့်ကျင်ရာရောက်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ရန် ငြင်းပယ်ခြင်း၊

(င) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေကို ရည်ညွှန်း၍ဖြစ်စေ တစ်စုံတစ်ရာကို တစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်း။

အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း

၄၃။ ကော်မရှင်သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့်ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာ ထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် အဆိုပါ နေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။ ယင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၄။ ပုဒ်မ ၄၃ အရ ဆောင်ရွက်ရာတွင် ကော်မရှင်သည် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ကြည့်ရှုစစ်ဆေးလိုသော ကာလကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားပြီး အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

(ခ) အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်း၊ ဌာနများအတွင်းရှိ နေရာများနှင့်အကျဉ်းသား၊ အချုပ်သား၊ ထိန်းသိမ်း စောင့်ရှောက်ထားခြင်းခံရသူများ၏ အသုံးအဆောင်များကို စစ်ဆေးခွင့်၊

(ဂ) အကျဉ်းသား၊ အချုပ်သားနှင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများ အား လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်းခွင့်၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အရေးယူဆောင်ရွက်သင့်သည်များကို အကြံပြုတိုက်တွန်းခွင့်နှင့် အဆိုပါ အကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ပြန်ကြားရန် တိုက်တွန်းခွင့်။

၄၅။ ကော်မရှင်သည် မိမိ၏တွေ့ရှိချက်နှင့်အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းနှင့်အများပြည်သူအား သင့်လျော်သလို အသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အခန်း (၇)
ငွေကြေးစီမံခန့်ခွဲရေး

၄၆။ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ် သောငွေကြေးကို ထောက်ပံ့ရမည်။

၄၇။ ကော်မရှင်သည် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံမှမဆို လူ့အခွင့် အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ လွတ်လပ်စွာ ဆောင်ရွက် ခွင့်ကို မထိခိုက်စေသည့် အနှောင်အဖွဲ့မရှိသော အထောက်အပံ့ကို လက်ခံနိုင်သည်။

၄၈။ ကော်မရှင်သည် မိမိ၏ ရငွေ၊ သုံးငွေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပေးရန် တာဝန်ရှိမှုတို့နှင့် စပ်လျဉ်း၍ ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းထား ရှိရမည်။

၄၉။ ကော်မရှင်သည် မိမိ၏ငွေစာရင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်း စစ်ဆေးခြင်းကို ခံယူရမည်။

၅၀။ ကော်မရှင်၏ ရန်ပုံငွေများနှင့် ငွေကြေးလွှဲပြောင်းမှုများအပေါ် တွင် အခွန်စည်းကြပ်မှုများမှ ကင်းလွတ်ခွင့်ရယူလိုပါက သက်ဆိုင်ရာတည်ဆဲအခွန်ဥပဒေများနှင့်အညီ လျှောက်ထားရမည်။

အခန်း(၈)
ဝန်ထမ်းအဖွဲ့အစည်း

၅၁။ကော်မရှင်သည် -

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ်ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သောအရာထမ်း များနှင့် အမှုထမ်းများကို ခန့်ထားရမည်။

(ခ) ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများ၊ ခံစားခွင့်များကို သတ်မှတ်ရမည်။

၅၂။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ ကော်မရှင်ရုံးအကြီးအမှူးအပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်း များကို ခန့်အပ်နိုင်သည်။

၅၃။ (က) ကော်မရှင်ရုံး အကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ရမည့်အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော အခြား လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

(ခ) ရုံးဝန်ထမ်း အဖွဲ့အစည်းသည် ကော်မရှင်ကို တာဝန်ခံရမည်။

၅၄။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်း များနှင့်အညီ ကော်မရှင်ရုံးဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းကို သတ်မှတ်ပေးရ မည်။

၅၅။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ် ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကော်မရှင်ရုံးအရာထမ်းတစ်ဦးဦးအား လက်မှတ်ရေးထိုး၍ လွှဲအပ်နိုင်သည်။ ယင်းသို့ လွှဲအပ်ရာတွင် လွှဲအပ်ခြင်းခံရသူသည် လွှဲအပ်သည့်စာတွင် ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။

၅၆။ ကော်မရှင်ဥက္ကဋ္ဌသည် သက်ဆိုင်ရာအရာထမ်းအား ထိုသို့လွှဲအပ်ထားသော လုပ်ငန်းတာဝန်ကို မည်သည့်အချိန်တွင်မဆို စာဖြင့် ရုပ်သိမ်းနိုင်သည်။

အခန်း(၉)
အထွေထွေ

၅၇။ ကော်မရှင်သည် ကော်မရှင်ရုံးချုပ်ကို ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် ကော်မရှင်ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင် သည်။

၅၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၅၉။ ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင် အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့ခွဲများ၊ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက် ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင် သည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင်အမည်၊ တံဆိပ်နှင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက် ပိုင်ခွင့်ရှိပြီး တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။

၆၁။ ကော်မရှင်အဖွဲ့ဝင်နှင့်ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေ အရ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရပြည်သူ့ဝန်ထမ်း များဖြစ်သည်ဟု မှတ်ယူရမည်။

၆၂။ ဤဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့်သဘောထားမှတ်ချက်ပေးခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်းတို့အတွက် ကော်မရှင်ကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်ကို ဖြစ်စေ၊ ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူကိုဖြစ်စေ ပြစ်မှုကြောင်းအရသော် လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၃။ ကော်မရှင် သို့မဟုတ် ကော်မရှင်ရုံးသို့ ဆက်သွယ်ပေးပို့တင်ပြသည့် သို့မဟုတ် ယင်းက စုဆောင်းရယူထားသည့် စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် သတင်းအချက် အလက်များသည် စိစစ်ဖြတ်တောက်ခြင်း သို့မဟုတ် စွက်ဖက်နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်စေရမည်။

၆၄။ ကော်မရှင်၏ ပရဝဏ်၊ မော်ကွန်းတိုက်၊ စာတွဲများ၊ စာရွက်စာတမ်းများ၊ ဆက်သွယ် ဆောင်ရွက်ချက်များ၊ ပစ္စည်းကိရိယာများ၊ ရန်ပုံငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုများသည် မည်သည့်နေရာ၊ မည်သူ့လက်ဝယ်တွင်ရှိသည် ဖြစ်စေ ထိပါးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ ရယူခြင်း သို့မဟုတ် အခြားနည်းဖြင့် နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၆၅။ ကော်မရှင်သည် မိမိဆောင်ရွက်လျက်ရှိသော စုံစမ်းစစ်ဆေးမှုများ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖော်ထုတ်ပြောကြားသင့်သည်ဟု ယူဆသည့် အချက်အလက်များကို ဖော်ထုတ်ပြောကြားနိုင်ခွင့်ရှိသည်။

၆၆။ ကော်မရှင်သည် မိမိရှေ့မှောက်၌ လာရောက်အစစ်ဆေးခံသူ၏ အမည်နှင့် သတင်းအချက်အလက်များ၊ ကော်မရှင်သို့ ထွက်ဆိုသည့် သက်သေထွက်ဆိုချက်များ၊ တင်ပြသည့် သက်သေခံစာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ တစ်ဦး တစ်ယောက်က ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း၊ ထုတ်ဖော်ပြောဆို ခြင်းမပြုရန် ဆောင်ရွက်ရမည်။ ကော်မရှင်သည် သက်သေများကို အကာအကွယ်ပေး သည့် အစီအမံများကိုလည်း ဆောင်ရွက်နိုင်သည်။

၆၇။ ကော်မရှင်သည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို မိမိ၏ရည်မှန်း ချက်များ အကောင်အထည်ဖော်ရန်ကိစ္စမှတစ်ပါး အခြားနည်းဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

၆၈။ ကော်မရှင်က စုံစမ်းစစ်ဆေးရာ၌ ထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များ ပေးသူသည် မမှန်သက်သေခံမှုဖြင့် တရားစွဲဆိုခံရခြင်းမှတစ်ပါး ယင်းထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များအရ မည်သည့် တရားရုံး တွင်မျှ တရားစွဲဆိုခြင်း မခံထိုက်စေရ။ ကော်မရှင်ရှေ့မှောက်၌ ထွက်ဆိုသော သက်သေ ၏ ထွက်ဆိုချက်၊ သက်သေခံချက်နှင့်ဖြေဆိုချက်များကို အခြားပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား တရားစွဲဆိုရာတွင် အသုံးမပြုရ။

၆၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၁ ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဤဥပဒေအရ ကော်မရှင် ဖွဲ့စည်းပြီးသည်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၇၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ် သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန် နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့် ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။)
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားဆေးဝါးဥပဒေကို ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(က)	ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဆ)	ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဇ)	ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန	အဖွဲ့ဝင်
(ဈ)	ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(ည)	ကိုယ်စားလှယ်တစ်ဦး နေပြည်တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ဋ)	ကိုယ်စားလှယ်တစ်ဦး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ဌ)	ကိုယ်စားလှယ်တစ်ဦး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ဍ)	ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဎ)	ညွှန်ကြားရေးမှူးချုပ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဏ)	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(တ)	ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန"	အတွင်းရေးမှူး

၃။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)တို့တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံး ကျပ်ငါးသောင်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်"။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဆီးအိမ်ကင်ဆာဆိုသည်မှာ

တင်ထက်ထက်ဇော်

ခန္ဓာကိုယ်၏ မလိုလားအပ်သော အရည်များသည် ဆီးအဖြစ်ပြောင်းလဲသွားကာ ထိုအရည်များကို ဆီးအိမ်တွင် ခေတ္တသိုလှောင်ထားလေ့ရှိသဖြင့် ဆီးအိမ်သည် သက်ရှိသတ္တဝါများအတွက် မရှိမဖြစ်လိုအပ်သော ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ဆီးအိမ်ကင်ဆာ၏ ၉၅ ရာခိုင်နှုန်းမှာ ဆီးအိမ်အတွင်း နံရံတစ်သျှူးများထဲရှိ ဆဲလ်များမှ ကင်ဆာဖြစ်လေ့ရှိပြီး ကျန်ငါးရာခိုင်နှုန်းသည် ဆီးအိမ်တွင်း/ပြင် နာကျင်ရောင်ရမ်းခြင်းမှ အစပျိုးခြင်းဖြစ်သည်။ ဆီးအိမ်ကင်ဆာလက္ခဏာများမှာ ဆီးထဲတွင် သွေးပါခြင်း၊ ဆီးသွားစဉ်နာကျင်ကိုက်ခဲခြင်း၊ မကြာခဏဆီးသွားခြင်း (သို့မဟုတ်) ဆီးသွားရန် ခက်ခဲခြင်းတို့ဖြစ်သည်။ အခြားကင်ဆာရောဂါများနှင့် နှိုင်းယှဉ်ပါက ဆီးအိမ်ကင်ဆာသည် အစောပိုင်းအဆင့်တွင် ကုသရန်လွယ်ကူပြီး ပျောက်ကင်းသွားသောအတွေ့အကြုံများလည်းရှိသလို ရောဂါဆက်လက်မပြန့်ပွားတော့သည့် လူနာများ၏ ၉၀ ရာခိုင်နှုန်းသည် နောက်ထပ် အနည်းဆုံး ငါးနှစ်ကျော်မျှ ဆက်လက်အသက်ရှင်နေထိုင်ပါသည်။ သို့သော် အမြစ်မပြတ်ဘဲ ရောဂါပြန်ပေါ်တတ်ကြရာ မပေါ့လျော့ဘဲ မှန်မှန်ဆေးစစ်ခံဖို့ လိုအပ်ပါသည်။

ဆီးအိမ်ကင်ဆာကို အဆင့် (၄)ဆင့် သတ်မှတ်ထားပြီး အစောပိုင်းအဆင့်ကို TA၊ ဆီးအိမ်ကြွက်သားအတွင်း နံရံတစ်ခုလုံး ပျံ့နှံ့ခြင်းကို အဆင့် (၂)၊ အပြင်ကြွက်သားတစ်သျှူးများထိပျံ့နှံ့ခြင်းကို အဆင့် (၃)၊ ခန္ဓာကိုယ်တွင်း အခြားအစိတ်အပိုင်းများနှင့် အရိုးထိပျံ့နှံ့ခြင်းကို အဆင့် (၄)ဟုခေါ်ပါသည်။ ရောဂါအတိမ်အနက်ပေါ်မူတည်၍ Chemotherapy (ခေါ်) ကင်ဆာဆဲလ်များသေစေရန် ဆေးသွင်းကုသနည်း၊ Telescope ဖြင့်လည်းကောင်း၊ ဆီးအိမ်တစ်စိတ်တစ်ဒေသကိုဖယ်ရှား၍ (သို့မဟုတ်) ဆီးအိမ်တစ်ခုလုံးကို ဖယ်ရှား၍ ခွဲစိတ်ကုသနည်း၊ radiation therapy (ခေါ်) ဓာတ်ရောင်ခြည်ဖြင့် ကုသနည်းတို့ဖြင့် ကုသမှုခံယူရပါမည်။

ဆီးအိမ်ကင်ဆာဖြစ်ပေါ်စေနိုင်သည့်အကြောင်းအရာများ-



- ဆေးလိပ်သောက်ခြင်းနှင့် စီးကရက်မီးခိုးငွေ့ ရှူရှိုက်ခြင်း။
- အသားအကြွပ်ကြော်များနှင့် တိရစ္ဆာန်အဆီ။
- အသက် (၆၅) နှစ်နှင့်အထက်။
- အထူးသဖြင့် တိုးတက်ပြီးနိုင်ငံများတွင်တွေ့ရသော Schistosoma haematobium (ခေါ်) ကပ်ပါးပိုး။
- ဆီးအိမ်ကျောက်တည်သူများ၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဆီးရောဂါသည်များ၊ Catheters (ခေါ်) ဆီးပိုက်သွင်းထားရသော ဝေဒနာရှင်များ၊
- မွေးရာပါ ဆီးအိမ်ရောဂါရှိသူများ။
- ဓာတုဓာတ်ပေါင်းဖြစ်သော စိန်ဓာတ်ပါသည့် အဆိပ်ရန့်များဖြစ်ကြသည့် ရော်ဘာ၊ ချည်ရက်ကန်းထည်၊ ဆိုးဆေး၊ ပလတ်စတစ်၊ သုတ်ဆေးအမျိုးမျိုး၊ လယ်သာပေါလစ်စသည်တို့နှင့် နေ့စဉ်ကိုင်တွယ်လုပ်ကိုင်ရခြင်း၊ ရန့်များကို ရှူရှိုက်ခြင်း။
- မကြာခဏဆီးအိမ်ရောင်ရမ်းလေ့ရှိခြင်း။
- သားအိမ်လည်တိုင်ရောဂါများအတွက် မကြာခဏ ဓာတ်ရောင်ခြည်ဖြင့်ကုသခံနေရသူ အမျိုးသမီးများ။
- သုက်ရည်ဂလင်းကင်ဆာအတွက် ဓာတ်ရောင်ခြည်ကုသခံအမျိုးသားများ။
- Chemotherapy drugs (ခေါ်) ကင်ဆာရောဂါ ဓာတုဆေးဝါးဖြင့် ကုသခံလူနာများ။

အမေရိကန်ရှိ National Cancer Institute ၏ စစ်တမ်းများအရ မျိုးရိုးဗီဇအရ အမျိုးသားများသည် အမျိုးသမီးများထက် ဆီးအိမ်ကင်ဆာဖြစ်ပွားနှုန်း သုံးဆမျှ ပိုကြောင်း၊ ကမ္ဘာပေါ်တွင် လူဖြူများသည် လူမည်းများထက် ဆီးအိမ်ကင်ဆာ ဖြစ်နိုင်ခြေပိုများကြောင်း လေ့လာသိရှိရပါသည်။ ဆီးအိမ်ကင်ဆာဖြစ်ပွားသူဦးရေ၏ ထက်ဝက်ခန့်မှာ ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်၍ အင်္ဂလန်နိုင်ငံရှိ The National Health Service (NHS) မှ "ဆီးအိမ်ကင်ဆာအစ၊ ဆေးလိပ်သောက်ခြင်းက"ဟု ဖော်ပြထားသည့်အတွက် မိမိအိတ်ကပ်ထဲမှ ပိုက်ဆံကို မီးရှို့ရုံသာမက၊ ဝေဒနာကိုငွေပေးဝယ်ပြီး ဆိုးကျိုးများသာဖြစ်စေသဖြင့် ဆေးလိပ်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

လက်ထပ်ပြီးစီးခြင်း
B.Sc (Physics)
B.A (Korean)
"The Bagan Wayfarer"

ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၆၀ ဖြင့် တံတားနှစ်စင်း စတင်ဆောက်လုပ်

ကလေးဝ၊ မေ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၆၀ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ် ဆည်ကြီး၊ ဂဇက်၊ ယုဇလယ် ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ဆည်ကြီးတံတားနှင့် ဆီဆုံကုန်း တံတားနှစ်စင်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အရှည် ၂၄၀ ပေ၊ အကျယ် ၁၄ ပေရှိ ဆည်ကြီးသံကူကွန်ကရစ်တံတားကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၆၀ ဖြင့် ဆောက်လုပ်ပြီး၊ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀ ဖြင့် အရှည် ၇၀ ပေ အကျယ် ၁၄ ပေရှိ ဆီဆုံကုန်း သံကူကွန်ကရစ်တံတားကို တည်ဆောက်လျက်ရှိသည်။


စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ကလေးဝမြို့နယ်တွင် ခွင့်ပြုရန်ပုံငွေများဖြင့် တံတားဆောက်လုပ်နေစဉ်။

ယင်းတံတားနှစ်စင်း မှာ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာ ပေါင်း ၅၀ ကျော်တွင် နေထိုင်ကြသော ကျေးလက်ဒေသနေ ပြည်သူ ၂၂၀၀၀ ကျော်တို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက်က လုပ်ငန်း စတင်ဆောက်ရွက်လျက်ရှိရာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အနီးကပ်ကြပ်မတ်ခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

သတင်းတိုများ

ခွင့်ပြုရန်ပုံငွေဖြင့်ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

ကလေးခရိုင်၊ ကလေးဝမြို့နယ် ဆည်ကြီး-ဂဇက်-ယုဇလယ် ကျေးရွာချင်းဆက် မြေသားလမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၇၅ သန်း အကုန်အကျခံ၍ ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။ ယင်းမြေသားလမ်းမှာ အရှည် ၂၁ မိုင်ရှိပြီး ချင်းတွင်းမြစ်အရှေ့ပိုင်း ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၄၈ ရွာအား လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

ညောင်ဦး ရပ်၊ ကျေးများ၌သန်းခေါင်စာရင်းကောက်ယူ

ညောင်ဦးခရိုင် ညောင်ဦးမြို့တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ရပ်ကွက်များအလိုက် စာရင်းကောက်ကွက်များ သတ်မှတ်ထားရှိပြီး စာရင်းကောက်ယူရေးအဖွဲ့များမှ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရန်နှင့် စာရင်းဇယားများ အမှားအယွင်းမရှိ တိကျမှန်ကန်မှုရှိစေရန် စီမံဆောင်ရွက်လျက်ရှိရာ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အိမ်ထောင်စုများထံသို့ စာရင်းကောက်ဆရာမများ ခရိုင်/မြို့နယ် လဝကဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် စာရင်းများကောက်ယူခဲ့သည်။ **ရဲသူရအောင်(ညောင်ဦး)**

မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲရေးလုပ်ငန်းများ ခေတ်မီတိုးတက်စေရန် အတွက် အကူအညီပေးနိုင်ရန် အမေရိကန် ဒေါ်လာ ၅၅ သန်း အသုံးပြုမည်

ရန်ကုန်၊ ဧပြီလ ၄

မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲရေးလုပ်ငန်းများ ခေတ်မီတိုးတက်စေရေး အကူအညီပေးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့က အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀ ထုတ်ချေးပေးရန် ဧပြီ ၂ ရက်က ဆုံးဖြတ်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်ထုတ်ပြန်ချက်အရ သိရသည်။

ထိုစီမံကိန်းအတွက် ဩစတြေးလျအစိုးရက ဒေါ်လာ ၈ ဒသမ ၅ သန်းနှင့် ဗြိတိသျှအစိုးရ (UKAID) က ဒေါ်လာ ၁၆ ဒသမ ၅ သန်းကိုလည်း အလျှုရှင်အစိုးရများ ယုံကြည်အပ်နှံ ရန်ပုံငွေအဖြစ် ပံ့ပိုးပေးထားသည့်အတွက် စုစုပေါင်း ဒေါ်လာ ၅၅ သန်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်စာတွင် ပါရှိသည်။

ယခုစီမံကိန်းသည် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု တိုးတက်ခေတ်မီလာစေရန် ကူညီခြင်းဖြင့် ပြည်သူများအတွက် တာဝန်ခံမှုရှိသည့် အကျိုးရှိသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေနှင့် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ထားသည်။ ယခုစီမံကိန်းသည် အခွန်ကောက်ခံခြင်းမှလည်းကောင်း၊ အခြားရင်းမြစ်များမှလည်းကောင်း ရရှိသည့် ဘဏ္ဍာငွေများကို ကောင်းမွန်စွာ စီမံခန့်ခွဲသွားနိုင်ရန် ကူညီသွားမည်ဖြစ်သည်။ နိုင်ငံတော် ဘဏ္ဍာငွေတိုးလာပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် သာယာဝပြောမှုများကို မြှင့်တင်မျှဝေနိုင်ရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် မဟာဗျူဟာများ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ခွဲဝေချထားခြင်းကို မဟာဗျူဟာကျကျ ဆောင်ရွက်သွားမည့် နည်းလမ်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မှုရှိစေရန် ကူညီသွားမည်။ အရေးအကြီးဆုံးဖြစ်သည့် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ကာ ဘဏ္ဍာငွေနှင့် အခြားအရင်းအမြစ်များကို အသုံးပြုသွားဖြစ်ပြီး ဘတ်ဂျက်များ ခွဲဝေချထားရာတွင်လည်း ရည်မှန်းထားသည့်အတိုင်း ခွဲဝေချထားနိုင်ရန် ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်သွားရန် ရည်ရွယ်သည်။

> **ဘဏ္ဍာငွေတိုးလာပါက ပြည်သူ့. . .**

ပြည်သူ့ဘဏ္ဍာငွေနှင့် အရင်းအမြစ်များကို မည်သို့အသုံးပြုသည်နှင့် စပ်လျဉ်းပြီး စာရင်းဇယားများ ထိန်းသိမ်းခြင်း၊ အစီရင်ခံခြင်း လုပ်ငန်းရပ်များလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ ထိုအချက်က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိလာစေပြီး တာဝန်ခံမှုကိုလည်း ကောင်းမွန်လာမည်ဖြစ်သည်။

အကောက်ခွန်ဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်လာခြင်းကြောင့် အရေးကြီးသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် ဘဏ္ဍာငွေများ ပိုမိုရရှိလာမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာငွေများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုရရှိခြင်း၊ စီမံခန့်ခွဲမှုပြုလုပ်နိုင်ခြင်းဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လေ့လာဆန်းစစ်မှုများကိုလည်းကောင်း ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိလာနိုင်မည့်အပြင် ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာကျကျနှင့် ပွင့်လင်းမြင်သာမှုရှိရှိ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုခေတ်မီရေးကို အထောက်အကူပေးမည့် IDA ၏ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀ သည် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ လျင်မြန်စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုတက်မှု၊ အကူအညီပေးမှုလုပ်ငန်းများအနက် တစ်ခုဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ဥက္ကဋ္ဌ ဂျင်ယုံကင်မ်သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်က မြန်မာနိုင်ငံသို့ လာရောက်စဉ် မြန်မာနိုင်ငံ၏ နှစ်ရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်အုပ်စုက အမေရိကန်ဒေါ်လာ သန်းနှစ်ထောင် အကူအညီပေးမည့် အစီအစဉ်ကို ကြေညာခဲ့သည်။ ထိုအစီအစဉ်တွင် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ရေးကို အကူအညီပေးသည့် စီမံကိန်းများနှင့် အခြားအရေးကြီးသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေး လုပ်ငန်းများအား ထောက်ပံ့ပေးရေးတို့ ပါဝင်သည်။

မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ် ၅၁ ခုမှ အချို့မဏ္ဍပ်များမှာ ၈၅ ရာခိုင်နှုန်းပြီးစီး

မန္တလေး၊ ဧပြီ ၄

မန္တလေးမဟာသင်္ကြန်၏ အဓိကအစည်ကားဆုံးနှင့် ပျော်ရွှင်ဖွယ်ရာအကောင်းဆုံးဖြစ်သော ကျုံးပတ်လည်တွင် ယခင်နှစ်များက မရှိခဲ့သော ကျုံးမြောက်ဘက် ၁၂ လမ်းတွင် ရေပက်ခံမဏ္ဍပ်အား ယခုနှစ်တွင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမဟာသင်္ကြန်အတွက် ကျုံးတောင်ဘက် ၂၆ ဘီလမ်းတွင် ရေကစားမဏ္ဍပ် ၁၅ ခု၊ ကျုံးအရှေ့ဘက် ၆၆ လမ်းတွင် ရေပက်ခံမဏ္ဍပ် ၁၅ ခု၊ ကျုံးအနောက်ဘက် လမ်း ၈၀ တွင် ရေကစားမဏ္ဍပ် သုံးခု၊ ကျုံးမြောက်ဘက်တွင် ရေကစားမဏ္ဍပ် တစ်ခု၊ မန္တလေးမြို့တွင် မဏ္ဍပ် ရှစ်ခု၊ မန္တလေးကန်တော်ကြီးတွင် ရေကစား မဏ္ဍပ် ကိုးခု စုစုပေါင်းမဏ္ဍပ် ၅၁ ခုအား လတ်တလောတည်ဆောက်နေကြောင်း သိရသည်။

မန္တလေးမဟာသင်္ကြန်အတွက် ကျုံးတောင်ဘက် ၂၆ ဘီလမ်းတွင် MARI TIME မဏ္ဍပ်၊ SMILE ရေကစားမဏ္ဍပ်၊ စိန်စပွယ်ဖူးမဏ္ဍပ်၊ Y.S.K မဏ္ဍပ်၊ ဂျီစစ်မဏ္ဍပ်၊ DOMINO မဏ္ဍပ်၊ ALPINE မဏ္ဍပ်၊ မောဇကေရီမဏ္ဍပ်၊ LOLLI POP မဏ္ဍပ်၊ LASVEGAS မဏ္ဍပ်၊ PLATINUM GARDEN မဏ္ဍပ်၊ PONDORA မဏ္ဍပ်များ၊ ကျုံးအရှေ့ဘက် ၆၆ လမ်းတွင် လေတပ်မဏ္ဍပ်၊ H2O မဏ္ဍပ်၊ WATER. INVITE FESTIVAL မဏ္ဍပ်၊ UNIQUE မဏ္ဍပ်၊ စကားဝါမြိုင်မဏ္ဍပ်၊ တိုကျို မဏ္ဍပ်၊ SKY LINE မဏ္ဍပ်၊ နွေရတီမဏ္ဍပ်၊ စမတ်ဘားမဏ္ဍပ်၊ SWAG CITY မဏ္ဍပ်၊ ဟိုတယ်နှင့်ခရီးသွားမဏ္ဍပ်၊ ကျုံးအနောက်ဘက်လမ်း ၈၀ တွင် နွေဦးကဗျာမဏ္ဍပ်၊ ကျုံးမြောက်ဘက် ၁၂ လမ်းတွင် ဟိုက်ကလပ်မဏ္ဍပ်များသည် တည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးမဟာသင်္ကြန် ရေကစားလိုသူများသည် သင်္ကြန်အကြိုနေ့တွင် အခမဲ့ရေကစားနိုင်မည်ဖြစ်ပြီး သင်္ကြန်အကျနေ့တွင် ၁၀၀၀၀ ကျပ်၊ သင်္ကြန်အကြတ်နေ့တွင် ၁၂၀၀၀ ကျပ်နှင့် သင်္ကြန်အတက်နေ့တွင် ကျပ် ၁၅၀၀၀ နှုန်းနှင့် လူတစ်ဦးအတွက် ပါဝင်ကစား နိုင်ကြောင်း သိရသည်။

တန်ခူးလသည် မြန်မာတို့၏ ၁၂ လရာသီတွင် ပထမဦးဆုံးဖြစ်သလို အတာသင်္ကြန်ရေပက်ပွဲတော် ကျင်းပသည့်လရာသီဖြစ်ပြီး မကြာမီ ကျရောက်တော့မည့် မဟာသင်္ကြန်ပွဲတော်အတွက် ယခုအချိန်တွင် မန္တလေးမြို့၌ သင်္ကြန်ရေပက်ခံမဏ္ဍပ်များ အမြန်ဆုံး တည်ဆောက်နေသည်ကို တွေ့မြင်နေရကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

သတင်းတိုများ

သံတွဲမြို့နယ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် အလယ်ရွာ ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၃၀၆ သန်းဖြင့် ‘ဇွဲ’ ဆောက်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သော အလယ်ရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါကွန်ကရစ်လမ်းဖွင့်ပွဲသို့ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်ကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ စုစုပေါင်းအင်အား ၃၅၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်အတွင်း သန်းခေါင်စာရင်း စတုတ္ထနေ့ ဆက်လက်ကောက်ယူလျက်ရှိ

တပ်ကုန်းမြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မတ် ၃၀ ရက် နံနက် ၇ နာရီမှ စတင်ကောက်ယူခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၉ အုပ်စု၌ ကောက်ကွက်ပေါင်း ၃၄၁ ကွက်အား စာရင်းကောက်ပေါင်း ၃၅၈ ဦး၊ စာရင်းစစ်ပေါင်း ၈၉ ဦးဖြင့် စတင်ကောက်ယူခဲ့ရာ မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ အိမ်ထောင်စု စုစုပေါင်း ၁၆၀၁၂ ခုနှင့် လူဦးရေ ၆၈၉၄၄ ဦးအား ကောက်ယူနိုင်ခဲ့ပြီး ယနေ့တွင် စာရင်းကောက်၊ စာရင်းစစ်များ စတုတ္ထနေ့စာရင်းအား ဆက်လက်ကောက်ယူလျက်ရှိရာ မိသားစုဝင်များက မေးခွန်းများကို မှန်ကန်စွာဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်လျက်ရှိကြောင်း သိရသည်။

တပ်ကုန်း(မြို့နယ်ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့တွင် ခိုင်ကြီးပန်းချီ၊ ပန်းပုလုပ်ငန်းမှ နွေရာသီအခမဲ့ပန်းချီသင်တန်းဖွင့်လှစ်

တပ်ကုန်း၊ ဧပြီ ၄

နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက် မီးရထားဝန်းအနီးတွင် ပန်းချီ၊ ပန်းပုဆရာကြီး ဦးသောင်း၏ သား ‘ခိုင်ကြီး’ ပန်းချီပန်းပုလုပ်ငန်းမှ နွေရာသီ အခမဲ့ပန်းချီသင်တန်း ဖွင့်လှစ်ပေးကြောင်း သိရသည်။

ယခုအခါ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏ အားလပ်ချိန်များကို ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ အားကစားသင်တန်း၊ ယဉ်ကျေးမှုသင်တန်း၊ ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ခြင်းများဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုလျက်ရှိရာ ယခုဖွင့်လှစ်သည့် အခမဲ့ပန်းချီသင်တန်းကိုလည်း စိတ်ဝင်စားစွာ လာရောက် သင်ယူလျက်ရှိကြောင်း သိရသည်။

နွေရာသီအခမဲ့ ပန်းချီသင်တန်းတွင် စိတ်ပါဝင်စားစွာသင်ကြားနေသည့် ကလေးများကိုတွေ့ရစဉ်။

“ကျွန်တော်တို့သားတွေက အဖေ့ပန်းချီ၊ ပန်းပုပညာ အမွေတွေကို အကုန်ရခဲ့ပါတယ်။ ကျွန်တော်တို့က ကလေးတွေကို အဖေ့ပန်းချီပညာ အမွေတွေ ဖြန့်ပေးတာပါ။ ကလေးတွေကလည်း ကြိုးကြိုးစားစား ပန်းချီပုံတွေကို လိုက်ဆွဲပါတယ်။ ကျွန်တော်တို့က ပန်းချီပညာတွေကို တစ်ဆင့်ပြီး တစ်ဆင့် သင်ပေးမှာပါ။ ကလေးတွေကိုလည်း ကျွန်တော်တို့ တတ်သလို တတ်စေချင်ပါတယ်။ နောင်နွေရာသီ ကျောင်းပိတ်ရက်မှာလည်း အခမဲ့ပန်းချီသင်တန်း ဖွင့်လှစ်ပေးဦးမှာပါ” ဟု ပန်းချီပန်းပုဆရာ ကိုခိုင်ကြီးက ပြောပြသည်။

ယခုကဲ့သို့ အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသည့် ‘ခိုင်ကြီး’ ပန်းချီပန်းပုလုပ်ငန်းမှာ နှစ်ပေါင်း ၅၀ ကျော်ပြီဖြစ်သည့် မိရိုးဖလာ ပန်းချီပန်းပုလုပ်ငန်းဖြစ်ကြောင်းလည်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

Summit ကိုယ်ပိုင်မူလတန်းကျောင်း SPPS (ကက - ၁၃/၃၈/ဝ၄၁)
No.91, Upper Kyeemyindine Rd, Yangon. Ph: 01 538398, 09450066812, 09731 50347
Summit ကိုယ်ပိုင်မူလတန်းကျောင်း SPPS (ကက - ၁၃/၃၈/ဝ၄၁)

Vocational Engineering Training Center
- PLC & Automation System Engineering
- Skill Electrician (Grade-2),(M&E,Marine)
- Electrical Control & Automation System
- AutoCAD (2D,Iso, 3D Application)
- 3Ds Max (Solid Work Special Design)
- PIC VS Embedded System Applications
- Industrial Electronics Skill Applications
- E-CAD(Electrical Drawing & Design)
- M&E (Mechanical & Electrical Drawing)
- Revit (MEP)

ဈေးနှုန်း - 1800 သိန်း (ညှိနှိုင်း)

ဈေးနှုန်း - 1700 သိန်း (ညှိနှိုင်း)

ရမ်းဗြဲမြို့၌ သောက်သုံးရေ ရရှိမှု ဖူလုံစေရန် ရေကန် ရှစ်ခုနှင့် ရေတွင်း ၁၁ ခု တူးဖော်သွားမည်

ရမ်းဗြဲ၊ ဧပြီ ၄

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း သောက်သုံးရေရရှိမှု ဖူလုံစေရန်အတွက် သောက်သုံးရေကန် ရှစ်ခုနှင့် စိမ့်စမ်းရေတွင်း ၁၁ ခုအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန၏ အကူအညီဖြင့် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘထီးက ပြောသည်။

"ဒီမှာသောက်သုံးရေရရှိမှု အခက်အခဲရှိတယ်။ အဝီစိတွင်း တူးရင်လဲ မရဘူး ရေငန်တွေပဲထွက်တာ။ အဲဒါကြောင့် သောက်ရေကန်တွေနဲ့ စိမ့်စမ်းရေတွင်းတွေပဲ ကျေးရွာတွေက အားကိုးနေရတာ။ နွေရာသီကျရင် ရေရဖို့ အခက်အခဲရှိသွားပြီ ဒါကြောင့် ကျေးလက် ဖွံ့ဖြိုးရေး ငွေတွေကို သောက်သုံးရေရရှိရေးနဲ့ လမ်းတံတားတည် ဆောက်တဲ့နေရာတွေမှာ အသုံးပြုတယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

ရမ်းဗြဲမြို့နယ်အတွင်း ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာအုပ်စုပေါင်း ၅၁ အုပ်စုတည်ရှိ၍ လူဦးရေ တစ်သိန်းကျော်ခန့် နေထိုင်လျက်ရှိပြီး အဆိုပါ ကျေးရွာအုပ်စုများမှ ပြည်သူများ အနေဖြင့် ပူပြင်းခြောက်သွေ့သောရာသီတွင် သောက်သုံးရေရရှိရန်မှာ အခက်အခဲ ရှိနေခြင်းကြောင့် ရေခတ်များစွာလိုအပ်သည့် သီးနှံများ မစိုက်ပျိုးနိုင်ဘဲ ရေခတ်အနည်းငယ်သာ လိုအပ်သည့် ငရုတ်၊ ပဲ၊ ခရမ်း၊ နှမ်း၊ ပြောင်းအစရှိသည့် သီးနှံများသာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိနေကြောင်း သိရသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် ကျန်းမာရေး စောင့်ရှောက်မှုများလည်း လိုအပ်လျက်ရှိနေသည်။

> သောက်သုံးရေ ရရှိမှု အခက်အခဲရှိတယ်၊ အဝီစိတွင်းတူးရင်လဲမရဘူး ရေငန်. . .

"ကျွန်တော်တို့ရဲ့ မြို့နယ်ဆေးရုံကို ၂၅ ကုတင်ဆံ့ကနေ ကုတင် ၅၀ ဆံ့ အဖြစ် အဆင့်မြှင့်တင်နိုင်ဖို့ တင်ပြထားတယ်။ အဲဒါကလည်း ဒီနှစ်မှာ ကျဖို့ သေချာသလောက်ရှိနေပြီး ရမ်းဗြဲမြို့ဆေးရုံက ရခိုင်ပြည်နယ်ရဲ့ ပထမဦးစားပေးအဆင့်မှာ ရှိနေပြီ"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီးက ပြောသည်။

လက်ရှိအချိန်တွင် ရမ်းဗြဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဝမ်းဆွဲဆရာ၊ ဆရာမနေအိမ်များ ပြင်ဆင်ခြင်း၊ မြို့နယ်ဆရာဝန်များ၏ နေအိမ်ဟောင်းများ ပြန်လည်တည်ဆောက်ခြင်း၊ လက်ထောက်မြို့နယ်ဆရာဝန်များ၏ နေအိမ်များကို ပြင်ဆင်ခြင်းများ ပြုလုပ်ပေးလျက်ရှိနေကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

ရမ်းဗြဲမြို့နယ်အတွင်းရှိ ကျေးရွာများမှာ ကျန်းမာရေးချို့တဲ့မှုများ ဖြစ်ပေါ်လာပါက မိုင်နဲ့ချီဝေးကွာသော ရမ်းဗြဲမြို့ပေါ်သို့ တက်ရောက် ဆေးကုသရသောကြောင့် အခက်အခဲများ ဖြစ်ပေါ်လျက် ရှိနေသည့်အတွက် ကျေးလက်ဒေသ ဆေးပေးခန်းများလည်း လိုအပ်လျက်ရှိနေကြောင်း အဆိုပါကျေးရွာနေ ပြည်သူများထံမှ သိရသည်။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ရမ်းဗြဲမြို့ရှိ ကျေးရွာများမှာ ပညာသင်ယူမှု အပိုင်းတွင်လည်း အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

တင်မောင်ဦး

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင်နေထိုင်သည့် မိသားစုဝင်များ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအလိုက် ခြုံငုံစဉ်းစားဆောင်ရွက်ပေးနေသည့်ကာလအတွင်း မိုးများကာလအတွင်း၌ ရေတင်၊ ရေကျန်၊ ရေဝပ်၊ ရေအိုင်တို့ကြောင့် လမ်းသားများပျက်စီးခြင်း၊ မှဲ့ခြင်းယင်တို့မှတစ်ဆင့် သွေးလွန်တုတ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများမဖြစ်ပွားကြစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နောက်ပိုင်းခရိုင်(၂) ခရိုင်မှူး ဦးကံညွန့်၊ လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးအဖွဲ့(လမ်းနှင့်တံတား)ဌာန၊ တာဝန်ခံ ဦးခင်မောင်စောတို့က ဌာနဝန်ထမ်းအင်အားများကို အသုံးပြုလျက် ပင်မရေနုတ်မြောင်းကြီးများဖြစ်သည့် ရန်ကုန်၊ ညောင်တုန်းလမ်းမကြီး ဝဲ/ယာမှ ရေမြောင်းအတွင်းမှ နုံးနှင့်အမှိုက်၊ မြက်များကို ရှင်းလင်း၍ ရေစီးရေလာကောင်းမွန်ရေးအတွက် ဦးစားပေးဆောင်ရွက်နေကြသည်ကို ဧပြီ ၂ ရက်က တွေ့မြင်ခဲ့ရသည်။ သတင်းနှင့်ဓာတ်ပုံ- မင်ထက်ပိုင်(လှိုင်သာယာ)

ကြည့်မြင်တိုင်တွင် လူတစ်ဦးဓာတ်လိုက် သေဆုံးမှုဖြစ်ပွား

ရန်ကုန်၊ ဧပြီ ၄

ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်းရှိ မြသီတာ ငါးဒိုင်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် သေဆုံးသူမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူ အသက်(၃၀)နှစ်ရှိ ကိုမင်းမင်း ဖြစ်ပြီး ရင်ဘတ်တွင် အပူလောင်ဒဏ်ရာနှစ်ချက် ရရှိသေဆုံးနေသည်ကို တွေ့ရသည်။

စုံစမ်းစစ်ဆေးချက်အရ သေဆုံးသူသည် နံနက် ၁ နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်းရှိ မြသီတာ ငါးဒိုင်၌ ရေစိုနေသည့်အဝတ်အစားကို ဝတ်ဆင်ထားလျက်ဖြင့် လျှပ်စစ်မီးချောင်းတပ်ဆင်ရာမှ ဓာတ်လိုက်ခဲ့၍ ယခုကဲ့သို့ ဒဏ်ရာများရရှိကာ သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဓာတ်လိုက်သေဆုံးမှုနှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၃/၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၃၁

ဇေယျာသီရိမြို့နယ်တွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ ရှင်းလင်း

နေပြည်တော် ဧပြီ ၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံမှုနှင့် ပတ်သက်၍ ရှင်းလင်းခြင်းအား ဧပြီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဥတ္တရခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးမျိုးသန့်ထွန်းက ဓာတ်အားခ တိုးမြှင့်ကောက်ခံမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်

အခမ်းအနားသို့ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးထွဋ်ဦးနှင့် ကျေးရွာအုပ်စု ၁၃ ခုမှ မီးလင်းရေးကော်မတီဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရူပဗေဒ)

ပခုက္ကူမြို့တွင် ပညာရေးထောက်ပံ့မှုပေးအပ်

ပခုက္ကူ၊ ဧပြီ ၄

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ပခုက္ကူမြို့၊ မြို့သစ်ရပ်နေ မငြိမ်းသာဇော်အား မကွေးမြို့၊ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းဦးညီညီအောင်မိသားစုမှ တစ်နှစ်စာငွေကျပ်သုံးသိန်း ခြောက်သောင်းအားလစဉ် ငွေကျပ် သုံးသောင်းစီထောက်ပံ့ပေးခြင်းကို ဧပြီ ၃ ရက်က ပခုက္ကူခရိုင် ပြည်ခိုင်ဖြိုးပါတီရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။ **အောင်(မန်းတက္ကသိုလ်)**



ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နွယ်ဦး ဘုရားဖူးအဖွဲ့နှင့် ရုံချိန်အတွင်းဆက်သွယ်၍ မိမိတို့တတ်စွမ်းသမျှ ဖိနပ်ကိုလိုက် ရရှိနိုင်ပါသည်-

		မိဂဒါဝုန်	ကုသိနာရုံ	နယူးဒေလီ
၁။ မြေ(၁)စတုရန်းပေ/(၁)ယူနစ် (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀	၃၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ	နယူးဒေလီ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀	၃၀,၀၀၀

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာ့အေးစေတီဘုရားအိမ်ရာ၊ ကမ္ဘာ့အေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၅၆၀၀၁၂၃
ရုံးခွဲ - Gandamar Wholesale၊ မြေညီထပ်၊ မေဓာဝီလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်း၊ ရန်ကုန်။
☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ်(၂၃)နေ General Paints & Chemicals Industries Company Limited ၏ Managing Director ဖြစ်သူ ဦးအပ်ခြုံ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင် အသက်(၇၂)နှစ်သည် ၂၇-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ Bumrungrad International Hospital ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှဖေ သဘော်ာဆေးနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
မော်လမြိုင်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
ဆင်မင်းဦးတင်ရွှေ(အသုတ်မြို့)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်ရပ်ကွက်၊ အမှတ်(၁၀)၊ သီရိဂုဏ်ရည်ခြံနေ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်တင်တင်ဝင်း၊ ရွှေသပြေကုမ္ပဏီမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း)ဦးတင်ရွှေ
အသက်(၈၁)နှစ်
(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

၃။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် (၃၀-၄-၂၀၁၄)ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၂-၅-၂၀၁၄)ရက်(သောကြာနေ့)တွင် ထုတ်ပေးမည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၅-၂၀၁၄(တနင်္လာနေ့)	အင်္ဂလိပ်စာ	၉နာရီမှ ၁၂နာရီ
၆-၅-၂၀၁၄(အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉နာရီမှ ၁၂နာရီ

၅။ သင်တန်းအတွက်လူတွေ့စစ်ဆေးခံရန်အမည်စာရင်း(Short List)ကို (၂၂-၅-၂၀၁၄)ရက်(ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၄-၅-၂၀၁၄)ရက်(စနေနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၀၁၄ခုနှစ်၊ ဇွန်လဆန်းတွင် ထုတ်ပြန်ကြေညာမည်။

၆။ ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန် ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊၀၁-၆၄၂၅၆၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာ ဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ခု၊ ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ်၊ ဇွန်လ(၉)ရက်မှစတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းများ

- (က) မြို့ပြအင်ဂျင်နီယာ (Structural Engg;/Water Resources Engg;/Geotechnical Engg;/ Transportation Engg;/Construction Management)
- (ခ) စက်မှုအင်ဂျင်နီယာ
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဃ) အီလက်ထရွန်နစ် အင်ဂျင်နီယာ
- (င) သုတနည်းပညာ အင်ဂျင်နီယာ
- (စ) မက္ကာထရွန်နစ်အင်ဂျင်နီယာ
- (ဆ) ဓာတုအင်ဂျင်နီယာ
- (ဇ) ချည်မျှင်နှင့် အထည်အင်ဂျင်နီယာ
- (ဈ) သတ္တုတူးဖော်ရေး အင်ဂျင်နီယာ
- (ည) ရေနံအင်ဂျင်နီယာ
- (ဋ) သတ္တုဗေဒအင်ဂျင်နီယာ (Adaptive Metallurgy / Extractive Mestallurgy)
- (ဌ) ဗိသုကာ

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့် သင်တန်းများဖြစ်ပြီး မဟာဘွဲ့ အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ်၊ စုစုပေါင်း (၂) နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

- (က) လျှောက်ထားသူနှင့် ၎င်း၏ မိဘနှစ်ပါး(၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ မိတ္တူတင်ပြနိုင်ရမည်။)
- (ခ) နည်းပညာတက္ကသိုလ်များမှ သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
- (ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားကို ၂-၅-၂၀၁၄ရက် (သောကြာနေ့) တွင် ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၅-၂၀၁၄ (တနင်္လာနေ့)	အင်္ဂလိပ်စာ	(၉:၀၀)နာရီမှ (၁၂:၀၀) နာရီ
၆-၅-၂၀၁၄ (အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	(၉:၀၀) နာရီမှ (၁၂:၀၀) နာရီ

၇။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း (Short List) ကို ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၄-၅-၂၀၁၄ရက် (စနေနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၀၁၄ခုနှစ်၊ ဇွန်လဆန်းတွင် ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

"မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း"
အသင်းသားစုံညီအထူးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၏ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းအတည်ပြုနိုင်ရေးအတွက် အသင်းသားစုံညီအထူးအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၅-၄-၂၀၁၄(သောကြာနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀နာရီ
ကျင်းပမည့်နေရာ - UMFCCI ၇လွှာ၊ အခန်း(၄၁၂)
- အမှတ်(၂၉)၊မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

မော်ဒယ်မြင့် Hiace ပိုင်ရှင်ကိုယ်တိုင် ငှားရန်ရှိသည်။ မြို့တွင်း/နယ်ဝေး/လချုပ်
ဖုန်း-၀၉-၄၃၀၇၃၄၀၃၊
ဖုန်း-၀၉-၃၁၄၈၅၂၄၇

ငှားမည်

စီးပွားရေးလုပ်ရန် အချက်အချာကျ လမ်းမတော်မြို့နယ်တွင်းရှိ ပေ(၂၅×၅၀) (၁၀)ခန်း Lift ပါ ၁၀ ခန်းလုံးကို တစ်ဦးတည်းငှားမည်။
ဆက်သွယ်ရန် ဖုန်း -၀၉ ၇၃၀၁၅၇၆၆၊
၀၉ ၅၁၄၁၇၇၈၊ ၀၉ ၂၅၀၀၅၀၀၇၈၊ ၀၉ ၅၀၇၅၇၂၆

ကျေးဇူး ဆပ်ရန်

ဦးဘဝ မှတ်ပုံတင်ကိုင်ဆောင်သူ SLN 000899 အား ကူညီခဲ့ဖူးသော ကျေးဇူးကို ပေးဆပ်ရန်အတွက် ရောက်ရာအရပ်မှ ဆက်သွယ်ပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉ ၇၃၁၉၄၆၅၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

၁	ပူတာအိုလူငယ်သင်တန်းကျောင်း	တစ်ထပ်အိပ်ဆောင်(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ (အားလုံးRC)
၂	ဘော်လခဲလူငယ်သင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ တစ်ထပ်အိပ်ဆောင် (၂)လုံး၊ တစ်ထပ်ခန်းမဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်သာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်းများ
၃	မင်းတပ်-၁ လူငယ်သင်တန်းကျောင်း	ခန်းမဆောင်(၁)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံးRC)
၄	မတူပီ လူငယ်သင်တန်းကျောင်း	တစ်ထပ်ခန်းမဆောင်(၁)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံးRC)
၅	ကန်ပက်လက် လူငယ်သင်တန်းကျောင်း	နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၁)လုံး၊ ၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ ခန်းမဆောင်(၁)လုံး၊ ၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံးRC)
၆	ဟားခါး လူငယ်သင်တန်းကျောင်း	ခန်းမဆောင်(၁)လုံး၊ ၆ ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံးRC)
၇	ဖလမ်း လူငယ်သင်တန်းကျောင်း	တစ်ထပ်အိပ်ဆောင်(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၁)၊ စားရိပ်သာ(၁)လုံး၊ (အားလုံးRC)
၈	ထန်တလန် လူငယ်သင်တန်းကျောင်း	တစ်ထပ်အိပ်ဆောင်(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၁)၊ ၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံးRC)
၉	သထုံ လူငယ်သင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ တစ်ထပ်အိပ်ဆောင် (၂)လုံး၊ တစ်ထပ်ခန်းမဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်သာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်းများ
၁၀	စစ်တွေ လူငယ်သင်တန်းကျောင်း	နှစ်ထပ်အိပ်ဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ (အားလုံးRC)
၁၁	မင်းပြား လူငယ်သင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ တစ်ထပ်အိပ်ဆောင် (၂)လုံး၊ တစ်ထပ်ခန်းမဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်သာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်းများ
၁၂	မောင်တော လူငယ်သင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ တစ်ထပ်အိပ်ဆောင် (၂)လုံး၊ တစ်ထပ်ခန်းမဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်သာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်းများ
၁၃	ကျောက်ဖြူ စက်မှုလက်မှုကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ တစ်ထပ်အိပ်ဆောင်(၂)လုံး၊ ခန်းမဆောင်(၁)လုံး၊ အလုပ်ရုံနှင့်စာသင်ခန်းမ(၃)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ ၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်းများ
၁၄	လားရှိုး လူငယ်သင်တန်းကျောင်း	နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၁)လုံး၊ ကျောင်းအုပ်နေအိမ်(၁)လုံး၊ (အားလုံးRC)
၁၅	ကွမ်းလုံ လူငယ်သင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ တစ်ထပ်အိပ်ဆောင်(၃)လုံး၊ တစ်ထပ်ခန်းမဆောင်(၁)လုံး၊ စားရိပ်သာ(၂)လုံး၊ ရေချိုးခန်းအိမ်သာ(၃)လုံး၊ ၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်း
၁၆	ပင်လုံ လူငယ်သင်တန်းကျောင်း	နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ တစ်ထပ်ခန်းမဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၁)လုံး၊ (အားလုံးRC)
၁၇	ကွတ်ခိုင် စက်မှုလက်မှုကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ တစ်ထပ်အိပ်ဆောင် (၂)လုံး၊ ခန်းမဆောင်(၁)လုံး၊ အလုပ်ရုံနှင့်စာသင်ခန်းမ(၃)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ ၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်း
၁၈	ကလေး လူငယ်သင်တန်းကျောင်း	နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၁)လုံး၊ (အားလုံးRC)
၁၉	ခန္တီး လူငယ်သင်တန်းကျောင်း	နှစ်ထပ်အိပ်ဆောင် (၁)လုံး၊ တစ်ထပ်အိပ်ဆောင်(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ စားရိပ်သာ(၁)လုံး၊ (အားလုံးRC)
၂၀	လဟယ် လူငယ်သင်တန်းကျောင်း	ရေချိုးခန်းအိမ်သာ(၁)လုံး၊ ၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ (အားလုံး RC)၊
၂၁	လပွတ္တာ စက်မှုလက်မှုကျောင်း	၆-ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ အလုပ်ရုံအုတ်စီခြင်း(၁)လုံး၊ (အားလုံးRC)၊ ကွန်ကရစ်ရေစင်(၁)ခု၊
၂၂	ဘိုကလေး လူငယ်သင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ တစ်ထပ်အိပ်ဆောင် (၂)လုံး၊ တစ်ထပ်ခန်းမဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးခန်းအိမ်သာ(၂)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်သာ(၁)လုံး၊ (အားလုံး RC)၊ ရေ မီး၊ ခြံစည်းရိုး၊ လမ်းလုပ်ငန်းများ
၂၃	ပူတာအို အိမ်တွင်းမှုသင်တန်းကျောင်း	နည်းပြဆောင်(၁)လုံး၊ (RC)
၂၄	ရေး အိမ်တွင်းမှုသင်တန်းကျောင်း	သင်တန်းခန်းမကြီး(၁)လုံး၊ (RC)
၂၅	မြိတ် အိမ်တွင်းမှုသင်တန်းကျောင်း	သင်တန်းခန်းမကြီး(၁)လုံး၊ (RC)
၂၆	မောင်တော အိမ်တွင်းမှုသင်တန်းကျောင်း	သင်တန်းသူအိပ်ဆောင် (၁)လုံး၊ နည်းပြဆောင်(၁)လုံး၊ (အားလုံး RC)
၂၇	အမ်း အိမ်တွင်းမှုသင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ သင်တန်းခန်းမကြီး (၁)လုံး၊ သင်တန်းသူအိပ်ဆောင်(၁)လုံး၊ နည်းပြဆောင်(၁)လုံး၊ စားရိပ်သာ(မီးဖိုတွဲလျက်)(၁)လုံး၊ စာသင်ဆောင်(၁)လုံး၊ (၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)လုံး အားလုံး(RC)၊ ဂါလန် ၅၀၀၀ဆံ့ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ဆံ့ ကွန်ကရစ်ရေစင်နှင့် ကျောင်းတွင်းရေသွယ်တန်းခြင်း၊ ကျောင်းတွင်း လုံခြုံရေး မီးတိုင်သွယ်တန်းခြင်း၊ ၄"×၄" ကွန်ကရစ်တိုင်ဖြင့်သွပ်ဆူးကြိုး (၁၂)တန်း ကာရံခြင်း၊ ကျောင်းတွင်းကျောက်ချောလမ်းခင်းခြင်း
၂၈	ပုသိမ် အိမ်တွင်းမှုသင်တန်းကျောင်း	အုပ်ချုပ်မှုရုံး(၁)လုံး၊ သင်တန်းခန်းမကြီး (၁)လုံး၊ သင်တန်းသူအိပ်ဆောင်(၁)လုံး၊ နည်းပြဆောင်(၁)လုံး၊ စားရိပ်သာ(မီးဖိုတွဲလျက်)(၁)လုံး၊ စာသင်ဆောင်(၁)လုံး၊ (၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)လုံး အားလုံး(RC)၊ ဂါလန် ၅၀၀၀ဆံ့ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ဆံ့ ကွန်ကရစ်ရေစင်နှင့် ကျောင်းတွင်းရေသွယ်တန်းခြင်း၊ ကျောင်းတွင်း လုံခြုံရေး မီးတိုင်သွယ်တန်းခြင်း၊ ၄"×၄" ကွန်ကရစ်တိုင်ဖြင့်သွပ်ဆူးကြိုး (၁၂)တန်း ကာရံခြင်း၊ ကျောင်းတွင်းကျောက်ချောလမ်းခင်းခြင်း
၂၉	ခန္တီး အိမ်တွင်းမှုသင်တန်းကျောင်း	မြေထိန်းနံရံ မီးစက်ရုံ(၁)လုံး၊ ရေစက်ရုံ(၁)လုံး သောက်သုံးရေအတွက် ကွန်ကရစ်သဲရေစစ်ကန်၊ ကျောင်းဝင်းကတ္တရာခင်းခြင်း၊ ၄" စက်ရေတွင်းနှင့် ရေစက်ရုံ၊ ခန်းမဆောင်၊ နည်းပြဆောင်၊ အုပ်ချုပ်မှုဆောင်၊ စားရိပ်သာ၊ ဘေးဝဲ/ယာ ကျောက်စီမြေကာ နံရံပြုလုပ်ခြင်း
၃၀	ဒီဂရီကောလိပ်၊ စစ်ကိုင်း	(၃)ထပ်အိပ်ဆောင်(၂)လုံး၊ (၃)ထပ်စာသင်ဆောင်(၁)လုံး၊ အလုပ်ရုံ(၂)လုံး၊ ကျောင်းအုပ်ကြီးနေအိမ်(၁)လုံး၊ ဒုတိယကျောင်းအုပ်ကြီးနေအိမ်(၁)လုံး၊ ပါမောက္ခနေအိမ် (၁)လုံး၊ စာကြည့်တိုက်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ ရေချိုးကန်(၄)လုံး၊ ရေနုတ်မြောင်း၊ မီးစက်ရုံသွပ်မိုး၊ ကျောင်းမုခ်ဦး(၂)ခု၊ လက်ဆေးကန်၊ ကျောင်းဝင်းခြံစည်းရိုးကာ(Chain Link)၊ လမ်းမီးသွယ်တန်း(အားလုံးRC)
၃၁	ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း	(၃)ထပ်စာသင်ဆောင်(၁)လုံး၊ စားရိပ်သာ(၁)လုံး၊ (၂)ထပ်အိပ်ဆောင်(၂)လုံး၊ ကွန်ကရစ်ရေစင်(၁)လုံး၊ မိလ္လာကန်(၂)လုံး၊ ရေလောင်းအိမ်သာ(၂)လုံး၊ (အားလုံးRC)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃-၄-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၄ရက် ၁၀း၃၀ နာရီ နောက်ဆုံးထား၍ ပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါ ပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာ လုပ်ငန်းတစ်ခုခြင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး တစ်ခုခြင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုခြင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရုံးအမှတ်(၄၂)နေပြည်တော်၊

၅။ အသေးစိတ်သိရှိလိုသော အချက်များကို ဤဦးစီးဌာန၏ ဖုန်းနံပါတ်-၀၆၇-၄၀၉၅၇၈၊ ၀၆၇-၄၀၉၄၁၇၊ ၀၆၇-၄၀၉၀၃၄တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၆။ ကြော်ငြာအပြည့်အစုံ အိတ်ဖွင့်တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်၊ အိတ်ဖွင့်တင်ဒါ ပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို (web site http://www.mba.gov.mm)တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
ရုံးအမှတ်(၄၂)၊ နေပြည်တော်

စားသောက်ဆိုင်ရောင်းမည်

ပေ(၉၇×၄၅)အကျယ်
ဆိုင်ရောင်းမည်။
ဖုန်း-၀၁-၆၄၂၅၂၆

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း(သုဝဏ္ဏ)၊ ဒသမတန်း၊ တန်းခွဲ(A)မှ (၂၀၁၃-၂၀၁၄)ပညာသင်နှစ်တွင် ၁၀တန်းခုံအမှတ်(ဆသက-၆၇၅)ဖြင့် ဖြေဆိုထားသူ မအေးသီရိအောင် [၁၂/ဒဂမ(နိုင်)၀၂၈၉၁၇]၏ ဖခင်အမည်ရင်းမှာ ဦးထင်အောင် (U HTIN AUNG)[၁၂/သဃက(နိုင်)၀၀၆၅၅၁]ဖြစ်ပါသည်။

ပျောက်ဆုံး

ကျွန်တော် ဦးစိုးကျော် CDC ၁၄၆၈၀၏ SSOနှင့် DSD လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၁၃၂၉၀၄**

ငှားရန်ရှိသည်

ကြည့်မြင်တိုင်မြို့နယ်၊ လမ်းကျယ်ပေါ် ပေ(၂၆×၅၀)မြေညီထပ်၊ Hall Type စတိုးဆိုင်၊ Show Room ရုံးခန်းများ ဖွင့်ရန်သင့်တော်။
Ph: ၀၁-၆၄၁၉၇၁၊ ၀၉-၅၁၆၅၁၆၈

သစ်လုံးခွဲမည်

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစိတ်ခြင်း၊ သစ်ပေါင်းဖိုများဖြင့် အခြောက်ခံခြင်း၊ အဆင့်မြင့် သစ်အချောထည်များ ထုတ်လုပ်ပေးခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးပါမည်။ **ဖုန်း-၀၉၅၁၀၇၈၃၂၊ ၀၉၅၁၀၇၈၃၀၊ ၀၉၅၁၀၇၈၂၃**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ မြေကွက်အမှတ်-၂၇၊ မြေကွက်တည်နေရာအမှတ်-၂၈၈၊ သဇင်ပန်းလမ်း၊ (က)ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ဦးဖေခင်[၁၂/ကတတ(နိုင်)၀၀၇၁၃၃] အမည်ပေါက်မြေပိုင်မြေ(လန-၃/ခ)ရပြီး မြေအား အမည်ပေါက် ဦးဖေခင်(ခင်ပွန်း၊ ဖခင်)ကွယ်လွန်သဖြင့် ၁။ဒေါ်လှလှဝင်း[၁၂/ကတတ(နိုင်)၀၀၇၂၁၂]၊ ၂။ ဦးခင်မောင်ဝင်း[၁၂/ကတတ(နိုင်)၀၀၂၄၈၈]၊ ၃။ မခင်သီတာဝင်း[၁၂/ကတတ(နိုင်)၀၀၁၇၀]တို့က ဇနီး၊ သားသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ညရပ်ကွက်၊ အမှတ်-၂၈၄ နေသူ အဖ ဦးနိုင်ဝင်း[၁၂/ဥကမ(နိုင်)၀၅၈၈၃၆]၏ သား မောင်ကောင်းပြည့်ဝင်း(ခ)ကောင်းဇော် [၁၂/ဥကမ(နိုင်)၂၂၇၁၀၂]သည် မိဘ၏ စကားကိုနားမထောင်ဘဲ မိမိ၏ သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံးအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။ **အဖ-ဦးနိုင်ဝင်း**
[၁၂/ဥကမ(နိုင်)၀၅၈၈၃၆]

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) ဥသျှစ်ပင်-ကမ္မ ၆၆ကေဗွီ ဓာတ်အားလိုင်း (၃၀)မိုင်
(၂) မိုးကောင်း-ဖားကန့် ၆၆ကေဗွီဓာတ်အားလိုင်း (၅၅)မိုင်
(၃) အသုတ်-ဂွ ၆၆ကေဗွီဓာတ်အားလိုင်း (၆၂)မိုင်
(၄) ထီးလင်း-ဆော ၆၆ကေဗွီဓာတ်အားလိုင်း (၄၃)မိုင်
(၅) မိုင်းနောင်-ကျေးသီး ၆၆ကေဗွီဓာတ်အားလိုင်း (၃၀)မိုင်
(၆) မြောက်ဦး-မင်းပြား ၆၆ကေဗွီဓာတ်အားလိုင်း (၂၀)မိုင်
(၇) ဥသျှစ်ပင်-မင်းတုန်း ၆၆ကေဗွီ ဓာတ်အားလိုင်း (၅၈)မိုင်
(၈) ချောင်းကူး-ပေါက် ၆၆ကေဗွီဓာတ်အားလိုင်း (၄)မိုင်
(၉) ရေဘုတလင်-ကနီ-မင်းကင်း ၆၆ကေဗွီဓာတ်အားလိုင်း (၅၅)မိုင်
(၁၀) ဘော်လခဲ-ဖားဆောင်း ၆၆ကေဗွီဓာတ်အားလိုင်း (၄၀)မိုင်
(၁၁) ကျောက်ဖြူ GT-ကျောက်ဖြူ(SEZ) ၆၆ကေဗွီနှစ်ထပ်ဓာတ်အားလိုင်း (၅)မိုင်
(၁၂) တောင်ကုတ်-မအီ ၆၆ကေဗွီဓာတ်အားလိုင်း (၄၆ . ၇၈)မိုင်
(၁၃) သိန္နီ-ကွတ်ခိုင် ၆၆ကေဗွီဓာတ်အားလိုင်း (၁၃)မိုင်
(၁၄) ဟားခါး-ဖလမ်း-သိုင်းငင် ၆၆ကေဗွီဓာတ်အားလိုင်း (၅၀)မိုင်

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၆-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်ကြေညာချက်(၂/၂၀၁၄)
နေပြည်တော်၊ ၁၃၇၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၂)ရက်
(၂၀၁၄ခုနှစ်၊ ဧပြီလ ၁ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ပယ်ဖျက်ခဲ့သည့်လုပ်ကွက်များကို ဝန်ခံကတိဖြင့် ပြန်လည်တူးဖော်လုပ်ကိုင်ခွင့်ပြုရန်အတွက် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၄ခုနှစ်၊ ဧပြီလ ၇ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၄ခုနှစ်၊ ဧပြီလ ၇ ရက်မှ မေလ ၁၆ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit)ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်း တင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဆုမွန်လွှာ

ရန်ကုန်မြို့နေ ဦးမြင့်ဇော်လွင် (Bagan Gift Centre ဗိုလ်ချုပ်အောင်ဆန်းဈေး)-ဒေါ်အေးအေးဝေတို့၏သား

မောင်အောင် B.C (Teach) Computer

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်ဦး (လက်ထောက်အင်ဂျင်နီယာ၊ စက်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်မို့မို့သွင်တို့၏ သမီး

မခတ္တာမို့မြင့်ဦး B.C (Teach) Computer

တို့၏ ထိမ်းမြားမင်္ဂလာပွဲမှသည် နှစ်ပေါင်းတစ်ရာတိုင် အိုအောင်မင်းအောင်ပေါင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘိုးဘိုး ဦးသိန်းလွင်နှင့် ဘွားဘွား ဒေါ်အေးအေး

အမှတ်-၁၀၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာနေ (ဦးလှဆောင်)-ဒေါ်သန်းတင်
(အမှတ် ၂၃၊ Aရုံ၊ သိမ်ကြီးဈေး၊ နေနှင်းနွယ်ဆိုးဆေးရောင်းဝယ်ရေး)တို့၏ သားထွေး

မောင်အောင်မျိုးဟိန်း

B.Sc(Hons),Nautical Science

2nd Mate (F.G), DAT Maritime Co.,Ltd(Korea)

နှင့်

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ၉-ရပ်ကွက်နေ ဦးဝင်းလှိုင်-ဒေါ်ခင်ဝင်း(ချမ်းမြေ့သက်န်းပရိက္ခရာတိုက်)
တို့၏ တစ်ဦးတည်းသောသမီး

မချောစုဟန်

B.Sc(Physics),Diploma in Accounting(LCCI).UK,Diploma in Electronics (Ygn)Assistant Residence Manager (Changi Airport,T2A Singapore)

တို့၏ ၁၀-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Western Park Royal ကန်တော်ကြီး၌ ကျင်းပပြီးစီးသော မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)စီမံထူးချွန်ပထမဆင့်နှင့် ဇနီးဒေါက်တာဒေါ်သီသီအေး(ရောဂါဗေဒအထူးကုဆရာဝန်ကြီး)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဦးအောင်ဝင်းသန်း (Chairman, Kosan Trading Co.,Ltd)နှင့်ဇနီးဒေါ်မေညို (Managing Director, Peace Smile Land Travel & Tour Co.,Ltd)၊ မေတ္တာများဖြင့် တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော အဆိုတော်ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် ချီးမြှင့်ပေးပါသော တေးသံရှင်များနှင့် The Aces Band အဖွဲ့သားများ၊ မင်္ဂလာပန်းကြိုမလှယမင်းအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာ လက်စွပ်ဗန်းကိုင် မအေးချိုချိုငြိမ်း၊ မင်္ဂလာသတို့သားအရန် မောင်တင့်ဇော်ဟန်နှင့် မောင်ကြည်ဇင်လတ်၊ မင်္ဂလာသတို့သမီး အရံ မနီနီနိုင်နှင့် မစန္ဒာစုနိုင်၊ မင်္ဂလာသတို့သမီးဝတ်စုံ၊ လက်ဝတ်ရတနာ၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးသော ညီညီမောင် (စမ်းချောင်း) နှင့်အဖွဲ့၊ မင်္ဂလာသတို့သားဝတ်စုံစီစဉ်ပေးသော (Yes I do)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော Dagon ပုံနှိပ်တိုက်၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုဓာတ်ပုံနှင့် မင်္ဂလာအကြိုဓာတ်ပုံများရိုက်ကူးပေးပါသော Forever Studio အဖွဲ့၊ မင်္ဂလာညစာစားပွဲစီစဉ်ပေးသော ရွှေရှမ်းကန်(အင်းယား)မှဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြပါသော သူငယ်ချင်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်သော ရပ်ဝေးရပ်နီးမှသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

အောင်မျိုးဟိန်း-ချောစုဟန်

မိဘပြည်သူများသို့ ပန်ကြားချက်

အခွန်ဟူသည် ပြည်သူ၏လိုအပ်ချက်များနှင့် ပြည်သူ၏ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် အခွန်ပေးဆောင် ထိုက်သူများထံမှ ကောက်ခံသည့်ငွေပင်ဖြစ်ပါသည်။

အခွန်ထမ်းဆောင်ထိုက်သူအားလုံးထံမှ အခွန်ကို အပြည့်အဝကောက်ခံနိုင်ပါက မိဘပြည်သူများ၏ လိုအပ်ချက်များကို ယခုထက်ပိုမို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

"တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ" ကလည်း နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏမြင့်မားတိုးတက်ရေး၊ ရသင့်ရထိုက်သော အခွန်အခများဆုံးရှုံးနစ်နာမှုမရှိစေရေး၊ စားသုံးသူသုံးစွဲသူများ အကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းတာဝန်များကို မိဘပြည်သူများ၏ အကျိုးကိုရှေးရှု၍ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် အထက်ပါလုပ်ငန်းများ၊ အောင်မြင်စေရေးအတွက် မိဘပြည်သူများက အကြံပေးခြင်း၊ သတင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် အကူအညီပေးနိုင်ပါရန် ပန်ကြားအပ်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) 66/11KV, (5)MVA
ကမ္ဘ၊ ဂွ၊ ဆော၊ ကျေးသီး၊ မင်းပြား၊ မင်းတုန်း၊ ပေါက်၊ မင်းကင်း၊ ဖလမ်း၊ သိုင်းငင်၊ မအီ၊ ကွတ်ခိုင် ဓာတ်အားခွဲရုံပစ္စည်းများ
(၂) 66/11KV, (2×15)MVA ချောင်းဆုံဓာတ်အားခွဲရုံပစ္စည်းများ
(၃) 66/11KV, (10)MVA ဖားကန့်ဓာတ်အားခွဲရုံပစ္စည်းများ
(၄) 66/33KV, (30)MVA ဖားဆောင်းဓာတ်အားခွဲရုံပစ္စည်းများ
(၅) 66/11KV, (2×10)MVA ကျောက်ဖြူ(SEZ)ဓာတ်အားခွဲရုံပစ္စည်း

တင်ဒါပုံစံရောင်းချမည့်ရက်	- ၇-၄-၂၀၁၄
တင်ဒါပိတ်မည့်ရက်	- ၆-၅-၂၀၁၄
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ တိုက်(၇၉)၊ အခန်း(၅၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးနေဝင်း]၁၂/ပဘတ(နိုင်)၀၂၀၇၄၅]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးအမ်.အာရှရပ်(ဖ်)(ခ)မောင်မောင်တင် [၁၂/ပဘတ(နိုင်)၀၀၁၈၅၂]က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီနှင့် နေပြည်တော်တိုင်းဒေသကြီးတို့တွင် ၁၁ကေဗွီ၊ ၄၀၀ဗို့ ဓာတ်အားလိုင်းနှင့် ခွဲရုံများ အသစ်တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဓာတ်အားလိုင်းနှင့် ခွဲရုံဆက်စပ်ပစ္စည်းများ (Channel, Angle, Insulator, ACSR, HDBC,Binding Wire, PVC Cable, Clamp, Transformer, D.S,LA,D.O.F,.....)(၄၀)မျိုးကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	- ၄-၄-၂၀၁၄
တင်ဒါပိတ်မည့်ရက်	- ၅-၅-၂၀၁၄
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၅၃၈၊ ၀၆၇-၄၁၀၅၃၉၊ ဖက်စ်-၀၆၇-၄၁၀၅၄၀

အမြန်ဆက်သွယ်ပါ

Japan Kubota [illegible] (DC70G) [illegible] Sonalika, John Deere [illegible] (90 HP) [illegible]

[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ-၈၊ ကော်လံ(၃၊ ၄)ပါ ဒေါ်တင်ရီသိရှိစေရန်ကြော်ငြာတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ လူနေရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်(၂၉-ခ) အလျား-၃၁'၊ အနံ ၆၀'ရှိ မြေကွက်အား ဒေါ်တင်ရီ အမည်ပေါက် မြေကွက်အစား ဦးဝင်းကြည် အမည်ပေါက် မြေကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမှားပြင်ဆင်ချက်

၂၉-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ-၇တွင် စမ်းချောင်းမြို့နယ် တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဒေါ်သန်းလွင်[၁၂/ပဘတ(နိုင်)၀၁၈၁၀၀]အစား ဦးသန်းလွင်[၁၂/ပဘတ(နိုင်)၀၁၈၁၀၀]ဟု အမှန်ပြောင်းလဲဖတ်ရှုပေးပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၆၊ မြေကွက်အမှတ်(၁၆၅၃)၊ မြေကွက်တည်နေရာအမှတ်(၁၆၅၃)၊ သီတာလမ်း၊ (၅)ရပ်ကွက်၊ ဦးသန်းရွှေအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းရွှေ[၁၂/ကမရ(နိုင်)၀၄၂၃၇၃]ကိုယ်တိုင်က ဂရန် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆F၆၊ မြေကွက်အမှတ်-V၈အေ၊ မြေကွက်တည်နေရာအမှတ်(၁၀၄)၊ သရက်တော(၂)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြဟံအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်-၄၁၉(၃၁-၁-၂၀၁၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်ခင်[၁၂/ကမတ(နိုင်)၀၃၅၁၄၉]က ဂရန်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ တင်ပြပြီး ဂရန်မိတ္တူနှင့်အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ကုန်းဘောင်-၁၆(A)ရပ်ကွက်၊ ကုန်းဘောင်အိမ်ရာ၊ မြေကွက်အမှတ်(၇၈/၇၉) (နှစ်ကွက်တွဲ)ဟုခေါ်တွင်သော အလျားပေ ၁၂၀×အနံပေ ၁၂၀ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးလွင်[၁၂/သဃက(နိုင်)၀၈၇၉၆၆]ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။

ယင်းမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှခုနစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးမြင့်မော်(စဉ်-၁၉၂၇၄)LL.B,D.B.L
အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး
ဖုန်း-၀၉-၇၃၀၁၇၆၉၄၊ အမှတ်(၅၀)၊ ဇဋိလလမ်း၊ တာမွေမြို့နယ်။

ကန်ထရိုက်တာဦးလှအေး[၁၂/တမန(နိုင်)၀၇၁၃၂၁] ထိပ်တန်းဆောက်လုပ်ရေးနှင့်အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၃၃)နေ ဒေါ်စန်းစန်းလှ[၁၂/ကမတ(နိုင်)၀၃၄၅၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းလှပိုင်၊ ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်(၃၃)ရှိ(၂၅×၅၀)ပေမြေကွက်ပေါ်တွင် ၂ခန်းတွဲ ၃ထပ်ခွဲ(RC) တိုက်သစ်ဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့၏ နောက်ဆက်တွဲကတိစာချုပ်၊ နှစ်ဦးသဘောတူပြင်ဆင်သည့်စာချုပ်၊ နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်များ အသီးသီးချုပ်ဆိုခဲ့ပြီး ကန်ထရိုက်တာဦးလှအေးမှ ၂၀-၁၂-၂၀၁၃ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်ပါအချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် စာချုပ်ပါ စည်းကမ်းချက်အရ အမှတ်(၃၃)လှည်းတန်းလမ်း၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ၂ခန်းတွဲ၃ထပ်ခွဲ အဆောက်အအုံနှင့်ပတ်သက်၍ ကန်ထရိုက်တာဦးလှအေးအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် တစ်စုံတစ်ရာမရှိတော့ကြောင်းနှင့် ကန်ထရိုက်တာဦးလှအေးနှင့်ပတ်သက်သောကိစ္စရပ်များအား မြေပိုင်ရှင်မှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ဦးလှအေးမှသာ ဖြေရှင်းရမည်ဖြစ်ကြောင်း ကန်ထရိုက်တာ ဦးလှအေးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းလှ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန့်ဇင်(စဉ်-၁၈၅၇၇) အထက်တန်းရှေ့နေ
B.Sc,M.Sc(Zool),H.G.P,D.B.L,M.A(Business Law)
တိုက် (၁၄၁/၅)၊ မီးဒုံးလမ်း၊ သုဝဏ္ဏ။
ဖုန်း-၀၉-၇၃၀၉၅၁၉၁

လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ ဝိုင်းမော်မြို့၏ ယခင်ဥက္ကဋ္ဌ ဦးဝေါ်တားနှင့် အတွင်းရေးမှူးဦးပေါ်ဆာရ၊ ဆဒုံးမြို့နယ်၏ ဒု-ဥက္ကဋ္ဌ ဦးဂူလေးနှင့် အတွင်းရေးမှူး ဦးလီလေး၊ ဦးယောဆတ်(နာယက)ပါ(၆)ဦးတို့နှင့် သက်ဆိုင်သူများသိစေရန်

ဝိုင်းမော်မြို့၊ လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ၏ဥက္ကဋ္ဌ ဦးမာခေါ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လက်ရှိဆောင်ရွက်လျက်ရှိသည့် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ရှိ လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီသည် ၉-၁-၂၀၁၂ရက်ကျင်းပသည့် အစည်းအဝေးမှတ်တမ်းအရ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူများမှ ကော်မတီ၏တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်ပါသည်။ ကော်မတီ၏ လျှောက်ထားတောင်းဆိုဆောင်ရွက်မှုကြောင့် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ယာယီဖွဲ့စည်းခွင့်အသိအမှတ်ပြုလက်မှတ် ပ-ကခ/၀၀၀၆ဖြင့် ယာယီဖွဲ့စည်းခွင့်ပြုထားသည့် အသင်းအဖွဲ့ဖြစ်ပါသည်။

သို့ဖြစ်ရာဦးမာခေါ် ဦးဆောင်သည့် ကော်မတီများပါဝင်သည့် အသင်းအဖွဲ့မှ လူထုအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ဆောင်ရွက်လျက်ရှိပါသည်။ တရားဝင်ဖွဲ့စည်းခွင့် လက်မှတ်ရရှိရေးကိုလည်း ဆောင်ရွက်ကြိုးပမ်းလျက်ရှိပါသည်။ ကော်မတီရုံးဆောက်လုပ်ရန်နှင့် ဖွင့်လှစ်နိုင်ရန်အတွက် လျှောက်ထားဆောင်ရွက်လျက်ရှိပါသည်။

ဝိုင်းမော်မြို့၊ လီဆူစာပေနှင့်ရိုးရာယဉ်ကျေးမှုကော်မတီ၏လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အနှောင့်အယှက်ဖြစ်စေမည့် ရေးသားပြောဆိုချက်များကို မပြုလုပ်ပါရန် အထက်အမည်ပါသူလူကြီးမင်းများနှင့် သက်ဆိုင်သူများသိစေရန် ပန်ကြားအပ်ပါသည်။ ပြေလည်ရာပြေလည်ကြောင်းကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး လူထုအကျိုးပြုလုပ်ငန်းများကို အတူတကွညီညွတ်စွာဖြင့် ပူးတွဲလုပ်ကိုင်ဆောင်ရွက်သွားလိုပါသည်။ ထို့ကြောင့် အထက်အမည်ပါသူနှင့် သက်ဆိုင်သူများမှ ဝိုင်းမော်မြို့လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ၏ လုပ်ငန်းစဉ်များအပေါ် မိမိတို့တင်ပြကန့်ကွက်ထားသည့် စာများအား ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် အကြောင်းကြားကြေညာအပ်ပါသည်။

ယင်းနေ့ကျော်လွန်သည့်တိုင် ပြေလည်အောင်ဆောင်ရွက်ပေးခြင်းမရှိပါက ယာယီဖွဲ့စည်းခွင့်ပြုထားသည့် ဝိုင်းမော်မြို့နယ်၊လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီအပေါ် ထိခိုက်နစ်နာမှုမရှိစေရေးအတွက် တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမာခေါ်

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထွန်းသိန်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(စဉ်-၁၃၉၇၈)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ပိန္နဲကုန်း)၊ မြေကွက်အမှတ်(၄၉/ဈ၁)၊ မြေကွက်တည်နေရာအမှတ် (၂၉-အေ)၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ ဦးသွင် အမည်ပေါက် B- မြေပိုင်မြေအိမ်ယာမြေသတ်မှတ်မြေအား အမည်ပေါက် ဦးသွင်နှင့် ဇနီး ဒေါ်ညွန့်ရီ ကွယ်လွန်သဖြင့် ဦးမြင့်မောင်[၁၂/အစန(နိုင်) ၀၃၈၅၁၀]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်-၂၇၅၊ မြေကွက်တည်နေရာအမှတ်(၂၇၅)၊ (၇)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်း၊ (ဦးထွန်းလှိုင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းလှိုင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူသူ ၁။ ဦးကျော်သက်[၇/ပတတ(နိုင်) ၀၃၆၂၀၅] ၂။ ဒေါ်သက်မာဦး [၁၂/သဃက (နိုင်) ၀၅၁၁၉၇] တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျိမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာခိုင်လုံသောသက်သေအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်-၃၁၃/ခ၊ မြေကွက်တည်နေရာအမှတ်-၃၁၃/ခ၊ သုမန(၅)လမ်း၊ (၅)ရပ်ကွက်၊ သာကေတ၊ (ဦးအောင်သိန်း) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်း (ဖခင်)၊ ဒေါ်လှကြွေ (မိခင်) ကွယ်လွန်သဖြင့် သားများဖြစ်သော ၁။ ဦးအေးထွန်း [၁၂/ သကတ(နိုင်)၁၀၆၃၉၇] ၂။ ဦးလွင်ထွန်း[၁၂/ သကတ(နိုင်)၀၀၃၀၈၁]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏ သားဖြစ်သူ မောင်ဇော်ဇော်အောင် [၁/မကန(နိုင်) ၀၁၀၆၅၆]သည်မိဘများ၏ ပြောဆိုဆုံးမမှုကို လိုက်နာခြင်းမရှိပါသဖြင့် အမွေစားအမွေခံသားဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မိဘများ-
ဦးလှငြိမ်း
[၁/မကန(နိုင်)၀၃၉၅၄၉]
ဒေါ်ထားထားလှိုင်
[၁/မကန(နိုင်)၀၃၉၅၅၀]
ပမ္မတီးရပ်ကွက်(၂)၊မြစ်ကြီးနားမြို့

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ မြေကွက်အမှတ်-၄၉၂၊ မြေကွက်တည်နေရာအမှတ်(၄၉၂)၊ ၁၅၃-ရပ်ကွက်၊ ဒဂုံတောင်၊ (ဦးအောင်ဝင်းN/OKA-၀၁၃၆၉၁)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ဝင်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူဦးမြင့်သောင်း[၁၂/တမန(နိုင်)၀၀၇၈၇၉]မှနှစ် (၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	[illegible]	[illegible]	မှတ်ချက်
၁	[illegible]	၁၂/ဥကမ(နိုင်) [illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]

[illegible]

(၂၇)ကြိမ်မြောက် ဝဋ္ဋသုတ်ပရိတ်တော်ပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၇) ကြိမ်မြောက် သစ္စာတန်ခိုး၊ သစ္စာစွမ်းအား သက်သေအရာတည်သော ဝဋ္ဋသုတ်ပရိတ်တော်ပူဇော်ပွဲကို ၆-၄-၂၀၁၄ ရက်မှ ၁၇-၄-၂၀၁၄ ရက်အထိ ၁၂ ရက်တိုင်တိုင် လှည်းကူးမြို့နယ်၊ အမှတ်(၃)လမ်းမကြီး၊ မိုးကောင်းစေတီအနီး၊ တံခွန်တိုင်ကျေးရွာ နေမိန္ဒြပရိယတ္တိစာသင်တိုက် (နေမိန္ဒြဓမ္မ အေးရိပ်စခန်း)၌ ကျင်းပမည်ဖြစ်ပါ၍ ပရိတ်တော်အားပူဇော်ကြကုန်သော၊ ပူဇော်ရန် ဆန္ဒဖြစ်တည်ကြကုန်သော ရပ်ဝေး ရပ်နီးမှ ဓမ္မမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲရက်အတွင်း စခန်းဝင်လိုသူများသည် ပဓာနနာယက ဆရာတော် (၂)ပါးဖြစ်သော အရှင်သီလာစာရ၊ အရှင်သောဘိတ ဖုန်း ၀၉-၇၃၀၈၀၆၀၂၊ ၀၉-၄၃၁၀၇၃၂၄ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာ နှစ်သစ်ဦးငွေပဒေသာပင်လှူဒါန်းပွဲ

(၁၃၇၆ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်)

၁၇-၄-၂၀၁၄ ရက်

ငွေပဒေသာပင်တစ်ပင်လျှင်-

* ၅၀၀၀ ကျပ်၊ * ၁၀၀၀၀ ကျပ်

* ၃၀၀၀၀ ကျပ်၊ * ၅၀၀၀၀ ကျပ်

* ကျပ်တစ်သိန်းနှင့်အထက်

ယောဂီစောင့်ရှောက်ရေးအဖွဲ့
စက်ရုံဓမ္မရိပ်သာ
ဖုန်း-၀၉ ၈၅၉၈၄၁၉၊ ၀၄၂-၆၅၀၅၂

AUNG JAPANESE ACADEMY (SINCE 2007)

ဂျပန်ဘာသာ October တန်းအတွက်လက်ခံပါပြီ။

သိန်း(၅၀)သာ ပေးသွင်းရမည် (၁၀ဦးသာ)

Level 4 နှင့် အထက် အောင်မြင်ပြီးသူအား Scholar ပေးမည်။ (၁ဦးသာ)

A66-68/ 4F/D, Insein Road, Sanyeikyein, Kamayut
Ph : 09-73060391, 09-421118058

ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ တည်ထောင်ခြင်း (၄)နှစ်ပြည့် အလှူရှင်များအား ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ မဟောသဓလမ်း၊ အမှတ်(၈၀၃/၈၀၅)တွင် တည်ရှိသည့် **ဆရာမ ဒေါ်သန်းမြင့်အောင်** တည်ထောင်ဦးစီးသော အသက်(၇၀)နှင့် အထက် ခိုကိုးရာမဲ့ဂိလာနဘိုးဘွားများအား **အခမဲ့** လက်ခံပြုစုစောင့် ရှောက်ပေးနေသည့် **ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ** တည် ထောင်ခဲ့သည်မှာ ၅-၄-၂၀၁၄ ရက် (စနေနေ့)တွင် (၄)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ယခုကဲ့သို့ (၄)နှစ်တာကာလအတွင်း ဆည်းဆာရိပ်ရှိ ခိုကိုးရာမဲ့ ဂိလာနဘိုးဘွားများအား မတောင့်မတ မကြောင့်မကြ ရလေအောင် အဆောက်အအုံ၊ ဆေးဝါး၊ အာဟာရ၊ အထွေထွေစသည့် ပဒေသာပင် များ စိုက်ထူ၍ လှူဒါန်းခဲ့ကြပါသော ပြည်တွင်း ပြည်ပမှ အလှူရှင်များ အားလုံးအားလည်းကောင်း၊ လုပ်အားဒါနပေးလှူကြပါသော လူငယ် ပရဟိတအသင်းများအားလုံးအားလည်းကောင်း အထူးပင်ကျေးဇူး တင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ပြုရသော ကုသိုလ်အစုစုတို့ကြောင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံနိုင်ကြပါစေ ကြောင်း ဆည်းဆာရိပ်မိသားစုမှ **နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာ** ပို့သအပ်ပါသည်။

ဆည်းဆာရိပ်အလုပ်အမှုဆောင်အဖွဲ့

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

လှိုင်မဟာစည်သကြၤန်တရားစခန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ လှိုင်တက္ကသိုလ် အနီးရှိ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာသင်တန်း မဟာသကြၤန်တရားစခန်းကြီးကို ယခု နှစ်တွင်လည်း (၁၁-၄-၂၀၁၄ ရက်မှ ၂၇-၄-၂၀၁၄ ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ပါ သည်။ ကျေးဇူးရှင် လှိုင်မဟာစည် ဆရာတော်ကြီးကိုယ်တိုင် အခြေခံမှစ၍ ဟောကြား သင်ပြပေးတော်မူမည်ဖြစ်ပြီး မည်သူမဆို လာရောက်၍ ဆွမ်း၊ ရေ၊ မီး စရိတ် အခမဲ့ ဖြင့် တရားစခန်းဝင် အားထုတ်နိုင်ကြပါသည်။ အသေးစိတ်သိလိုသူများ၊ တရားစခန်း ဝင်ယောဂီများအတွက် ဆွမ်း၊ အဖျော်ရည်စသည် လှူဒါန်းလိုသူများသည် လှိုင်မဟာ စည် ရုံးခန်း ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၂၁၁၀၇၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်မေးမြန်း နိုင်ကြပါသည်။ ကြိုတင်ယောဂီစာရင်းကိုလည်း လက်ခံနေပါပြီ။

သင်တန်းဖြစ်မြောက်ရေးကော်မတီ

ရွှေအလင်းရောင် (မျက်စိ)ဖောင်ဒေးရှင်း၏ ၂၀၁၄ ခုနှစ်အတွက် ရန်ပုံငွေပြက္ခဒိန် ဝယ်ယူလှူဒါန်းသူများ၏ မေတ္တာလက်ဆောင်(ကံစမ်းမဲ)ပေါက်မဲစာရင်း

ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း၏ ၂၀၁၄ခုနှစ်အတွက် ထုတ်ဝေသော ရန်ပုံငွေပြက္ခဒိန် ဝယ်ယူလှူဒါန်းသူများအတွက် မေတ္တာလက်ဆောင် ကံစမ်းမဲလက်မှတ်အား ၂၇-၃-၂၀၁၄ရက် (ကြာသ ပတေးနေ့)တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ အဓိပတိခန်းမကြီးတွင် အောင်မြင် စွာဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် လှူဒါန်းမှုအပေါ် ကံတရား၏တုံ့ပြန်မှုရရှိသူများအား ဖော်ပြအပ်ပါသည်။

ပထမဆု	၂၆၉၁၄၈	တိုက်အမှတ်(၃)၊ ၅-လွှာ၊ ဒါဘာ (ခြေရင်းခန်း)တိုက်ခန်း၊ ခိုင်ရွှေဝါလမ်း၊ ဆ/ကရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့	ဒေါ်နန့်ဇာလီဆွေ	ပုသိမ်တက္ကသိုလ်၊ သချာဌာန
ဒုတိယဆု	၂၅၇၇၄၉	Mazda Demio		
တတိယဆု	၂၃၅၉၇၁	၁ကျပ်သားရွှေဆွဲကြိုး(၁)ကုံး	ဦးမောင်မောင်လွင်	ပျော်ဘွယ်မြို့၊ ပညာရေးမှူးရုံး
စတုတ္ထဆု	၁၆၀၂၆၈	မော်တော်ဆိုင်ကယ်(၁)စီး	၂အ-၄၆၂	မုံရွာတက္ကသိုလ်
ပဉ္စမဆု	၁၅၈၇၈၈	Samsung Galaxy Tab-3	မသင်းမြတ်သူ	မကွေးတက္ကသိုလ်
အထူးဆု	၂၀၉၁၀၀	ငါးမူးသားရွှေဆွဲကြိုး(၁)ကုံး		မအူပင်တက္ကသိုလ်
	၁၇၈၈၀၉	Laptop	ထူးဇင်လတ်	ဘားအံတက္ကသိုလ်
	၂၄၉၇၃၅	LED TV 32"		ဖယ်ခုံမြို့နယ် ပညာရေးမှူးရုံး
	၁၃၅၃၈၉	LED TV		တောင်ကြီးတက္ကသိုလ်
	၁၇၂၃၃၁	LED TV	မနှင်းသန္တာဆွေ	မော်လမြိုင်တက္ကသိုလ်
	၁၇၇၂၄၅	Video Camera	ဦးစောထိန်လင်း	ဘားအံတက္ကသိုလ်
	၁၈၉၈၂၉	Air Con	မဖြူနှင်းအေး	ဓာတုဗေဒ၊ ပြည်တက္ကသိုလ်
	၁၈၄၇၈၁	ရေခဲသေတ္တာ	မခွာညိုထွေးထွေး	မြဝတီဘဏ်ရုံးချုပ်
	၁၂၅၈၅၁	အဝတ်လျှော်စက်		သန်လျင်မြို့နယ် ပညာရေးမှူးရုံး
	၁၃၃၃၀၉	Water Cooler		ဒဂုံ(၁)

နှစ်သိမ့်ဆုများ

၁။၁၄၁၄၁၂	၂။၂၂၉၁၀၂	၃။၂၆၁၈၄၁	၄။၂၃၇၇၅၉	၅။၂၁၃၂၉၄
၆။၁၇၆၁၅၆	၇။၁၇၃၇၇၆	၈။၂၆၄၂၄၆	၉။၁၅၇၃၈၄	၁၀။၁၈၇၄၇၅
၁၁။၁၄၁၇၁၆	၁၂။၂၂၈၆၀၇	၁၃။၁၇၁၃၀၅	၁၄။၁၅၃၉၅၁	၁၅။၁၇၈၆၃၃
၁၆။၂၀၆၄၆၀	၁၇။၁၈၅၆၆၁	၁၈။၂၆၆၄၅၃	၁၉။၁၇၀၀၁၄	၂၀။၁၆၂၂၂၀
၂၁။၂၁၆၃၆၀	၂၂။၂၀၄၇၀၆	၂၃။၂၆၃၂၄၆	၂၄။၂၁၇၉၈၇	၂၅။၁၆၁၆၁၂
၂၆။၁၈၀၆၉၇	၂၇။၂၀၇၄၆၃	၂၈။၂၃၂၈၇၃	၂၉။၂၁၉၀၆၅	၃၀။၁၅၇၅၀၇
၃၁။၂၂၆၈၂၈	၃၂။၁၈၇၆၆၁	၃၃။၂၇၄၃၉၉	၃၄။၁၄၂၀၁၅	၃၅။၂၃၁၆၃၁
၃၆။၁၈၆၅၄၁	၃၇။၂၁၃၂၆၁	၃၈။၂၁၂၄၈၉	၃၉။၂၀၅၆၀၁	၄၀။၁၇၉၈၄၅
၄၁။၂၄၃၄၉၁	၄၂။၁၃၄၁၄၂	၄၃။၂၂၇၉၇၉	၄၄။၁၉၂၀၁၅	၄၅။၁၇၉၇၁၉
၄၆။၁၉၇၆၅၁	၄၇။၁၉၈၇၅၂	၄၈။၂၁၇၁၃၉	၄၉။၁၅၇၁၃၃	၅၀။၁၂၇၁၀၅
၅၁။၁၅၁၆၀၅	၅၂။၂၄၀၈၅၆	၅၃။၂၂၈၉၁၃	၅၄။၁၇၀၀၆၃	၅၅။၂၃၇၈၄၈
၅၆။၁၇၈၇၅၇	၅၇။၂၄၈၂၆၅	၅၈။၁၈၂၉၅၆	၅၉။၁၇၈၅၈၇	၆၀။၁၈၇၈၈၁
၆၁။၂၁၉၆၀၁	၆၂။၇၆၂၅၀၄	၆၃။၂၁၇၁၇၂	၆၄။၁၂၃၇၁၉	၆၅။၁၈၂၃၂၀
၆၆။၁၉၈၈၇၈	၆၇။၁၇၉၉၆၉	၆၈။၂၅၅၁၁၀	၆၉။၁၅၄၃၀၉	၇၀။၂၄၇၁၅၆
၇၁။၁၇၅၂၆၇	၇၂။၁၈၃၂၄၇	၇၃။၁၂၅၃၁၃	၇၄။၁၂၅၁၁၉	၇၅။၂၀၉၉၂၉
၇၆။၂၄၄၈၄၀	၇၇။၁၇၃၈၉၀	၇၈။၂၃၁၀၇၈	၇၉။၂၅၀၄၂၇	၈၀။၁၈၀၁၃၈
၈၁။၂၃၄၈၃၃	၈၂။၂၄၄၆၇၄	၈၃။၂၃၂၁၂၇	၈၄။၁၂၀၅၃၃	
၈၅။၂၅၃၉၀၄	၈၆။၂၀၂၇၇၁	၈၇။၂၄၅၇၆၁	၈၈။၁၈၆၄၇၅	၈၉။၁၃၁၈၄၃
၉၀။၁၉၅၇၇၃၆	၉၁။၂၂၆၆၃၃	၉၂။၂၁၁၆၇၇		

မှတ်ချက်။ ။မျဉ်းသားထားသောနံပါတ်များသည် ပြန်လည်ပေးပို့ခြင်းမရှိကြောင်းနှင့် ဆုမဲများကို ၂၂-၄-၂၀၁၄ ရက် (အင်္ဂါနေ့)မှစ၍ ၁၂-၅-၂၀၁၄ ရက် (တနင်္လာနေ့)အထိရုံးချိန် ၉း၃၀ နာရီမှ ၄း၃၀ နာရီအတွင်း မိမိတွင်ရှိသော သိမ်းဆည်းထားရမည့် လက်မှတ်ဖြတ်ပိုင်း အထောက်အထားပြ၍ ရုံးခန်းသို့ လာရောက်ထုတ်ယူပါရန် အကြောင်းကြားအပ်ပါသည်။

ရွှေအလင်းရောင်မျက်စိဖောင်ဒေးရှင်း
ဖုန်း ၀၁-၃၉၇၆၉၀၊ ၀၉-၇၃၁၄၃၆၀၆၊ ၀၉-၄၃၀၆၈၃၃၉၊ ၀၉-၄၂၁၁၆၁၂၁၇၊ ၀၉-၄၂၁၁၆၁၂၁၈

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

(ပြည်တွင်း၌သာခန့်ထားရန်)

လွှယ်ဟိန်းကုမ္ပဏီမှ

အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

1.	Sale Manager	(10)	ဦး	M
2.	Supervisor	(30)	ဦး	M
3.	ရောင်းမောင်း	(100)	ဦး	M

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ အရောင်းလုပ်ငန်းတွင် စိတ်ဝင်စားပြီး စိတ်အားထက်သန်စွာ လုပ်ဆောင်နိုင်သူဖြစ်ရမည်။အသက်(၂၅) မှ (၄၅)အတွင်းဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ အရောင်းလုပ်ငန်းတွင် စိတ်ဝင်စားပြီး စိတ်အားထက်သန်စွာ လုပ်ဆောင်နိုင်သူဖြစ်ရမည်။အသက်(၂၀) မှ (၃၅) အတွင်းဖြစ်ရမည်။ဆက်ဆံရေး ကောင်းမွန်ပြေပြစ်သူ ဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။ ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး(၂)နှစ်ရှိပြီး (ခ)လိုင်စင် ကိုင်ဆောင် ထားသူဖြစ်ရမည်။အရောင်းလုပ်ငန်းတွင် စိတ်ဝင်စားပြီး စိတ်အားထက်သန်စွာ လုပ်ဆောင်နိုင်သူဖြစ်ရမည်။ ဆက်ဆံရေး ကောင်းမွန်ပြေပြစ်သူ ဖြစ်ရမည်။အရောင်းလုပ်ငန်း အတွေ့အကြုံရှိသူဦးစားပေးမည်။

အထက်ပါအချက်အလက်များနှင့် ပြည့်စုံသူများသည် (၃)လအတွင်းရိုက်ထားသော ဓါတ်ပုံ(၂)ပုံ ပညာ အရည်အချင်းအထောက်အထားမိတ္တူ မှတ်ပုံတင်မိတ္တူ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ ပြစ်မှုကင်းရှင်း ကြောင်းရဲစခန်းထောက်ခံစာ အလုပ်သမားမှတ်ပုံတင်မိတ္တူများနှင့် တစ်ကွ အမှတ်(၁၁၇)ဝါးတန်းလမ်း လမ်းမ တော်မြို့နယ်၊ရန်ကုန်မြို့ (ဖုန်းနံပါတ်- ၂၉၉၆၄/ ၂၉၉၅၆) သို့ (၁၀. ၅. ၂၀၁၄)ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

မင်းဓမ္မကုန်းတော်

လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

(ကျောက်တော်ကြီးဘုရား)

(၁၃)ကြိမ်မြောက် မျက်နှာသစ်တော်ရေကပ်လှူပူဇော်ပွဲ

(အစီအစဉ်)

နေ့ရက် • ၁၃-၄-၂၀၁၄ (ကြာသပတေးနေ့)

အချိန် • နံနက် (၆:၃၀) နာရီ

ဖုန်း - ၀၉ ၇၃၁၃၀၆၁၅

နှစ်(၄၀)ပြည့်ပတ္တမြားရတုမင်္ဂလာဆုတောင်း

ဦးမျိုးမြင့် (မဟာဝိဇ္ဇာ) (တက္ကသိုလ်မျိုး) နှင့် ဒေါက်တာ ညွန့်ညွန့်ရီ (ဟိုင်းမင်းသက်နှင်းတိုက်) တို့၏

(၅-၄-၂၀၁၄)ရက်နေ့တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာရက်မြတ်မှ မင်္ဂလာနှစ် စိန်ရတု တိုင်အောင် ... သည်။

သားကြီး - ဦးသက်အောင်+ဒေါ်မွလဲ့ဥ | သမီးကြီး - ဒေါ်အေးအေးသက်

သမီးလတ် - ဒေါ်အိအိသက် | သားငယ် - ဦးဇေမျိုးသက်

သမီးငယ် - ဒေါ်ခင်မျိုးသက်

မြေးများ - ...

NT 09 73130320 01 661668

တစ်နှစ်ပြည့်မွေးနေ့ဆုတောင်းလွှာ

ဖေဖေမေမေတို့ရဲ့ ဘဝထဲကို ပျော်ရွှင်စရာတွေ ယူဆောင်လာပေးတဲ့ ချစ်ရသော သမီးလေး **သက်မှူးသီဂီဇော်(ခ) Orchid** (5-4-2014)၏ (၁)နှစ်ပြည့်မွေးနေ့မှစ၍ နှစ်(၁၂၀)တိုင်အောင် တတ်သိလိမ္မာပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

နှစ်ဖက်သောဘိုးဘိုးဘွားဘွားဦးအောင်ပြည့်-ဒေါ်ခင်ဖြူ(ဥသျှစ်ပင်)
ဦးမြင့်ဦးလွင်-ဒေါ်မြင့်မြင့်စိန်(စမ်းချောင်း)

ဖေဖေ	**ဦးဇော်မင်းလှိုင်(3rd Engineer M.T.M Shipping)**
မေမေ	**ဒေါ်အိမြတ်ဖြူ(ခ)ပိုက်ပိုက်(B.A Geography)**
ဖေဖေ	**လင်းလင်း(2nd Engineer M.T.M Shipping) - မေမေ ဂျူးဂျူး**
မမ	**ပိုးရတုစည်သူ(ခ)Tulip/တီတီ ထိုက်ထိုက် B.E(E.C)**

စတုဘုမ္မိက သင်္ကြန်တွင်း (၇)ရက်တရားစခန်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၌ ဗုဒ္ဓအလိုကျ ရွှေမင်းဝံဌက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာန နာယက ဘဒ္ဒန္တကုမာရ သာသနဓဇမဟာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယမှ တရားစခန်းကို ဧပြီလ ၁၃ ရက်မှ ဧပြီလ ၂၀ ရက် နံနက်အထိ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ မှတ်ပုံတင်နှင့်တကွ ၁၂-၄-၂၀၁၄ ရက် ညနေ ၄ နာရီအရောက် သတင်းပို့ကြပါရန်နှင့် ဆက်သွယ်လိုပါက ဖုန်း-၀၁ ၅၇၁၉၂၉၊ ၀၉ ၄၂၁၀၃၉၇၇၄၆၊ ၀၉ ၄၂၁၀၂၃၉၈၀ တို့နှင့် ဆက်သွယ်နိုင်ပါကြောင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ (၂)လမ်း၊ အိမ်အမှတ်(၈၀)နေ ဦးကျော်လွင်-ဒေါ်လှလှမြင့်တို့၏အငယ်ဆုံးသား

မောင်ကျော်ဇေယျ B.Sc(I.C)

နှင့်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၅ ရပ်ကွက်၊ သိင်္ဂီ(၁)လမ်းမြောက်၊ အိမ်အမှတ်-၃၃(A)နေ ဦးလွင်နိုင်ဦး-ဒေါ်ခင်ငြိမ်းယုတို့၏သမီးကြီး

မသိမ့်သိမ့်စံ B.A(Psychology)

တို့သည် ၂၅-၃-၂၀၁၄ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း။

မောင်ကျော်ဇေယျ-မသိမ့်သိမ့်စံ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးသန်းဦး-ဒေါ်ရင်ရင်မေတို့၏သားကြီး

မောင်စည်သူအောင်

B.Sc(Physics), A.G..T.I(MT)

QA/QC Engineer (Hoe Hoe Eng Pte Ltd, Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းမြင့်အောင်-ဒေါ်အေးအေးလှိုင်တို့၏သမီးကြီး

မယုသန္တာအောင်(B.Arch)

Technical Officer(Lianbeng Group Construction Pte Ltd, Singapore)

တို့သည် ၁၆-၃-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူအောင်-မယုသန္တာအောင်

ဆေးရှေ့ဆောင် 09-449250191, 01-710082, 09-5073848, 09 420005278

ဆရာဦးမင်းသိန်း

နေ့ဟွားပေဒင်

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များ အထူး
09 - 73005053
09 - 5122010

ယူခနပလာဇာ-ယဉ်ယဉ်မိသားစု
အဆင့်မြင့်သင်္ကြန်ခရီးစဉ် ခရီးတိုင်းပြီး - 170000 Ks
April 12 to 16
Ph - 200747 - [1315,1325], 09-73009841
- L7 M10-M11

ရွှေဒေတ်မြန်မာ့တပ်မတော်မှတ်စုများ

နတ်မောက်ဘုန်းကျော်

အင်းလေးချမ်းမြေ့ (Travels & Tours)

Basic Engineering Course
Ph : (01) 377343, 377344, 385758, 386877, 392233

သင်္ကြန်အထူးဈေးလျှော့ (Special Discount)

နှစ်(၄၀)ပြည့်ပတ္တမြားရတုမင်္ဂလာဆုတောင်း

ဒေါက်တာဌေးလွင်-ဒေါ်ခင်မျိုးနုတို့၏ ၃၁-၃-၂၀၁၄ တွင် ကျရောက်ခဲ့သော ပတ္တမြားရတုမှ ရွှေရတု- စိန်ရတု တိုင်အောင် ပျော်ရွှင်လက်တွဲစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။ **တူ၊ တူမများနှင့်ချစ်မြေးများ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၆၆၆/ခ)၊ မြေကွက်တည်နေရာအမှတ် (အမှတ်-၆၆၆)၊ ရန်အောင်လမ်း၊ (၃/ရန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်အေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်အေး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်တင်ဝေ[၁၂/သဃက(နိုင်)၀၆၈၃၈၇]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၅၉၇/၁၄(၁၃-၃-၁၄)ဖြင့်ရရှိသူ ဦးကျော်တင်[၁၂/သကတ(နိုင်)၀၄၄၂၈၀]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/A၊ မြေကွက်အမှတ်-၅၊ ဧရိယာ-၀. ၂၉၆ဧက၊ မြေကွက်တည်နေရာအမှတ်-၅၃/က၊ မင်းကြီးလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးပီတာမလာထူး အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေ၏တစ်စိတ်တစ်ဒေသ ပေ(၂၈/၃၆×၇၈/၈၆)အား အရောင်းအဝယ်စာချုပ်အမှတ်-၄၂၂/၈၆(၇-၆-၈၆)၊ အပိုင်ပေးစာချုပ်အမှတ်-၁၆၉/၂၀၀၆(၉-၁-၂၀၀၆)ဖြင့် ပိုင်ဆိုင်လာသူ နော်နန်းတင်မှ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဦးလွင်-ကျောက်ဆည်ခရိုင် လမ်းမကြီးအနီး အမှတ်(၃)နယ်မြေ ပေ ၁၀၀ ပတ်လည် သိန်း ၆၀ နှင့် မြေကွက်များ အမြန်ရောင်းမည်။ ဖုန်း-၀၁-၈၆၁၀၂၇၅၊ ၀၉-၇၃၁၂၃၈၈၅

ပြောင်းလဲခေါ်ပါရန်

ဦးမြထွေး[၁၂/ကမတ(နိုင်)၀၄၀၃၃၅]၏သား မောင်ရဲပိုင်ဖြိုးအား မောင်ဝေလင်းထက်ဟုခေါ်ပါရန်၊ မောင်ဝေယံဖြိုးအား မောင်အေးချမ်းအောင်ဟုပြောင်းလဲခေါ်ပါရန်။

ငှားမည်

ဘောက်ထော်၊ ဖွံ့ဖြိုးအောင်အိမ်ရာ၊ ခြံအကျယ် ပေ(၉၅×၆၅)၊ အိမ် ပေ(၄၅×၅၅)၊ RC ၂ထပ်ခွဲ၊ 8 MBR,(1)BR၊ ဘိုထိုင်၊ ရေပူရေအေး တစ်အိမ်လုံးပါ၊ Air Con(၁၂)လုံး၊ 25KVA မီးစက်၊ ပါကေးခင်း၊ ဧည့်ခန်းကျယ်(၂)ခန်း၊ ဘုရားခန်း၊ ထမင်းစားခန်း၊ မီးဖိုသီးသန့်၊ အပေါ်ဆုံးထပ်တွင် လေ့ကျင့်ခန်းရန် ပေ(၄၅×၂၅)အကျယ် ဝရန်တာပါရှိ။ **(နိုင်ငံခြားသား အထူးသင့်တော်) (၁-လ သိန်း ၁၁၀)**

ဖုန်း-၀၉-၇၃၁၅၁၄၅၅၊ ၀၉-၅၀၅၄၇၈၂၊ ၀၉-၄၅၀၀၂၂၀၄၄၊ ၀၉-၅၀၂၉၉၂၀

ရွှေမင်း စည်း
အထွက်တိုးစပါးMR-219 မျိုးစေ့
09-259090055, 09-259090066